www.burmeseclassic.com

# မိုးခက်ငြိမ်းထက်

## တယ်လီဖုန်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၇၁၀၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၁၄၀၃၀၈

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | ခန့်မင်းထက် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၇၇/၁၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးပုံနှိပ်သူ | - | ဦးလှိုင်ဝင်းမိုး (တော်ဝင်မြူမာအော့ပ်ဆက်) |
| | | အမှတ်(၃၀-ခ)၊ သာယာကုန်းလမ်း၊ |
| | | ပုဇွန်တောင်မြို့နယ်။ |
| အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွာပုံနှိပ်တိုက်) |
| | | အမှတ်(၈၀/ခ)၊ သံလွင်လမ်း၊ |
| | | ယောန်မြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ ခုနှစ်၊ မေလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

မှာ မှုန်မှိုင်းမှိုင်းကောင်းကင်ကို မြင်နေရသည်။ ရှမ်းရိုးမ ပြာပြာပေါ် ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးက သင်းပျံ့သန့် ရှင်းလှ၏။ ငှက်တစ်အုပ်က ကောင်းကင်အညိုရောင်အောက်မှ လွတ်လပ်စွာ ပျံသန်းလာကြသည်။ ဖြိုးဝင်းထွန်းသည် ကားကို ရုတ်တရက် ရပ်လိုက်ကာ ထိုရှုခင်းကို လှမ်းငေး၏။

"လှလိုက်တာကွာ"

တစ်ယောက်တည်း ရေရွတ်သလိုလိုရှိသည်။ သို့သော်တစ်ယောက် ယောက်ကို လှမ်းကြည့်ပြောလိုက်သလိုလည်း ရှိ၏။ ကားထဲမှာ သူတစ်ယောက်တည်းမဟုတ် နောက်တစ်ယောက်က ပါသေးတာကိုး။

သူ့နာမည်က မိုးယံဇော်။

သူတို့နှစ်ယောက်လုံး အချစ်ဆုံးသူငယ်ချင်းတွေ။

ဖြိုးဝင်းထွန်းစကားကြောင့် မိုးယံကပါ ရှုခင်းကို လှမ်းကြည့်၏။

"မင်းပြောတာမှန်တယ် တော်တော်လှတာပဲ"

ဖြိုးဝင်းထွန်းက ကားပေါ်မှဆင်းကာ နောက်ခန်းတံခါးကို ဖွင့်လိုက်သည်။ ထို့နောက် ကင်မရာအိတ်ကို ထုတ်လိုက်ကာ မှန်ဘီလူး



www.burmeseclassic.com

www.burmeseclassic.com



ကို သေချာစွာတပ်ဆင်သည်။ ပြီးတော့ မြင်ကွင်းကို သေသေချာချာ လေ့လာသည်။ လိုက်တင်အပေးအယူကို စဉ်းစားသည်။

(Pro) ကင်မရာသမားတစ်ယောက် မဟုတ်သော်လည်း အပျော်တမ်း ကင်မရာသမားတစ်ယောက်အနေနှင့်တော့ သိသင့်သိထိုက်တာလေးတွေသိထားသည်။

ဘယ်ပုံကို ဘယ်ထောင့်က ဘယ်လိုက်တင်အခြေအနေမှာ ရိုက်ရင် ဘယ်လိုပုံမျိုးထွက်လာနိုင်သည်ဆိုတာလောက်တော့ သူသိသည်။ အခုလည်း ထိုအခြင်းအရာတွေအားလုံး လေ့လာပြီးတော့ ကင်မရာချိန်ပေါက်ကို မျက်လုံးပေါ်တင်လိုက်ချိန်တွင် . . . .

"ဟော့ကောင် . . . ကိုဖြိုး ခဏနေဦး။ ဟိုးမှာတွေ့လား။ ကောင်လေးတစ်ယောက် ကျွဲစီးလာတာ . . . အဲဒါလေးပါပါအောင် ခဏစောင့်လိုက်ပါလား"

ဖြိုးဝင်းထွန်းက ကင်မရာကို ပြန်ချကာ မိုးယံပြတဲ့နေရာကို လှမ်းကြည့်သည်။

မှန်သည်။ ကောင်လေးတစ်ယောက် ကျွဲစီးလာသည်။ လက်ထဲမှာ ပလွေလေးတစ်လက်တောင် ပါလိုက်သေးသည်။ ခါးကြားမှာ လေးခွတစ်လက်ထိုးကာထား၏။

ဖြိုးဝင်းထွန်း သဘောကျစွာ ပြုံးလိုက်မိ၏။ ပြီးတော့ မိုးယံပခုံးကို လှမ်းရိုက်လိုက်ကာ . . . .

"ငါ့တပည့်တွေထဲမှာ မင်းအတော်ဆုံးပဲ"

"သေချင်းဆိုး"

ဖြိုးဝင်းထွန်းက ပြုံးရင်း ကျွဲစီးလာသော ကောင်လေးကို သူလိုချင်တဲ့ မြင်ကွင်းထဲရောက်အောင် စောင့်သည်။

ခဏကြာတော့ လိုချင်တဲ့အနေအထားရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကင်မရာကို သေချာစွာချိန်သည်။ ကျေနပ်လောက်တဲ့ အနေအထားရောက်တော့ ကင်မရာခလုတ်ကို ညင်သာစွာ နှိပ်လိုက်ပါတော့သည်။

"ချပ်"

"ချပ်"

"ချပ်"

"ချပ်"

ပတ်ဝန်းကျင်တစ်ခုလုံး လေတိုးသံမှအပ အရာအားလုံးငြိမ်သက်လျက်ရှိ၏။ ကင်မရာသံတချပ်ချပ်အောက်တွင် ပုံပေါင်းများစွာသည် ကင်မရာထဲသို့ ရောက်ကာသွားသည်။

ရန်ကုန်-မန္တလေး ဟိုက်ဝေးလမ်းမကြီး၊ ပြီးတော့ ပါဂျဲရိုး အမျိုးအစား ကားတစ်စီး၊ ကောင်လေးနှစ်ယောက်၊ ကင်မရာတစ်လုံး။

ပြီးတော့ . . . .

သူတို့ မသိနိုင်တဲ့ အနာဂတ်တစ်ခု . . . .။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

www.burmeseclassic.com

www.burmeseclassic.com



အရာရာကိုသာ ကြိုသိနိုင်မယ်ဆိုရင် လူတိုင်းဟာ ကြို
တင်ပြင်ဆင်မှုတွေ ရကြမှာပါ။

ဒါပေမဲ့ လောကကြီးက အရာရာကို ကြိုသိခွင့်ပေးမထား
ပါဘူး။ ဒါကြောင့် . . .

သူတို့နှစ်ယောက်ဟာလည်း . . .

www.burmeseclassic.com

www.burmeseclassic.com



# Hello . . . . . ရေ !

www.burmeseclassic.com

www.burmeseclassic.com



ခါးကြားမှ ဟမ်းဖုန်း၏ တုန်ခါမှုကြောင့် ကိုဖြိုး ကားကို အရှိန်နည်းနည်း လျှော့လိုက်သည်။

“တယ်လီဖုန်း မိသွားပြီကွ။ ကျောက်ဆည်နား နီးနေပြီ”

ပြောရင်းနှင့် ဖုန်းကို လှမ်းကိုင်လိုက်၏။

“ဟယ်လို”

“. . . . .”

ဟိုဘက်က ရုတ်တရက် တုံ့ပြန်သံမကြားရ။ ကိုဖြိုး နောက်တစ်ခေါက်ထပ်ပြောသည်။

“ဟယ်လို”

ပထမလိုပဲ ငြိမ်သက်နေဆဲ . . . .

ကိုဖြိုး မျက်မှောင်ကြုတ်ရင်း တယ်လီဖုန်းပေါ်မှ နံပါတ်ကို ကြည့်လိုက်သည်။

နံပါတ်ကအစိမ်း။ သူမသိ။ ကြည့်ပြီးတော့ တယ်လီဖုန်းကို နားမှာပြန်ကပ်လိုက်သည်။ ဟိုဘက်က ဖုန်းကျသွားပြီ။

“ဘယ်ကဖုန်းလဲ”

www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူးကွာ။ လိုင်းသိပ်မမိလို့ထင်တယ် . . . ဘာမှ မကြားရဘူး"

မိုးယံ ဘာမှ ဆက်မမေးတော့ဘဲ ကားထဲမှာ ဖွင့်ထားတဲ့ ကက်ဆက်ကို နည်းနည်းထပ်ကျယ်လိုက်၏။ ဖွင့်ထားတဲ့သီချင်းက ဇော်ဝင်းထွဋ်ရဲ့ 'မျှော်လင့်ခြင်းကမ်းခြေ' . . .။

သီချင်းမှာ နှစ်ယောက်လုံး စီးမျောနေစဉ် ကိုဖြိုးဖုန်းက နောက်တစ်ခေါက် ထပ်လာပြန်သည်။ နံပါတ်ကို ကြည့်လိုက်တော့ ခုန သူ့ဆီ ဆက်ထားတဲ့နံပါတ်။

"ဟယ်လို"

ဟိုဘက်က တုံ့ပြန်သံမကြားရ။ ကိုဖြိုး နည်းနည်းတော့ စိတ်တိုသွားသည်။

"ဒီမှာ . . . စကားမပြောတတ်ဘူးလား"

ဟိုဘက်က ရယ်သံလိုလို သဲ့သဲ့ကြားရသည်။ တော်တော်ကြာတော့မှ . . .

"ဟယ်လို . . . ရေ"

နူးညံ့ချိုသာသော အသံလေးတစ်ခု။ သဲကန္တာရမှာ ရေငတ်နေတုန်း အိုအေစစ်ထဲ ဒိုင်ဗင်ထိုးကျသွားသလို တစ်ဖက်သားကို ခံစားသွားစေတဲ့အသံလေး။

ကိုဖြိုး အံ့ဩသွားသည်။ ပြီးတော့ ခုန မာမာတင်းတင်း ပြောလိုက်တဲ့စကားကြောင့် ဘာကြောင့်မှန်းမသိ အားနာသွားမိ၏။

ကောင်မလေးက နောက်တစ်ခေါက် ထပ်ပြောသည်။

"ဟယ်လို . . . ရေ"

"ဗျာ"

"မဗျာနဲ့လေ . . . ခုန ဘာလို့ အော်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မအော် . . . မအော်ပါဘူး"

-"အော်ပါတယ် . . . စကားမပြောတတ်ဘူးလား၊ ဘာလားနဲ့ ပြောတာလေ။ အဲဒါ အော်တာပေါ့"

ကိုဖြိုး ပြုံးလိုက်သည်။

"အခု ပြောနေတာ ဘယ်သူလဲ ဟင်"

ကောင်မလေးက ခဏတော့ ငြိမ်သွား၏။ ပြီးမှ . . .

"တစ်ယောက်ယောက်ပေါ့"

ကိုဖြိုးတစ်ချက် ရယ်လိုက်သည်။

"မနောက်ပါနဲ့ . . . ပြောပါ . . . ဘယ်သူလဲ"

ကောင်မလေးက ဖုန်းထဲမှ တစ်ချက်ရယ်ပြပြီး . . .

"ပြောတော့ရော သိမှာလား"

"ပြောကြည့်ပေါ့"

ကိုဖြိုးနဲ့ ကောင်မလေး အပြန်အလှန်ပြောနေတာကို မိုးယံက လှည့်ပြီးပြီး လေသံလေးနှင့် . . .

"ဘယ်သူလဲ"

ကိုဖြိုးက အသာနေဆိုတဲ့ပုံစံ လုပ်ပြကာ ဖုန်းကို အာရုံပြန်စိုက်သွားသည်။ မိုးယံ ခေါင်းကိုကုပ်ကာ ပြန်လှည့်သွား၏။

"ဘယ်သူလဲလို့ မေးနေတယ်လေ၊ ပြော . . . "

"ပြောဘူး"

"ဟာ . . . ဘယ်လိုလေးလဲဟ"

"ဒီလိုပဲပေါ့ဗျ"

ကိုဖြိုး ကောင်မလေးနဲ့ စကားပြောရတာကို ပျော်လာသည်။ ဘယ်သူမှန်းမသိတဲ့ကောင်မလေး။ ပြီးတော့ အသံလေးက ချစ်စရာလေး။ မိုးယံက ကိုဖြိုးကိုကြည့်ကာ စုတ်တစ်ချက်သပ်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကားလည်း ကြည့်မောင်းဦး။ သေနေဦးမယ်"

ကိုဖြိုး မိုးယံစကားကို အဖက်တောင်မလုပ်တော့။

"ဟိတ် . . . မေးနေတယ်လေ။ ဘယ်သူလဲလို့။ ပြီးတော့ ဘာ ရည်ရွယ်ချက်လဲ"

ကောင်မလေးက တခစ်ခစ် ရယ်ပြကာ . . .

"ဘယ်သူလဲဆိုတော့ ကောင်မလေးတစ်ယောက်။ ရည်ရွယ်ချက်က ခင်ချင်လို့"

"အလို"

"အလို မလုပ်နဲ့ . . . ဟယ်လိုလုပ်"

"ဘာလို့ လုပ်ရမှာလဲ"

"ခစ် . . . ခစ် . . . ခစ် . . . ခစ်"

ကိုဖြိုး ခေါင်းကိုကုပ်သည်။ ရုပ်ရှင်မင်းသားလည်း မဟုတ်ဘဲ နဲ့ အသားလွတ်ကြီး မိတ်ဆက်ခံနေရသော သူ့အဖြစ်ကိုအံ့ဩနေ၏။ သို့သော် ဒီခေတ်ကြီးမှာတော့ ဒါက ထူးဆန်းတဲ့အရာတစ်ခု မဟုတ်တော့။ ဒီလိုပဲ ဖုန်းတွေဆက်ပြီး နောက်နေပြောင်နေကြတာပဲဖြစ်၏။

"ဟားပါတော့ ကိုယ့်ကို ခင်ချင်တယ်ဆိုတော့ မင်းက ကိုယ့်ကို သိလို့လား"

ကောင်မလေးက စဉ်းစားသလို ဖာစ်ချက်လုပ်ပြီးမှ . . .

"သိပါဘူး"

"အွန် . . . မသိဘဲနဲ့"

"အခု သိပြီပဲ"

"ဘယ်မှာ သိလို့လဲ"

"အခုသိပြီလေ . . . ဖုန်းထဲမှာ"

ကိုဖြိုး ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။ သူ့ဇာ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



ဆက်မပြောခင် ကောင်မလေးကဆက်ပြီး . . .

"ကိုယ့်အသံက ဆွဲဆောင်မှုရှိတယ်နော် . . . စကားပြောလို့ကောင်းမယ့်ပုံ"

ကိုဖြိုး ရုတ်တရက် ရင်ဖိုသွားပြီး မြောက်ကြွမြောက်ကြွ ဖြစ်သွားကာ လီဗာကို ယောင်ပြီး ဖိနင်းမိလိုက်သည်။ ကားအရှိန်က ရုတ်တရက်ကြီး ထမြန်သွား၍ မိုးယံက . . .

ဟေ့ကောင် . . သူတောင်းစား။ ဘာဖြစ်လို့ စွတ်မောင်းနေတာလဲ။ မြို့ထဲမှာ ဆိုက္ကားတွေ၊ စက်ဘီးတွေ ဒီလောက်ရှုပ်နေရတဲ့ကြားထဲ။ တိုက်မိလို့ ထောင်ကျသွားမယ် ဘာမှတ်လဲ"

ကိုဖြိုးက တိတ်တိတ်နေဆိုတဲ့ ပုံစံမျိုး လက်ညှိုးကို ပါးစပ်ဝမှာ တပ်ပြလိုက်သည်။ မိုးယံတစ်ယောက် စိတ်ညစ်သွားသည်။ ဒီအရူးကို ဘယ်သူကများ ဖုန်းဆက်နေပါလိမ့်ဟု တွေးနေမိ၏။

စကားအသွားအလာကို ကြည့်ရတာတော့ အခုမှသိကျွမ်းပုံရသည့်ပုံစံမျိုး။ ဒီခေတ်မှာ ဒါမျိုးကိစ္စတွေ တော်တော်ပေါသည်။ မနေ့ကလည်း သူ့ဆီ massage တစ်စောင်ဝင်လာသည်။ ဖတ်ကြည့်တော့ ပေါက်ကရလေးဆယ်တွေ လျှောက်ရေးထား၏။ ဘာ. . . တဲ့။

"I am tree, U r Monkey" တဲ့။

ဒီလိုနဲ့ပဲ သူ့ဘဝက မျောက်ဖြစ်သွားခဲ့ရ၏။ မိုးယံ ထိုအဖြစ်အပျက်ကိုတွေးရင်း ပြုံးနေမိ၏။ သူ့ဘက်က ဖုန်းပြန်ဆက်တော့လည်း ဟိုဘက်က ဖုန်းမကိုင်ပေ။

မိုးယံ ကိုဖြိုးကို လှည့်ကြည့်မိသည်။ ကိုဖြိုး ကားမောင်းရင်း ပြုံးစေ့စေ့ကြီးလုပ်နေတာကို တွေ့ရသည်။ ဖုန်းတော့ ပြောပြီးသွားပြီ။

မိုးယံ ကက်ဆက်ကိုပြန်ကျယ်လိုက်သည်။ ဇော်ဝင်းထွဋ်ရဲ့ မျှော်လင့်ခြင်းကမ်းခြေက စိတ်ကူးထဲပြန်ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ မိုးယံက မနေနိုင်၍

"ခုန ကောင်မလေးက ဘယ်သူလဲ"

ကိုဖြိုးက ကြာကူလီပြုံး ပြုံးရင်း ခေါင်းခါပြကာ . . .

"ဘယ်ပြောမလဲ . . . သတ်ရင်သတ်"

မိုးယံ စုတ်တစ်ချက် သတ်ကာ ပြန်လှည့်သွားပါတော့သည်။

ကျောက်ဆည်မြို့အထွက်က စိမ်းညို့လှပသော တောင်တန်းကြီးများကို မြင်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ပန္တာလေး ကိုရောက်တော့ နှစ်ယောက်စလုံး ယောင်ချာချာဖြစ်နေသည်။ ခရီးသာထွက်လာရသည်။ နှစ်ဦးသား ဘာရည်ရွယ်ချက်မှ မရှိ။ အပျော်ခရီးထွက်လာခြင်းလည်းမဟုတ်။ အလုပ်ကိစ္စနဲ့လာခဲ့ခြင်း လည်းမဟုတ်ပေ။ ဘာကြောင့်ထွက်လာသလဲလို့ မေးရင်လည်း ရည်ရွယ်ချက်က အတိအကျမရှိပေ။ မရှိတဲ့ ရည်ရွယ်ချက်ကို ရှိအောင်လုပ်ပြီး ပြောရရင်တော့ စိတ်ညစ်လို့၊ ပြီးတော့ စိတ်လေနေလို့။ ဒါပဲရှိ၏။

စိတ်ညစ်၊ စိတ်လေရတဲ့အကြောင်းကလည်း စာမေးပွဲကျလို့ပဲ ဖြစ်သည်။ ဆယ်တန်းစာမေးပွဲတော့ မဟုတ်။ တက္ကသိုလ်စာမေးပွဲ . . .

ကိုဖြိုးက ဆေးတက္ကသိုလ် Final Part II ကို ကျသည်။ မိုးယံက YTU Final Year ကိုကျသည်။ အဲဒီတော့ အိမ်တွေကဆူသည်။ သူတို့နှစ်ယောက်လုံးရဲ့အိမ်တွေက ချမ်းသာကြွယ်ဝ၍ သားတွေကို အလိုလိုက်ထားသော်လည်း ဒီလို စာမေးပွဲကျရလောက်အောင် ပေါ့ပျက်ပျက်နိုင်တာမျိုးကိုတော့ လက်မခံပေ။ ဒါကြောင့် ဆူသည်။ ဆွေမျိုးတွေက အထင်သေးစကားဆို၏။ သူတို့ဘဝမှာပိုက်ဆံမလို၊ ပညာတတ်ဖြစ်ဖို့သာ အဓိက အရေးကြီးကြောင်း ဝိုင်းပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးယံနဲ့ ကိုဖြိုးကလည်း သူငယ်တန်းကတည်းက နေလာကြသူ အတွဲဖြစ်၍ နှစ်အိမ်လုံးကလည်း တစ်အိမ်နဲ့တစ်အိမ် အလွန်ရင်းနှီး ကြသည်။ ထို့ကြောင့် ဟိုအိမ်သွားလည်ရင်လည်း ဆူခံရသည်။ ဒီအိမ်သွား လည်တော့လည်း အပြောခံရသည်။

ဒီလိုနဲ့နှစ်ယောက်စလုံး စိတ်ညစ်ပြီး အိမ်တွေ ခွင့်တောင်းကာ ထွက်လာကြ၏။ အပျော်ခရီးသက်သက်တော့မဟုတ်။ စိတ်ညစ်လို့။ တော့ စာမေးပွဲကျလို့။ အိမ်တွေကလည်း နောက်တစ်နှစ်အောင်ဖို့ ရေး ကတိအထပ်ထပ်တောင်းကာ သူတို့ကို လွှတ်လိုက်ကြပါတော့ သည်။

အခုတော့ သူတို့ မန္တလေးကိုရောက်ပြီး ဘာလုပ်ရမှန်းမသိ ဘာကိုင်ရမှန်းမသိ ဖြစ်နေစဉ် ကိုဖြိုးက . . . .

"ဘယ်မှာတည်းမလဲ"

"တည်းချင်တဲ့ နေရမှာတည်းကွာ"

မိုးယံက စိတ်မရှည်သလို ပြောတော့ . . .

"ဘုန်းကြီးကျောင်းမှာ တည်းမလား"

မိုးယံက ကိုဖြိုးကို ဘုကြည့်လှမ်းကြည့်၏။ ရွဲ့ပြောတဲ့စကားမှန်း သိ၍ သူကလည်း ပြန်ရွဲ့လိုက်ကာ . . .

"ဘုန်းကြီးကျောင်းထက်စာရင် ဇရပ်က ပိုလွတ်လပ်တာပေါ့ ကွ။ ငါ ဒို့ မန္တလေးတောင်ခြေက ဇရပ်တွေမှာ သွားတည်းရအောင်"

ကိုဖြိုးက အားရပါးရ ရယ်လိုက်သည်။ မိုးယံလည်း အားရပါးရ ရယ်လိုက်၏။

ဒီလိုနဲ့ပဲ သူတို့ ခမ်းနားသန့်ပြန့်သော ဟိုတယ်တစ်ခုမှာ တည်းလိုက်ကြ၏။

ဟိုတယ်၏ မွှေးပျံ့သောရနံ့၊ ခမ်းနားသန့်ပြန့်သော အပြင်



www.burmeseclassic.com

www.burmeseclassic.com



အဆင်များကြောင့် ခရီးပန်းလာသော စိတ်များခဏမျှ လွင့်စင်သွား၊

ရေချိုးပြီးသွားတော့ ကိုဖြိုးက ခုတင်ပေါ် လှဲပြီး မျက်လုံးမှေးနေသော မိုးယံကို လှမ်းကြည့်ကာ။

"ဟော့ကောင် အပျင်းထူမနေနဲ့။ ဘယ်သွားကြမလဲ"

မိုးယံက မျက်လုံးမဖွင့်ဘဲနဲ့ ပါးစပ်ကပင် ပြန်ပြောသည်။

"ဘယ်မှ မသွားချင်ဘူး။ ပင်ပန်းတယ်"

"ပင်ပန်းရင် သေလိုက်"

"အေး . . . အခု အိပ်တော့မလို့။ တိတ်တိတ်နေ"

ကိုဖြိုး ခေါင်းကုတ်ရင်း တစ်ဖက်က ခုတင်မှာ သွားလှဲ၊ လိုက်သည်။ သူလည်း ပင်ပန်းနေပြီဖြစ်သည်။ ရေချိုးပြီးသွားတော့ လ သွားသလိုလိုရှိသော်လည်း ခုတင်ပေါ် လှဲလိုက်တော့ အိပ်ချင်လာ ထို့ကြောင့် မျက်လုံးလေးမှေးပြီး တောင်တွေး၊ မြောက်တွေး လုပ်မိ လိုက်သည်။

သူ ဘာလို့ စာမေးပွဲ ကျရတာလဲဆိုတာကစတွေးသည်။ စေ့စေ့ပေါက်ပေါက် တွေးကြည့်မှ အဖြေကိုသွားတွေ့၏။

စာမကျက်လို့ကျတာ။

နောင်နှစ်ဆိုရင်တော့ အပျော်အပါးတွေလျှော့ပြီး စာပြလို့ပဲ ကျက်တော့မည်ဟု တွေးထား၏။ နောက်တော့ နေ့ခင်းက "ဟယ်လို . . . ရေ" လို့ ထူးထူးခြားခြားလေး ပြောတတ်သည့် ကောင်မလေး ... ခုဝင်း . . . . .

ဘယ်သူတစ်ဦးတစ်ယောက်မှ တယ်လီဖုန်းထူးရင် "ဟယ်လို . . . . ရေ"ဆိုပြီး "ဟယ်လို"နောက်က "ရေ"ဆိုတဲ့စကားလုံးကို မသုံးတတ်။ ဒီကောင်မလေးကျမှ ဟယ်လိုနဲ့ ရေနဲ့ကို တွဲသုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



အသံလေးနဲ့ ထူးလိုက်တဲ့ စကားလုံးအတွဲအစပ်က လိုက်ဖက်သည်ဟု ကိုဖြိုးတွေး၏။

ဘယ်ကကောင်မလေးလဲ . . . ။

ပြီးတော့ ဘယ်သူလဲ . . . . ။

တွေးရင်း တွေးရင်းနှင့် သူအိပ်ချင်လာသည်။

နောက်ဆုံးတော့ ဘယ်အချိန် အိပ်ပျော်သွားမှန်းမသိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ပန္တလေး တောင်၏ ရှုခင်းကို ကင်မရာတစ်လုံး ပိုက်ပြီး ဖြိုးဝင်းထွန်း လိုက်ကြည့်မိ၏။ စစ်ကိုင်းတောင်ဘက်က စိမ်းညို့ညို့ ရှုခင်းတွေက တော်တော်လှ၏။ ကင်မရာကို သေချာချိန်ကာ တစ်ပုံ ရိုက်လိုက်၏။ ဒစ်ဂျစ်တယ် ကင်မရာဖြစ်၍ ပုံကို ကင်မရာ Screen ပေါ်မှာ ပြန်ကြည့်လိုက်သည်။ သိပ်မကြိုက်သေး၍ နောက်တစ်ပုံထပ် ရိုက်မလို့ လုပ်စဉ် . . .

"ဟော့ကောင် ဟိုဘက်နားက ဆိုင်က ကောင်မလေးက တော်တော်လှတယ်ကွ သိလား"

ကိုဖြိုး ကင်မရာကို မရိုက်သေးဘဲ မိုးယံကို လှည့်ကြည့်လိုက်သည်။ မိုးယံက ကိုဖြိုးကို ပြုံးဖြဲဖြဲလုပ်ပြကာ . . . .

"သိပ်သတိမထားမိလိုက်ဘူး။ ဘာဖြစ်လဲ"

"လှတယ်လို့"

"မင်းခုန ဘယ်ရောက်သွားတာလဲ"

"အဲဒီဆိုင်ကို ပြန်သွားတာ။ ဒီမှာလေ ရေသန့်ဘူးဝယ်ပြီး ပြန်လာတာ"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုပြီး သူ့လက်ထဲက ရေသန့်ဘူးကို မိုးယံက ထောင်ကာပြ၏။ ကိုဖြိုးက ပြုံးလိုက်ကာ . . .

"အဲဒါ ဘာဖြစ်လဲ"

မိုးယံက

'သွားကြရအောင်ကွာ"

"ဟာ . . . မသွားချင်ဘူး။ ဒီမှာ ခတ်ပုံရိုက်နေတာ မမြင်ဘူးလား"

မိုးယံ ခေါင်းကိုကုပ်လိုက်သည်။ ခဏနေမှ -

"မသွားချင်ရင်လည်း ရေသောက်ကွာ . . . ရော့"

ဆိုပြီး ရေသန့်ဘူးကြီး ထိုးပေးသည်။ ကိုဖြိုးက . . .

"ဘာလို့သောက်ရမှာလဲ။ ငါမှ ရေမဆာတာ"

မိုးယံက မျက်နှာငယ်လေးနှင့် . . .

"မဆာလည်း ကြိတ်မှိတ်ပြီး နည်းနည်းတော့သောက်ပါကွာ နော်"

"ဟာ . . . သောက်ချင်ပါဘူးဆို . . . ဘာလို့ အတင်းတိုက်နေရတာလဲ"

"ငါတစ်ယောက်တည်း မနိုင်လို့ပေါ့ကွ။ မင်းပါကူသောက်ပေးရင် ခဏလေး ကုန်သွားမှာ။ အဲဒါမှ ငါနောက်တစ်ဘူး သွားဝယ်လို့ရမှာ"

ကိုဖြိုး ခေါင်းကို ကုပ်လိုက်၏။ စိတ်လည်း တော်တော်ညစ်သွားလေသည်။ ဒီကောင်နဲ့တော့ ခက်ပြီ။ ရေလည်း မသောက်ချင်၍ တော်တော်စိတ်ညစ်ရ၏။

နောက်ဆုံး အတင်းတိုက်၍ တစ်ငုံသောက်လိုက်ရသည်။ ရေဘူးက သုံးပုံတစ်ပုံလောက် ကုန်သွား၏။ ကျန်တဲ့ နှစ်ပုံကို မိုးယံက အတင်းဖျစ်ညှစ်သောက်သည်။ ကုန်ခါနီးလက်နှစ်လုံးလောက်အရောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



မသောက်နိုင်၍ ရပ်ကာသွား၏။

ထို့နောက်ရေဘူးကို သွန်လိုက်ပြီး အခွံကို ပြန်ယူကာ ထွက်သွားတော့သည်။ ကိုဖြိုး၊ မိုးယံအဖြစ်ကို ကြည့်ရင်း ခေါင်းရမ်းကာ ကျန်ခဲ့လေတော့သည်။

မိုးယံကတော့ ဗိုက်ကားနေတဲ့ကြားက တက်ကြွသော ခြေလှမ်းများနဲ့ ဆိုင်လေးရှိရာသို့ သုတ်ခြေတင်သွားပါတော့သည်။

ဆိုင်ရှေ့ရောက်တော့ ကောင်မလေးက ကြောင်တောင်တောင်နဲ့မိုးယံကို ကြည့်လေသည်။ မိုးယံက ကောင်မလေးကို ပြုံးပြလိုက်ကာ . . .

"ရေလေး နောက်တစ်ဘူးပေးပါဦး။ သောက်လိုက်တာ ကုန်သွားပြီ"

ဆိုပြီး ရေဘူးအလွတ်ကို မယုံယုံအောင် ထောင်ပြလိုက်၏။ အမှန်တော့ မိုးယံကြောင်တာပဲဖြစ်သည်။ ဆိုင်တစ်ဆိုင်မှာ ရေသန့်ထပ်ဝယ်တဲ့ကိစ္စက ဘူးခွံအလွတ်ကို ပြစရာမလိုပေ။ အမှန်တော့ သူ့ကိုယ်သူ မလုံမလဲ ဖြစ်ပြီး ကြံမိကြံရာတွေ လျှောက်လုပ်မိခြင်းပင်ဖြစ်လေသည်။

ကောင်မလေးက မိုးယံအဖြစ်ကို ကြည့်ကာပြုံးရင်း နောက်တစ်ဘူးထုတ်ပေးဖို့လုပ်၏။ ကောင်မလေး ရေဘူးထုတ်ပေးဖို့လုပ်စဉ် မိုးယံ စဉ်းစားသည်။

ဒီရေဘူးဝယ်ပြီး ပြန်သွားရင် နောက်တစ်ဘူး ဝယ်ဖို့ဆိုတာ ဖြစ်နိုင်တော့မည်မဟုတ်။ ထပ်လည်းသောက်နိုင်တော့မည်မထင်။ အခုတောင် လိမ်းလျှောက်ရင် ဗိုက်ထဲက ရေသံတွေတောင် ကြားနေရသည်။ ဒီတော့ ကောင်မလေးနဲ့ အချိန်ကြာကြာလေး တွေ့ရအောင် ဘယ်လိုကြံစည်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"စကားပြောရအောင် ညီမလေးရယ်"ဆိုပြီး ပေါ်တင်ကြီး ရပ်နေလို့ရတဲ့ ကိစ္စလည်းမဟုတ်။ ကောင်မလေးက မျက်ခုံးကောင်း ကောင်းလေးနှင့် နှာတံပေါ်ပေါ်လေးဆိုတော့ စကားရောဖောရောလေး လည်းလုပ်ချင်မိ၏။

တွေးနေစဉ်မှာပင် ရေဘူးက လက်ထဲရောက်လာတော့၏။ မိုးယံ ယောင်ချာချာနဲ့ ရေဘူးကို လှမ်းကိုင်လိုက်ရင်း ယောင်ပေပေကြီး ရပ်နေကာ . . .

"ဟို . . . ဟိုဟာလေ . . . ညီမလေးက ဒီမြို့ကပဲလားဟင်"

"ရှင် . . ."

"ဟို . . . မန္တလေးကပဲလားလို့ မေးတာ"

ကောင်မလေးက ပါးစပ်က မပြောဘဲ ခေါင်းညိတ်ပြတော့ မိုးယံ လက်ဖျောက်တစ်ချက် တီးလိုက်ကာ . . . .

"ဒါဆို အတော်ပဲ . . .။ ကျွန်တော် မေးစရာလေးရှိလို့"

"မေးလေ"

"ဟိုနားမှာ မန္တလေးတောင်ပေါ်က ကြည့်ရင် မြင်ရတဲ့ အဆောက်အဦကြီးက အရမ်းခမ်းနားတာပဲ။ ဘာဟိုတယ်လဲ သိချင် နေတာ။ ဘယ်သူ့မေးရမှန်း မသိဘူး"

ကောင်မလေးက မျက်ခုံးလေးကျုံ့ကာ စဉ်းစားသလို လုပ်ရင်း

"နိုဗိုတယ် ဟိုတယ်ကို ပြောတာလား"

"နိုဗိုတယ် မဟုတ်ဘူး။ နိုဗိုတယ်ကိုသိတယ်။ ဟိုဘက်နားမှာ လာကြည့်ပါလား"

ကောင်မလေးက ဘေးဝဲယာကို စူးစမ်းသလိုကြည့်ပြီး ခပ်တွေ တွေလေးဖြစ်သွားသည်။ လိုက်ကြည့်သင့်၊ မကြည့်သင့်ကို စဉ်းစားနေပုံ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးယံကလည်း တောင်းပန်တိုးလျှိုးတဲ့ အမူအရာလေးနဲ့ ထပ်ပြောတော့ အားနာသွားဟန်တူသည်။ ကိုယ့်မြို့ကိုယ့်ရွာကို လာလည်တဲ့ ဧည့်သည်တစ်ယောက်ရဲ့ မသိနားမလည်တာကို လိုက်ရှင်းပြရမည့် မြို့ခံတစ်ယောက်ရဲ့ စိတ်ဓာတ်ကို သဘောပေါက်သွားဟန်တူ၍ . . .

"လိုက်ကြည့်ပေးမယ်လေ။ ဒါပေမဲ့ ခဏစောင့်နော်။ ဆိုင်မှာ ကျွန်တော်တစ်ယောက်တည်း ဖြစ်နေလို့။ အကူစောင့်ကောင်လေး ရောက်လာရင် လိုက်ခဲ့မယ်"

မိုးယံ တော်တော်ပျော်သွား၏။ ဒီကောင်မလေးနဲ့ တွဲသွားတုန်း ဟိုကောင်တွေ့သွားရင် သူ့ကို နေ့ချင်းညချင်း အထင်ကြီးသွားနိုင်သည်။ သူ့ရဲ့ လုပ်ရည်ကိုင်ရည်ကိုလည်း သဘောကျသွားနိုင်၏။ ဒီလိုနဲ့ မိုးယံတွေးကာ ပျော်နေစဉ် ကောင်လေးတစ်ယောက် ဆိုင်ရောက်လာသည်။ ကောင်မလေးက ကောင်လေးကို မှာသင့်တာမှာပြီး မိုးယံနောက်က လိုက်လာသည်။

ရင်ပြင်တော်ပေါ် ခပ်ခွာခွာလေးမှ တွဲလျှောက်စဉ် မိုးယံ ရင်တွေ တော်တော်ခုန်လာသည်။ ထိုရင်ခုန်သံကို ကိုယ့်ကိုယ်ကိုယ် ဝေခွဲလို့မရ။ မိန်းကလေးလှလှတစ်ယောက်နဲ့ တွဲလျှောက်လို့ ဖြစ်ပေါ်လာတဲ့ ယောကျ်ားလေးတစ်ယောက်ရဲ့ ရင်ခုန်သံလား၊ ဒါပဲဖြစ်ဖို့ များသည်။

အခုမှ စတွေ့ခါစဖြစ်၍ အချစ်ကြောင့် ဖြစ်ပေါ်လာသည့် ရင်ခုန်သံတော့မဖြစ်နိုင်။ တစ်နေရာအရောက်တွင် မိုးယံက ရပ်လိုက်ကာ ရင်ပြင်တော်ကို ပတ်၍ ကာထားသော ကွန်ကရစ်လက်ရန်းနားသို့ လှမ်းသွားလိုက်၏။ ကောင်မလေးကလည်း နောက်ကျောမှ ပါလာသည်။

ခပ်လှမ်းလှမ်းမှ ကိုဖြိုးသည် ဓာတ်ပုံကင်မရာကို ချိန်ရင်း မိုးယံတို့ကို တွေ့သွားကာ မျက်မှောင်ကျုံ့သွား၏။ ဘယ်လိုတွေ ဖြစ်ကုန်ပါလိမ့်ဆိုပြီး အံ့သြသွားပုံလည်းရသည်။ မိုးယံက ကိုဖြိုးအဖြစ်ကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ပျော့သွား၏။ ထို့နောက် မျက်စိတစ်ဖက်မှိတ်ပြကာ လက်ငါး ချောင်းကို ဖွင့်ချည်ပိတ်ချည်လုပ်၍ ကောင်မလေး မမြင်အောင်ပြ၏။

ကိုဖြိုး သဘောပေါက်သွားသည်။ ဒါ ဓာတ်ပုံလှမ်း ရိုက်ခိုင်းတာ။ အလိုက်သိစွာပင် ခပ်လှမ်းလှမ်းသို့ လျှောက်သွားကာ Zoom ဆွဲ၍ ဓာတ်ပုံရိုက်ပေးလိုက်ပါတော့သည်။ ကင်မရာထဲက ကောင်မလေးသည် တော်တော်လှကြောင်း ကိုဖြိုးလက်ခံမိပါတော့သည်။

"အစ်ကို ပြမဲ့ ဟိုတယ်ဆိုတာ ဘယ်ဟာလဲ"

ကောင်မလေး မေးသံကြားမှ မိုးယံသတိဝင်ကာ တောင်ခြေ ခပ်လှမ်းလှမ်းမှ ခပ်ကွေးကွေးပုံသဏ္ဍာန် အဆောက်အအုံကြီးကို လက် ညှိုးထိုးပြ၍ . . .

"အဲဒါကြီးလေ။ ဝင်းထရံအမြင့်ကြီးနဲ့"

ကောင်မလေးက မိုးယံ ပြတဲ့အရာကို ကြည့်၍

"ဟယ်တော့ . . . အဲဒါ မန္တလေးထောင် အစ်ကိုရဲ့။ ဘယ်က ဟာ ဟိုတယ်ရမှာလဲ"

မိုးယံတအံ့တသြနှင့် . . .

"မန္တလေးထောင် ဟုတ်လား"

"ဟုတ်တယ်၊ မန္တလေးထောင်။ ဘာလဲ အစ်ကိုနေချင်လို့လား"

မိုးယံရှက်သွားကာ

"ဟာ . . ."

"ခစ် . . . ခစ် . . . ခစ် . . . ခစ်"

ကောင်မလေးက ရယ်၏။ မိုးယံခေါင်းကိုကုပ်ကာ ရှက်ရဲရဲနှင့်

"နေ . . . နေချင်စရာကြီးနော်"

မိုးယံစကားကြောင့် ကောင်မလေး တော်တော်ရယ်မိသည်။ ထို့နောက် သူတို့ ပြန်လှည့်လာကြသည်။ လမ်းမှာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး နာမည်လေး ပြောလို့ရရင် ပြောပြပါလား"

ကောင်မလေးက မျက်လုံးလေး ထောင့်ကပ်ရင်း ပြန်လှည့်ကာ

"ဘာလို့လဲ"

"သိချင်လို့ပါ"

"သိချင်တယ် . . . ဟုတ်လား"

"အင်း"

ကောင်မလေးက ဘာမှ အဖြေမပေးသေးဘဲ ဆက်လျှောက်လာ၏။ ဆိုင်လေးနားရောက်တော့မှ မိုးယံဘက် လှည့်ကြည့်ကာ လေသံလေးနှင့် . . .

"အိန္ဒြေ . . ပါ"

မန္တလေးတောင်ပေါ် ဖြတ်သန်းတိုက်ခတ်လာသော လေသည် အေးမြလှ၏။ ကောင်မလေး၏ စကားသံသည် ထိုလေပြည်ကို လေဟုန်စီးကာ မိုးယံနားထဲသို့ ချိုသာစွာ ဝင်ရောက်သွား၏။

"အိန္ဒြေ . . . ဟုတ်လား"

သေချာအောင် ထပ်မေးလိုက်တော့ ကောင်မလေးက ညင်သာစွာခေါင်းညိတ်ပြကာ . . .

"ဟုတ်ကဲ့"

မိုးယံပျော်ပြီး လှည့်ထွက်လာခဲ့သည်။ ကျောခိုင်းသွားသော မိုးယံကိုကြည့်ရင်း ကောင်မလေးပြုံးလိုက်သည်။ ထို့နောက် ဆိုင်ထဲမှာ ထားခဲ့သော ပိုက်ဆံအိတ်လေးထဲမှ ဟမ်းဖုန်းလေးတစ်လုံးကို လှမ်းထုတ်လိုက်တာသာ မိုးယံ သိခဲ့မယ်ဆိုလျှင် . . .

လေညှင်းသည် ဆက်လက်တိုက်ခတ်နေဆဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝါကယ်လှတယ်ကွာ . . . နတ်သမီးရှုံးတဲ့အလှမျိုးဆိုတာ ဒါပဲကွသိလား"

"မသိဘူး"

ကိုဖြိုးက ခပ်ပြတ်ပြတ်ပြောရင်း ကင်မရာကို လှည့်ပတ်ကိုင်ကြည့်နေသည်။ မိုးယံက ဂရုမစိုက်ဘဲ ဆက်ပြောသည်။

"မျက်ခုံးမွေးလေးတွေက နက်မှောင်နေတာပဲကွ။ နုတ်ထားပုံမရဘူး"

ကိုဖြိုးက မျက်လုံးတစ်ချက် လှန်ကြည့်ကာ . . .

"မင်းက ဘယ်လိုလုပ်သိလဲ"

"ဟာ . . . အသိသာကြီး မျက်ခုံးမွေး နုတ်ထားရင် ကျန်တဲ့အသားလေးတွေနေရာမှာ အပေါက်အပေါက်လေးတွေ ဖြစ်နေတာ"

ကိုဖြိုးက စုတ်တချက်သပ်ကာ . . .

"မင်းကိုယ်တိုင် နုတ်ဖူးတာကျနေတာပဲ"

မိုးယံ၏ ပြုံးစိစိကြီးနှင့် ဟိုတယ်မျက်နှာကျက်ကိုကြည့်ကာ ပြုံးနေသည်။ တော်တော်လေးကြာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်လည်း တောင်ပေါ်တက်ရအောင်ကွာ . . . နော်"

ကိုဖြိုးက ခါးခါးသီးသီး ခေါင်းခါပြကာ . . .

"ဟာ . . မသွားဘူး။ မင်းဟာမင်း သွားချင်သွား။ ငါတော့ မလိုက်ဘူး"

"မလုပ်ပါနဲ့ သူငယ်ချင်းရာ။ ငါ့မှာ အဖော်ဆိုလို့ မင်းပဲရှိတာ"

ကိုဖြိုးက ဘာမှ ပြန်မပြောဘဲ ခေါင်းသာ ခါပြသည်။ မိုးယံ သက်ပြင်းကိုချသည်။ ပြီးတော့ စိတ်ပေါက်ပေါက်နှင့် . . .

"ဒုတိယတစ်ခေါက်တက်တော့ ဘုရားက မင်းကိုမှတ်မိသွားမှာစိုးလို့လား . . . ခွေးပဲ။ ကုသိုလ်နှစ်ခါရမှာတော့ ကြောက်တယ် မဟုတ်လား"

ကိုဖြိုးက ကင်မရာခလုတ်တွေကို ကလိနေသည်။ ပြီးတော့ ထသွားပြီး အိမ်သာထဲ ဝင်သွား၏။ မိုးယံတစ်ယောက်သာ အူကြောင်ကြောင်ကြီးကျန်ခဲ့၏။

ထိုအချိန်တွင် တယ်လီဖုန်း ထမြည်သည်။ မိုးယံက သူ့ဟမ်းဖုန်းကများလားဆိုပြီး ကြည့်လိုက်သေးသည်။ နောက်မှ ကိုဖြိုးဖုန်းကဖြစ်နေ၍ ထကိုင်ပေးမလို့ လုပ်လိုက်သေးသည်။ သို့သော် အမြင်ကပ်၍ ဒီအတိုင်းထားလိုက်သည်။

ဖုန်းက ဆက်မြည်နေဆဲ။ တော်တော်လေး ကြာတော့မှ ကိုဖြိုး အိမ်သာထဲမှ အူယားဖားယား ပြေးထွက်လာပြီး ဖုန်းကို ကြည့်လိုက်ရင်း

"ဒီလောက်မြည်နေတာ ကိုင်ပေးထားပါလား"

မိုးယံက မျက်နှာကျက်ကိုကြည့်နေရာမှ လှည့်မကြည့်ဘဲ

"မင်းဟာမင်း ကိုင်ပါလား . . . လက်မပါဘူးလား"

ကိုဖြိုးက ဘာမှပြန်မပြောတော့ဘဲ ဖုန်းကိုင်လိုက်သည်။ ကိုင်လိုက်တယ်ဆိုရင်ပဲ ဟိုဘက်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို . . . ရေ"

ကိုဖြိုး ခန္ဓာကိုယ်သည် လေထဲသို့ မြောက်ခနဲတက်သွားလေသည်။ ရုတ်တရက် ပြန်ဖြေလို့မရအောင် ဆွံ့အသွားသည်။ ဟိုဘက်က ကိုဖြိုးအသံမကြား၍ ထပ်ပြော၏။

"ဟယ်လို . . . ရေ၊ ကြားလား"

အခုမှ အသိစိတ်ဝင်လာကာ . . .

"ကြား . . . ကြားပါတယ်"

"ကြားရင် အကြောင်းပြန်လေ၊ စိတ်ပျက်စရာကြီး"

ကိုဖြိုး ခေါင်းကိုကုပ်သည်။

"ရုတ်တရက်ဆိုတော့ ရင်ထဲမှာ လှုပ်ခနဲဖြစ်သွားလို့ပါ"

"ခစ် . . ခစ်၊ တယ်လာတဲ့ စာဆိုပါလား။ ဒါနဲ့ အခုဘယ်မှာလဲ"

"မန္တလေးမှာ"

"ဘာလုပ်နေတာလဲ . . . ရွှေမန်းသူလေးတွေ သွားငေးတာလား"

ကိုဖြိုးက ရယ်ရင်း

"မငေးအားပါဘူးဗျာ . . . ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေလို့ပါ"

ကောင်မလေးက မရယ်မပြုံး ခပ်တည်တည်လေးနှင့်

"အလုပ်မရှုပ်ရင်တော့ ငေးမယ်ပေါ့ဟုတ်လား"

ကိုဖြိုးက စဉ်းစားတဲ့အမူအရာ လုပ်ရင်း

"အင်း . . ဒါတော့ မပြောတတ်ဘူး။ ငေးရင် ငေးဖြစ်လိမ့်မယ်"

မိုးယံက ကိုဖြိုးကို လှမ်းကြည့်ရင်း တစ်ခုခု နှောင့်ယှက်ဖို့ ငေးစားသည်။ ကိုဖြိုး အမူအရာကို ကြည့်ကတည်းက တစ်ယောက်ယောက်နဲ့ ကြူနေပြီမှန်း သူသိ၏။ ထို့ကြောင့် ခုတင်ပေါ်မှ [illegible]ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ဟမ်းဖုန်းကို ယူလိုက်သည်။

ပြီးတော့ (Ring Tone) တယ်လီဖုန်းမြည်သံတစ်ခုကို ရွေးလိုက်ကာ ဖုန်းလာချင်ယောင် ဆောင်သည်။ ပြီးတော့ ကိုဖြိုးနားကို ကပ်ပြီး ဟိုဘက်က ကောင်မလေးကြားလောက်အောင် လုပ်၏။ ပြီးတော့မှ

"ဟော့ကောင် ကိုဖြိုး . . . မင်းရည်းစား ဖုန်းဆက်နေတယ်။ ပြောလိုက်ဦး"

ဆိုပြီး သူ့ဖုန်းကို ထိုးပေး၏။ ကိုဖြိုး ပျာပျာသလဲနှင့် မိုးယံကို ကြည့်ကာ အသံတိတ်ဆဲသည်။ ပြီးတော့ ဟိုဘက်က ကြားသွားမည်စိုး၍ သူ့ဖုန်းခွက်ကို အလျင်အမြန် လက်နဲ့ ပိတ်လိုက်သည်။ သို့သော် မမီတော့။ ထို့ကြောင့် ကောင်မလေးက

"အစ်ကို့နာမည် ကိုဖြိုးလား"

ဖြိုးဝင်းထွန်း စိတ်ဓာတ်ကျစွာ သက်ပြင်းချရင်း . . .

"ဟုတ်ပါတယ်"

"အဲဒါဆို ရည်းစားနဲ့ ပြောလိုက်ဦးလေ။ တော်ကြာစိတ်ကောက်နေဦးမယ်။ ဒီက ဖုန်းချပေးပါ့မယ်"

ကိုဖြိုး ခေါင်းကို ဦးရေပြားလန်လောက်အောင် ကုပ်သည်။ ပြီးမှ

"ဘာရည်းစားမှမရှိပါဘူးဗျာ။ ဒီမှာ သူငယ်ချင်းက တမင်သက်သက် နောက်နေတာပါ"

"လျှိုမနေပါနဲ့၊ ရှိရင် ရှိတယ်ပေါ့။ ဒီလိုမျိုး သူများတွေ ကြားချင်လွန်းလို့ လိုက်ရှာနေရတဲ့ဟာကို"

"ဘုရားပေးပေး ကျမ်းပေးပေးပါဗျာ။ မရှိပါဘူး"

ကိုဖြိုး ဘုရားတွေရော၊ ကျမ်းတွေရော ပေးကုန်သည်။ တကယ်လည်းသူ့မှာမရှိ။ ဒါကို မိုးယံလည်းအသိဆုံး။ သူတို့နှစ်ယောက်လုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိ ရည်းစားဆိုလို့ လောက်လောက်လားလားမရှိခဲ့ပေ။ သို့သော် ကောင်မလေးတွေကို နှစ်ယောက်ပြိုင်ပြီး Game တစ်ခုအနေနှင့် လိုက်ခဲ့တာတွေတော့ ရှိသည်။ သို့သော် ဟုတ်တိပတ်တိ အောင်မြင်မှုတော့ မရခဲ့။

ထိုသို့ တွေးမိလိုက်ရင် မိုးယံနဲ့ ကိုဖြိုးနှစ်ယောက်စလုံး လွန်ခဲ့တဲ့ တစ်နှစ်လောက်ကို ပြန်သတိရမိကြသည်။ ထိုလွန်ခဲ့တဲ့ တစ်နှစ်လောက်က ကောင်မလေးတစ်ယောက်ကို သူတို့နှစ်ယောက်လုံး ပြိုင်လိုက်ခဲ့ကြသည်။ အဲဒီအချိန်ကစပြီး သူတို့ ဘယ်ကောင်မလေးကိုမှ Game တစ်ခုအနေနှင့် ပြိုင်လိုက်ဖို့ စိတ်ကူးမရှိတော့။

ထိုအချိန်က ပြိုင်ဆိုင်ခဲ့ခြင်းမှာ ပထမတော့ ခါတိုင်းအကြိမ်များလို အပျော်သဘော ဖြစ်သော်လည်း ကောင်မလေးရဲ့ ရိုးသားခြင်း၊ ဖွင့်လင်းတဲ့ အပြောအဆိုများကြောင့် သူတို့ တကယ်သံယောဇဉ်တွေ ငြိတွယ်သွားကြ၏။ ထို့ကြောင့် နှစ်ယောက်စလုံး ဘယ်သူမှ လက်လွှတ်ခံနိုင်တော့။

ကောင်မလေးကလည်း သူတို့နှစ်ယောက်ကို သူငယ်ချင်းတွေနှင့် လုံးဝ သိမထားကြ။

ဒီလိုနဲ့ပဲ . . . .

. . . . . . . .

. . . . . . . .

ကိုဖြိုးတွေးနေရင်းနှင့် သတိပြန်ဝင်သွားသည်။ ခန္ဓာကိုယ်မှ အတ္တခွာသွားသော အတွေးသည် ပစ္စုပ္ပန်ကို ပြန်လည်ကမ်းကပ်ချိန်မှာ

"ဟယ်လို . . . ရေ . . . ကြားလား"

"ကြား . . . ကြားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို အခုမှ ကြားတယ်ဟုတ်လား။ ဒါဆို ခုန စကားတွေ မကြားဘူးပေါ့ ဟုတ်လား"

"မဟုတ် . . . မဟုတ်ပါဘူးဗျာ။ ခုန . . . ဟို . . . ကျွန်တော်"

"ဟွန်း . . . ရည်းစားအကြောင်းလေးပြောလိုက်တာနဲ့ သတိရ သွားပြီမလား။ ဒါနဲ့များ မရှိဘူး . . . မရှိဘူးနဲ့ ယောက်ျားတွေများ မပြောချင်ဘူး"

"အဲ"

"မအဲနဲ့ . . . တကယ်ပြောတာ"

ကိုဖြိုး မိုးယံကို အသံတိတ် ကျိန်ဆဲသည်။ မိုးယံက မန္တလေး တောင်သွားရင် မင်းလိုက်မလားဆိုပြီ လေသံနဲ့ လှမ်းမေး၏။ ထပ်နှောင့် ယှက်မှာစိုး၍ ကိုဖြိုး ခေါင်းညိတ်ပြလိုက်ရသည်။ ဒီတော့မှ မိုးယံ သူ့ ခုတင်ပေါ် သူပြန်လှဲသွားတော့သည်။

အဲဒီတော့မှ ကိုဖြိုးလည်း သက်ပြင်းချနိုင်ပြီး . . . .

"ဟယ်လို"

"ပြော"

"တကယ်မရှိတာ။ ဟိုကောင် ကိုယ်ဖုန်းပြောနေတာသိလို့ တမင်သူ့ဖုန်းကို Ring Tone ဖွင့်ပြီးလုပ်တာ။ မရှိတာကို မရှိဘူးလို့ပဲ ကိုယ်ပြောတတ်တယ်။ ရှိတယ်ဆိုပြီး လိမ်မပြောတတ်ပါဘူး။ ပြီးတော့ ရှိရင်လည်း ညာမပြောဘူး"

ကောင်မလေးက ဟိုဘက်က လေသံလေးနဲ့ ရယ်သည်။ ပြီးတော့

"ထားလိုက်ပါတော့ . . . အတင်းကြီး ငြင်းမနေပါနဲ့။ ယုံပါ တယ်။ ဒါနဲ့ . . . မန္တလေးမှာ ဘယ်တွေ သွားပြီးသွားပြီလဲ"

"အင်း . . . ထွေထွေထူးထူးတော့ ဘယ်မှ မသွားရသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးတောင်တော့ ရောက်ပြီးပြီ”

“ဟုတ်လား . . . တောင်သမန်ရော မရောက်သေးဘူးလား”

“ဟင့်အင်း မရောက်သေးဘူး”

“သွားကြည့်လေ . . . အခုချိန် တောင်သမန်မှာ ရေတက်နေပြီ။ တံတားရဲ့ အောက်ခြေ ပျဉ်ချပ်တွေတောင် ရေလှိုင်းပုတ်ရင် ထိနေပြီ အရမ်းလှတာ”

ကိုဖြိုး နည်းနည်းတော့ အံ့ဩသွားသည်။

“ဘယ်လိုလုပ် သိလဲဟင်။ မန္တလေးသူလား”

ဟိုဘက်က ခေတ္တတိတ်သွား၏။ သို့သော် ခဏသာ။

“သူငယ်ချင်းက မန္တလေးကလေ။ သူပြောတာ”

ကိုဖြိုးက စကားစပ်မိလက်စနဲ့ ဆက်ပြော၏။

“ဒါနဲ့ ဘယ်မြို့ကလဲ”

ကောင်မလေးက တခစ်ခစ်ရယ်ရင်း

“စဉ်းစားကြည့်ပေါ့”

“စဉ်းစားရမယ် . . . ဟုတ်လား”

“အင်းပေါ့”

“မစဉ်းစားတတ်ဘူး . . . မြန်မာနိုင်ငံမှာ GSM ဖုန်းမိတဲ့ မြို့တွေအများကြီး”

“ဖုန်းနံပါတ်ကိုကြည့်ပြီး မှန်းကြည့်ပေါ့”

ဖုန်းနံပါတ်က (09514 ......) နဲ့စ၍ ရန်ကုန်ဧရိယာဖြစ်သော်လည်း တခြားမြို့တွေကလည်း ဝယ်ကိုင်လို့ရသည်။ ထို့ကြောင့်

“ဖုန်းနံပါတ်နဲ့ မြို့ကို မှန်းရင်တော့ ရန်ကုန်ကပဲ။ ဒါပေမဲ့ တခြားမြို့က ဝယ်ကိုင်ထားရင်လည်း ရတာပဲ”

ကောင်မလေးက ရယ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ငနောက်တော့ သိရမှာပေါ့"

ဆိုပြီး ဖုန်းချသွားလေတော့သည်။

ရုတ်တရက်ကြီး ဖုန်းချသွား၍ ကိုဖြိုး အူကြောင်ကြောင်ကြီး ဖြစ်ကာ ကျန်ခဲ့၏။

စိတ်ထဲမှာ မကျေနပ်၍ ပြန်ခေါ်ကြည့်လိုက်တော့

"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင် . . ."တဲ့။

သွားရော . . .

www.burmeseclassic.com

www.burmeseclassic.com



မန္တလေး တောင်ပေါ်ရောက်တာနဲ့ ဇောင်းထဲကလွတ်လိုက်တဲ့ မြင်းလို ကောင်မလေး ဆိုင်ဘက်ကို တန်းပြေးသည်။ ဆိုင်ရှေ့ရောက် တော့ ဘယ်သူမှ မရှိလို့ ဟိုကြည့်ဒီကြည့်လုပ်၏။ ခဏကြာတော့ ကောင် တာနောက်မှ လူတစ်ယောက် ထွက်လာ၏။ ထိုသူကို တွေ့လိုက်ရ၍ မိုးယံ ပျော်သွားသည်။

အိန္ဒြေ . . .

ပါးစပ်က လွတ်ခနဲ ထွက်သွားတာမဟုတ်ပါ။ ရင်ထဲမှာ ဖျတ် ခနဲ ပွဲတင်ထပ်သွားတာပါ။

ကောင်မလေးက မိုးယံကို ရယ်ပြသည်။ ပြီးတော့

"မန္တလေးထောင်ကြီးကို မမှတ်မိလို့ နောက်တစ်ခါ လာကြည့် တာလား"

မိုးယံ ရှက်သွားသည်။ ယောကျ်ားလေးဖြစ်၍ လက်သည်းလေး တိုက်ပြီး မျက်လွှာလေး အောက်ချသွားလောက်အောင်တော့ ဖြစ်မသွား ပါ။ သို့သော် ရယ်ကျဲကျဲ အဆင့်လောက်တော့ ဖြစ်သွားပြီး

"ဒီတစ်ခေါက်က မန္တလေးထောင် ကြည့်ဖို့လာတာ မဟုတ်ပါ ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ကောင်မလေးကို မျက်စိမှိတ်ပြသည်။ ကောင်မလေးက ခစ်ခနဲ တစ်ချက်ရယ်ပြီး

"ဒါဆို ဘုရားလာဖူးတာပေါ့"

မိုးယံ ဘုရားဘက်တစ်ချက် လှည့်ကြည့်သည်။ ပြီးနောက် လက်အုပ်တစ်ချက်ချီပြီး ကောင်မလေးဘက် ပြန်လှည့်လိုက်ကာ

"ဘုရားက မနေ့က ဖူးပြီးပြီလေ။ အင်း . . . ဒီနေ့ လိပ်ဥတူး မလို့"

ကောင်မလေးက မျက်ဝန်းတောက်တောက်လေးနဲ့

"လိပ်ဥ . . . ဟုတ်လား"

"အင်း"

"ဟယ် . . . မန္တလေးတောင်မှာ လိပ်ရှိတယ်လို့ တစ်ခါမှ မကြားဖူးပါဘူး"

မိုးယံက ကောင်မလေးကို လက်ညှိုးထိုးပြကာ

"ရှိတယ်လေ . . .ဒီမှာ"

"ဟယ်တော့"

ကောင်မလေး ရှက်သွားသည်။ သူက လိပ်ဆိုတော့ မိုးယံက သူ့ဥကို တူးမှာ ကြောက်သွားပုံလည်းရသည်။

မိုးယံလည်း သူ့စကားသူ မှားသွားမှန်းသိ၍

"ဟာ . . . ဆောရီး . . ဆောရီး၊ ကျွန်တော်ပြောတဲ့ လိပ်ဆိုတာ ဟို . . . ဟိုဟာလေ စကားပုံထဲက လိပ်ကိုပြောတာပါ။ တကယ့် လိပ်မဟုတ်ဘူး။ ဟီး . . . စိတ်မဆိုးပါနဲ့ဗျာ။ ကျွန်တော်က နောက်တတ် လို့ပါ"

ကောင်မလေးက ခေါင်းငုံ့ရင်း ပြုံးနေရာမှ . . .

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး အမူအရာက စိတ်ဆိုးဟန် မပြ၍ မိုးယံ နည်းနည်းတော့ စိတ်အေးသွားသည်။ ထို့နောက် ဘာစကား ဆက်ပြောရမှန်း မသိ၍ ရပ်သွားသည်။ ဒီလိုပဲ ဆိုင်ရှေ့မှာ အူကြောင်ကြောင်ကြီး ရပ်နေတာ မကောင်း၍ တစ်ရှူးတစ်ထုပ် ဝယ်လိုက်သည်။

မိုးယံ တစ်ရှူးဝယ်မှ ကောင်မလေးက တစ်ခုသတိရသွား၍

"အစ်ကိုတို့မှာ ကင်မရာ ပါတယ်မဟုတ်လား"

"ပါတယ်လေ"

"အဲဒီကင်မရာဖိုး မဆောင်ရသေးဘူး။ ကျွန်တော်ကလည်း တောင်းဖို့ မေ့နေလို့"

မိုးယံဖို့ အဲဒီတော့မှ ကင်မရာဖိုးဆောင်ရသည်။ ကင်မရာပိုင်ရှင် ကိုဖြိုးကတော့ ဘယ်ထွက်သွားမှန်းမသိတော့။ မိုးယံကို အနှောင့်အယှက် မပေးချင်၍ လွတ်လွတ်လပ်လပ် နေပါစေဆိုပြီး ထားခဲ့တာလည်းဖြစ်မည်။ ဒါမှမဟုတ် သူ့တစ်ယောက်တည်း လွတ်လွတ်လပ်လပ် ရှုခင်းတွေ ကြည့်ချင်၍ ထွက်သွားတာ ဖြစ်နိုင်၏။

မိုးယံက

"ညီမလေးတို့က . . . သက်ဆိုင်ရာကနေ ကင်မရာခွန်ကို တန်ထရိုက်ယူထားတာလား"

ကောင်မလေးက ခေါင်းညိတ်ပြီးပြန်ဖြေ၏။ ထို့နောက် မိုးယံက တစ်ရှူးထုပ်ကို ဖောက်၍ တစ်ခုထုတ်ကာ မျက်နှာသုတ်လိုက်သည်။ ပြီးတော့ ကောင်မလေးကို ဘာဆက်ပြောရမလဲ စဉ်းစားသည်။ ရုတ်တရက်စကားရှာမရ။

ကောင်မလေးကလည်း ဆိုင်ရှေ့မှာ ဒီအတိုင်း ယောင်ပေပေကြီးရပ်နေသော မိုးယံကို အူကြောင်ကြောင်နဲ့ ကြည့်နေသည်။ မိုးယံက ဒီအတိုင်း ဆက်ရပ်နေလို့ မသင့်တော်တော့မှန်း နားလည်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကို အကြောင်းပြပြီး စကားပြောရင်ပြော၊ ဒါမှမဟုတ် ကောင်မလေးကို တစ်စုံတစ်ခု အကြောင်းပြပြီး ခေါ်ထုတ်ရင်ထုတ် ဒီနှစ်မျိုးပဲ လုပ်ဖို့ရှိသည်။

တစ်စုံတစ်ခုကို အကြောင်းပြပြီး ခေါ်ထုတ်ဖို့ ဆိုတာကတော့ ဖြစ်နိုင်မည်မထင်။ မနေ့ကလည်း မန္တလေးထောင်ကို ဟိုတယ်မှတ်ပြီး ခေါ်မေးပြီးပြီ။ ဒီတစ်ခါတော့ မဖြစ်နိုင်တော့။

ဒီတော့ ပထမတစ်ချက်ကို စဉ်းစားရမည်။ စကားမရှိ စကားရှာပြီး ဘာတွေပြောရမလဲ စဉ်းစား၏။ မင်းတုန်းမင်းအကြောင်းလား၊ ကုန်းဘောင်ရာဇဝင်လား၊ သီပေါမင်းပါတော်မူတဲ့ ဂေါ်ဝိန်ဆိပ် အကြောင်းလား။

ဒါတွေ လျှောက်မေးနေလို့ကတော့ ကောင်မလေး စိတ်ညစ်သွားပြီး ရာဇဝင်ထဲမှာ မောင့်ကို ထားရစ်သွားနိုင်၏။ အဲဒီတော့ မထူးတော့။ လိုရင်း တိုရှင်းပဲ။

"ဟို . . . ဟိုဟာ အိမ်နွေ့မှာ ဖုန်းရှိလားဟင်"

"ရှင်"

ရုတ်တရက် ပြောချလိုက်သော မိုးယံစကားကြောင့် ကောင်မလေး ကြောင်တောင်တောင် ဖြစ်သွားရသည်။ မိုးယံက အားနာတဲ့ မျက်နှာနဲ့ထပ်ပြီး

"ဟို . . . အိမ်နွေ့မှာ ဖုန်းရှိလားလို့"

ကောင်မလေးက မိုးယံကို တစ်ချက်စိုက်ကြည့်ကာ အဝေးကို လှမ်းငေး၏။ ခဏကြာတော့

"ဘာလုပ်မလို့လဲ"

"လိုချင်လို့ပါ။ တစ်မျိုးတော့ မထင်ပါနဲ့။ အဲဒီလို ဖုန်းနံပါတ်တောင်းလိုက်လို့ ညီမလေးကို အထင်သေးလို့လို့ မထင်လိုက်ပါနဲ့။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တ ညီမလေးကို မြင်မြင်ချင်းခင်မိလို့ပါ။ ပြီးတော့ အစ်ကိုက ရန်ကုန်မှာနေတာလေ။ တစ်ရက်နှစ်ရက်ဆို ပြန်ချင်ပြန်ရတော့မှ။ အဲဒီတော့ ကိုယ်ခင်တဲ့သူနဲ့ ဆက်သွယ်ဖို့ဆိုတာ ဒီနည်းလမ်းလေးတစ်ခုပဲရှိလို့ မေးရတာပါ"

မိုးယံက အပြောကောင်းသည်။ မိုးယံစကားကြောင့် ကောင်မလေးက ပြုံးလိုက်ကာ ဟမ်းဖုန်းနံပါတ်တစ်ခုကို ပြောလိုက်သည်။

"အဲဒီ ဟမ်းဖုန်းကို ဆက်ရင်ရပါတယ်"

မိုးယံတစ်ချက်တော့ တွေဝေသွားသည်။ ကောင်မလေးမှာ ဒီလိုဟမ်းဖုန်းမျိုး မရှိဘူးထင်မိ၍ ဖြစ်သည်။ သူ ထင်ထားတာက လိုင်းဖုန်းတစ်ခုခု၊ ဒါမှမဟုတ် ကောင်မလေးရဲ့ အိမ်ပတ်ဝန်းကျင်က အငှားဖုန်းနံပါတ်တစ်လုံးလုံး . . .။

သို့သော် ဒီခေတ်ကြီးမှာ ဘာမှ ကြိုမှန်းဆလို့ မရ၍ မိုးယံဘာမှ မတွေးတော့ဘဲ တယ်လီဖုန်းနံပါတ်ကို သူ့ဖုန်းထဲမှာ မှတ်၍ ထွက်လာခဲ့လိုက်တော့၏။

မိုးယံထွက်သွားတော့ ကောင်မလေးက ပြုံးလိုက်သည်။ ထိုအပြုံးက တော်တော်လျှို့ဝှက်သည်။

မုန်တိုင်းမလာခင် လေပြည်တစ်ခုနဲ့တူတဲ့အပြုံး။

သို့မဟုတ် . . .

စစ်မရောက်ခင် ကြိုပစ်လိုက်တဲ့မြား . . . .

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဝေးဝေး တောင်တန်းတွေဆီက မှိုင်းပျပျရနံ့ကိုရတယ်။ အလိုမတူဘဲနဲ့ လမင်းဟာ တိမ်ကြားထဲကို ပြေးပုန်းတယ်။ ရင်ဘတ် တစ်ခုလုံး စုတ်ပြတ်သတ်နေတဲ့ မြို့ပြက ပျော်လို့ . . . တဲ့။

သူငယ်ချင်းရေ . . . .

ဘယ်ဘဝက တင်ကျန်ရစ်မှန်းမသိတဲ့ အကြွေးတွေ ဆပ်လိုက်ရအောင်။ ငါတို့ ရင်ဘတ်တွေ ဟောင်းလောင်း . . .။

ဒီရာဇဝင်မှာ . . . တို့ဘဝတွေ ပြောင်းကြရအောင် . . .



www.burmeseclassic.com

www.burmeseclassic.com



ရေလညှင်းသည် တသုန်သုန် တိုက်ခတ်နေသည်။ ညသည် နက်သထက် နက်လာ၏။ ကောင်းကင်မှ လမင်းက ကျုံးရေပြင်ပေါ် အတားအဆီးမဲ့ ထိုးကျနေသည်။ လေအဝှေ့မှာ စပယ်ပန်းရနံ့ကို ရှူရှိုက်မိကြ၏။ မန္တလေးညသည် ဒီနေ့ ပိုအေးနေသလိုရှိသည်။

"ငါတော့ ဘာမှ နားမလည်တော့ဘူး ဇာခြည်ချို။ နင် ငါ့ကို ခင်တယ်ဆိုရင် . . . ပြောပြဖို့ သင့်ပြီထင်တယ်"

ဇာခြည်ချိုသည် သူမကို ပြောသော ကောင်မလေးဘက် လှည့်ကြည့်လိုက်သည်။ ပြီးတော့ နှုတ်ခမ်းတစ်စုံကို ကွေးတယ်ဆိုရုံလေး ကွေးပြလိုက်ကာ

"ပြောမပြချင်တာ မဟုတ်ပါဘူး။ ပြောပြလည်း ဘာမှထူးမှာ မဟုတ်လို့ မပြောပြတာ"

ကောင်မလေးသည် ဝရန်တာလက်ရန်းလေးကို မှီ၍ မိုးကောင်းကင်ကို ကြည့်လိုက်၏။ ထိုကောင်မလေးနာမည်က နှင်းလဲ့ဖြစ်သည်။ သူနဲ့ ဇာခြည်ချိုနဲ့က သူငယ်ချင်းတွေ။ ငယ်ငယ်ကတည်းက ပေါင်းလာကြ၍ ညီအစ်မအရင်းလို ခင်ကြသည်။ ထို့ကြောင့် ဇာခြည်ချိုအကြောင်းကို သူမ ကောင်းကောင်းသိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဇာခြည်ချိုသည် တချို့ကိစ္စများတွင် အလွန်လျှို့ဝှက်သည်။ တစ်ယောက်တည်း ကြိတ်၍ လုပ်တတ်၊ ကိုင်တတ်၏။ သူ ရည်မှန်းထားသော အရာကို မအောင်မြင်ဘဲ တခြားတစ်ယောက်ကို ဖွင့်ပြောတတ်တဲ့စိတ်မရှိ။ သို့သော် သူမကိုတော့ တော်တော်လေး ချစ်မှန်း နှင်းလဲ့သိသည်။ အခုလည်း ဘာပြဿနာတွေ ဖြစ်လာလဲ မသိပေ။ လွန်ခဲ့တဲ့ လေးရက်လောက်က ဇာခြည်ချို သူမအိမ်ကို ရောက်လာသည်။ သူက မန္တလေးမှာနေ၍ ဇာခြည်ချိုက ရန်ကုန်မှာနေသောကြောင့် ဖြစ်၏။

အရင်ကတော့ နှင်းလဲ့လည်း ရန်ကုန်မှာပဲ နေခြင်းပင်။ သို့သော် လွန်ခဲ့တဲ့ တစ်နှစ်လောက်က မိဘတွေ မန္တလေးမှာ အလုပ်တာဝန်ကျ၍ ပြောင်းလာ၏။ ထိုတစ်နှစ်အတွင်း ဇာခြည်ချိုသည် နှင်းလဲ့တို့အိမ်ကို နှစ်ခေါက်လောက်လာလည်ဖူးသည်။ လာလည်ရင်လည်း တစ်လကိုးသီတင်းလောက် အားရအောင်နေပြီးမှ ပြန်သွားတတ်၏။

အခုတစ်ခေါက် ရောက်လာပုံက အရင်က အခေါက်တွေနဲ့ မတူမှန်း နှင်းလဲ့ ရိပ်စားမိသည်။ ရောက်လာပြီး နောက်တစ်ရက်မှာကတည်းက မန္တလေးတောင်ပေါ်မှာ အသိဆိုင်တစ်ဆိုင်ကို ရှာခိုင်းသည်။ ပြီးတော့ အခြေအနေကို ကြည့်ပြီး ထိုဆိုင်ကို သူ့ခဏအသုံးပြုချင်တယ်ဟုဆို၏။ ပြီးတော့ တယ်လီဖုန်းကိစ္စ . . . ။

တယ်လီဖုန်းကို သူ့မှာရှိပါလျက်နှင့် ဖုန်းတစ်လုံးအမြန်ငှားသည်။ ထို့ကြောင့် သူမတွင် ဖုန်းနှစ်လုံးဖြစ်သွားသည်။ တစ်ယောက်တည်း ဟမ်းဖုန်းနှစ်လုံး ဘာလုပ်မလို့လဲဟုမေးတော့ မဖြေ။ နှင်းလဲ့လည်း ဇာခြည်ချိုအကြောင်းသိ၍ ဆက်မမေးတော့။ ဒီနေ့တော့ ပျင်းပျင်းရှိတာနဲ့ အိမ်ရဲ့ဝရန်တာကို ထွက်ထိုင်ရင်း သတိရ၍ ... ကြည့်ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ဇာခြည်ချိုဟန်က မထုံတက်တေး။

နှင်းလဲ့ ကောင်းကင်ကို ငေးမောကြည့်နေရာမှ ဇာခြည်ချို့ဘက် ပြန်လှည့်လိုက်ကာ

"နင် တစ်ခုခုတော့ တစ်ခုခုပဲ။ ငါ့ကို ပြောပါဦး။ ကိုဖြိုးဆိုတာ ဘယ်သူလဲ၊ ဘယ်ကလဲ"

ဇာခြည်ချိုက အံ့ဩဟန်နဲ့ တစ်ချက်လှည့်ကြည့်ပြီး

"နင်က ကိုဖြိုးဆိုတာကို သိလို့လား"

"မသိပါဘူး။ နင် မနေ့က ဖုန်းဆက်ပြောတာ ကြားလိုက်လို့"

"ကောင်မ . . . ခိုးနားထောင်တယ်ပေါ့"

နှင်းလဲ့က ရယ်ကျဲကျဲနဲ့ . . .

"ခိုးနားထောင်စရာတောင် မလိုဘူး။ နင် ပြောနေတာ ဒီအတိုင်းတောင် ကြားရတယ်"

နှင်းလဲ့ ပြောတာဟုတ်သည်။ မနေ့ညက သူတို့နှစ်ယောက်လုံး အိပ်ခန်းထဲမှာ။ ဇာခြည်ချိုကလည်း အိပ်ခန်းထဲမှာပင် ကိုဖြိုးနဲ့ ဖုန်းပြောနေခြင်းကြောင့် နှင်းလဲ့ ကြားသွားခြင်းပင်။

ဇာခြည်ချိုက ပြုံးလိုက်ကာ

"တစ်ယောက်ယောက်လို့ မှတ်လိုက်ပေါ့ဟာ"

"နင့်ရည်းစားလား"

"အရေးထဲ လူအထင်ကြီးအောင် ပြောနေပြန်ပြီ။ ငါ ဘယ်ယောက်ျားလေးကိုမှ ရင်မခုန်တာ နင်လည်းသိတာပဲ"

"အဲဒါဆို ကိုဖြိုးက ဘယ်သူလဲ"

"တစ်ယောက်ယောက်ပါဆို"

နှင်းလဲ့သက်ပြင်းကိုချသည်။ ပြီးတော့ လေပူတစ်ချက် မှုတ်ထုတ်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးတောင်ပေါ်မှာလည်း တစ်ယောက်၊ ကိုဖြိုးဆိုတာလည်းတစ်ယောက်။ နင့်ဟာက ဘာတွေလဲဟာ"

ဇာခြည်ချိုက ဟက်ဟက်ပက်ပက် တစ်ချက်ရယ်လိုက်ကာ

"အဲဒီ နှစ်ယောက်လုံးက သူငယ်ချင်းတွေဟ"

"ဟင်"

နှင်းလဲ့က တအံ့တသြ မျက်လုံးပြူးလေးနဲ့ ကြည့်တော့

"ဟုတ်တယ် . . . သူငယ်ချင်းတွေ"

နှင်းလဲ့က ဘာမှမပြောဘဲ ဒီအတိုင်းကြီး အူကြောင်ကြောင်နဲ့ စိုက်ကြည့်နေ၍

"ဘာလဲဟ"

နှင်းလဲ့က ခေါင်းကို ဖြည်းဖြည်း ခါလိုက်ကာ . . .

"နင် .. . . ရူးနေပြီလား"

ဇာခြည်ချိုက စုတ်တစ်ချက်သပ်လိုက်ပြီး . . . .

"မရူးဘူး . . . သူတို့ ရူးသွားမှာ"

"ဘယ်လို"

"ဟုတ်တယ် . . . သူတို့ ရူးသွားမှာ"

"ငါ နားမလည်ဘူး"

"နားမလည် လက်စနဲ့ ဆက်ပြီးနေလိုက်ပါဦး သူငယ်ချင်းရယ်။ ငါ နောက်တော့ ပြောပြမှာပေါ့"

ဆိုပြီး ဇာခြည်ချိုက နှင်းလဲ့နားမှ ထသွားကာ အိမ်ထဲဝင်သွားလေတော့သည်။

အပြင်မှာ ညဦးလေအေးအေးရယ်၊ လမင်းရယ်၊ နားမလည်နိုင်တဲ့ ပုစ္ဆာများရယ်၊ နှင်းလဲ့ရယ်သာ ကျန်ရစ်ခဲ့ပါတော့သည်။

ညသည် တဖြည်းဖြည်းအေးလာလေပြီ . . . .။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်လီဖုန်း မြည်သံကြား၍ လှမ်းကြည့်မိသည်။ ဖုန်းနံပါတ်ကို တွေ့သွားတော့ ကိုဖြိုး ပြုံးလိုက်သည်။ ပျော်၍ ပြုံးသော အပြုံး။

"ဟယ်လို"

ဟု ထူးလိုက်သော်လည်း ဟိုဘက်က ဘာပြန်ပြောမယ်ဆိုတာ သိပြီးသားပင်ဖြစ်သည်။

"ဟယ်လို . . . ရေ"

"သိသားပဲ"

"ဘာကိုလဲ . . . ဟင်"

"ဩော် . . . ဒီကောင်မလေးပဲလို့"

"ခစ် . . . ခစ် . . . ခစ် . . . ခစ်"

ကောင်မလေးက ဆည်းလည်းသံလေးလို ချိုသာစွာ ရယ်ပြ၏။ ရုပ်ကို မမြင်ဖူးသော်လည်း အသံလေးနဲ့တင် တော်တော်ရင်ခုန်နေရလေပြီ။ ကောင်မလေးက . . .

"အခု ဘယ်မှာလဲ"

"ဟိုတယ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေလဲဟင်"

ပထမတော့ ထမင်းသွားစားတော့မလို့ဟု အမှန်အတိုင်း ပြော မလို့ တွေးလိုက်သော်လည်း နောက်မှ အတွေးတစ်ချက် ရသွား၍

"မင်းအကြောင်း စဉ်းစားနေတာ"

"တို့အကြောင်း"

"ဟုတ်"

ကောင်မလေးက ခစ်ခစ် ခစ်ခစ်နဲ့ ထရယ်ပြန်သည်။

သူ့စကား အရာရောက်သွား၍ ကိုဖြိုးပျော်ရွှင်စွာ ခုတင်ပေါ် လှဲချလိုက်သည်။ မိုးယံက အပြင်ထွက်မလို့ လုပ်ပြီးတော့မှ ခုတင်ပေါ် ပြုံးဖြီးဖြီးကြီး လှဲလိုက်သော ကိုဖြိုးကို ကြည့်၍ မျက်မှောင်ကျုံ့လိုက်၏။ ခုနကပဲ ဆာတယ် ဆာတယ် တဆာဆာ လုပ်နေတဲ့ကောင်က ချက်ချင်း အခြေအနေ ပြောင်းသွား၍ တွေးရခက်သွားသည်။

သူလည်း တော်တော်ဆာနေပြီ။

"တကယ်ပြောတာ၊ တစ်မနက်လုံး ဖုန်းမလာလို့ ရင်ထဲမှာ တစ် ခုခု လိုနေသလိုဖြစ်နေတာ။ နေလို့တောင် မရဘူး သိလား"

"ဟော့ကောင် . . . သွားမယ်"

ကိုဖြိုးက မိုးယံကို တိုးတိုးဆိုတဲ့ အမူအရာ လုပ်ပြပြီး ဟိုဘက် လှည့်ကာ ခေါင်းအုံးလေးကိုတောင် ဖက်လိုက်သေးသည်။ ဒီနေ့အဖို့တော့ ထမင်းငတ်ဖို့ အကြောင်းတော့ ဖန်လာလေပြီဆိုတာ နားလည်လိုက်ပြီ။ ကိုဖြိုးဆိုတဲ့ကောင်က သူလုပ်ချင်တာ လုပ်နေရရင် ထမင်းမေ့၊ ဟင်းမေ့ မိုးယံ သက်ပြင်းကို ချသည်။ ခေါင်းကို ကုပ်သည်။ ခဏတော့ စောင့် ကြည့်ဦးမည်ဟု တွေးလိုက်၏။ လွန်လာရင်တော့ တစ်မျိုးစီစဉ်ရန် အကြံထုတ်ထားသည်။

ဟိုဘက်က ကောင်မလေးက သူ့ကိုဘာတွေမေးနေလဲတော့ မသိ



www.burmeseclassic.com

www.burmeseclassic.com



ပေ။ ဒီဘက်ကကောင်ကတော့ အူမြူးနေတာမြင်တဲ့အတိုင်းပဲဖြစ်သည်။

မိုးယံ ကိုဖြိုးကိုကြည့်၍ နည်းနည်းတော့ မနာလိုဖြစ်လာသည်။ သူမှာ ဒီလို ဖုန်းဆက်မယ့်သူလေး တစ်ယောက်တလေများရှိရင် သိပ်ကောင်းမှာပဲဟု တွေးနေမိ၏။ ထိုအချိန်မှာပဲ တွေးရင်းနှင့် အကြံတစ်ခု ရသွားမိ၏။

သူ့ဆီ ဆက်မယ့်လူမရှိရင် သူကဆက်မည်။

ဘယ်သူ့ဆီဆက်ရမလဲ စဉ်းစားတော့ တစ်ယောက်တည်းသာ ခေါင်းထဲပေါ်လာ၏။ အိန္ဒြေ့ဆီ . . .။

ဟုတ်ပြီ . . . ထမင်းလည်း သွားမစားရဘဲနှင့် ဒီအတိုင်းကြီး ငုတ်တုတ်ထိုင်နေရမဲ့အတူတူတော့ အိန္ဒြေလေးနှင့် ဖွားနေလိုက်မည်ဟု တွေးမိလိုက်၏။ ထို့ကြောင့် ဖုန်းထဲမှာ မှတ်ထားတဲ့ အိန္ဒြေ့ဖုန်းနံပါတ်ကို ရှာပြီး နှိပ်လိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာခြည်ချိုသည် ကိုဖြိုးနဲ့ တယ်လီဖုန်းပြောနေရင်းမှ တွန့်ခနဲ တစ်ချက်ဖြစ်သွား၏။ အမှန်တော့ သူ့ဖုန်းကို အသံမြည်အောင် လုပ်ထားခြင်း မဟုတ်ပေ။ (Vibrating alert) ခေါ် တုန်ခါမှုစနစ်ကိုသာ ထည့်ထားခြင်းဖြစ်သည်။ ထို့ကြောင့် အသံမမြည်ဘဲ ဖုန်းက စားပွဲပေါ်မှာ တုန်ခါနေ၏။

ဇာခြည်စကားပြောနေရာမှ တယ်လီဖုန်းဆီ လှမ်းသွားလိုက်သည်။ ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ သူမသိပေ။ ထို့ကြောင့် ကိုဖြိုးကို

"ခဏလေး ကိုင်ထားဦးနော်"

ဆိုပြီး နောက်တစ်လုံးကို ကောက်ကိုင်လိုက်၏။

"ဟယ်လို . . . ရေ"

ဟိုဘက်က ချက်ချင်းပင်။

"အိန္ဒြေလား"

"ဟုတ်ပါတယ်"

"ကျွန်တော် မိုးယံပါ"

ဇာခြည်ချို့ ရင်ထဲမှာ ဒိန်းခနဲ တစ်ချက်ဖြစ်ကာသွား၏။ ရုတ်တရက် ဆွံ့အကာသွားသည်။ ဒီအချိန်မှာ မိုးယံဆီက ဖုန်းဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ သူလုံးဝ ထင်မထားပေ။ အခုချိန်မှာ မိုးယံဘေးနားမှာ ကိုဖြိုး ရှိနေမယ်ဆိုတာလည်း သူသိသည်။ ဒါဆို ဘယ်လိုလုပ်ရမလဲ စဉ်းစား၏။ နှစ်ယောက်စလုံးကို တစ်ပြိုင်နက် ပြောလို့လည်း မဖြစ်နိုင်၍ တစ်ယောက်ယောက်ကိုတော့ အကြောင်းတစ်ခုခုပြပြီး ဖုန်းချပစ်ရလိမ့်မည်။

ထို့ကြောင့် ကိုဖြိုးဖုန်းကို အကြောင်းတစ်ခုပြ၍ ချပစ်ဖို့ စဉ်းစားလိုက်သည်။ ဘာကြောင့်လဲဆိုတော့ ကိုဖြိုးနဲ့ သူနဲ့က ဖုန်းထဲမှာ တော်တော်များများ စကားပြောပြီးပြီ။ မိုးယံနဲ့က ဒါပထမဆုံးအကြိမ်။

ဒါကြောင့် မိုးယံကို

"ခဏနော် . . ကိုင်ထားပါဦး။ ငါးမိနစ်"

ဆိုပြီး ကိုဖြိုး ဖုန်းကို ပြန်ကိုင်လိုက်ကာ

"ဒီဘက်မှာ အရေးကြီးကိစ္စလေးတစ်ခု ပေါ်လာလို့ ဖုန်းခဏချလိုက်လို့ ရမလားဟင်"

ကိုဖြိုးက

"ရပါတယ် . . . နောက်မှ အားရင် ပြန်ခေါ်လေ"

"ဟုတ်"

ထို့နောက် ဖုန်းချလိုက်သည်။ ပြီးတော့ ခုန ဒီဘက်က ပြောတဲ့ ဆိုတဲ့ အသံတွေ ကြားမှာစိုး၍ ခေါင်းအုံးအောက် ထိုးထည့်ထားသော မိုးယံဖုန်းကို ပြန်ကိုင်လိုက်ကာ

"ဆောရီးနော် အစ်ကို . . . ဒီဘက်မှာ အလုပ်နည်းနည်း ရှုပ်သွားလို့"

မိုးယံက "ရပါတယ်"ဆိုပြီးတော့ပြောသည်။ ပြီးတော့

"အလုပ်ရှုပ်နေရင် ဖုန်းပြန်ချပေးမယ်လေ"

ဟု ဆက်ပြော၏။ ဇာခြည်က

"အရေးတကြီး မဟုတ်ပါဘူး၊ ရပါတယ်။ ဒါနဲ့ ကိုမိုးယံက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာလဲ"

"ဟိုတယ်မှာလေ။ အိန္ဒြေကရောဟင် တောင်ပေါ်မှာလား"

"အိန္ဒြေက အိမ်မှာပါ။ ဒီနေ့ ဆိုင်မသွားဘူး"

မိုးယံ တစ်ချက်တော့ စဉ်းစားသွားသည်။ ကောင်မလေးကို တောင်ပေါ်မှာတွေ့တုန်းက သူ့နာမည်ကို မိုးယံလို့ ပြောခဲ့မိလား၊ မပြော ခဲ့မိလားဆိုတာကို ဝေခွဲမရ၍ ဖြစ်၏။

အခုကောင်မလေးက သူ့နာမည်ကို ကိုမိုးယံဟု ပြောလိုက်တာ နဲ့ တန်းသိနေ၏။ ပြီးတော့ ဒါသူ့အတွက် သူမဆီကို ပထမဆုံးဖုန်းဆက် ခြင်းဖြစ်သည်။ သို့သော် ကောင်မလေး ဆက်ဆံပုံက နွေးထွေးလှ၏။

မိုးယံ ထိုသို့ တွေးနေစဉ်မှာပင် ဇာခြည်ချိုကလည်း သူ့ဘက်က တစ်ကွက်မှားသွားပြီဆိုတာကို နားလည်လိုက်သည်။ အမှန်ဆို သူ့ဘက် က ဒါမျိုးဖြစ်မသွားသင့်။ မိုးယံဆိုတာ ဘယ်သူလဲ၊ ဘယ်ကလဲအရင်ဆုံး မေးဖို့သင့်သည်။ အခုတော့ မိုးယံဆိုတာကို သူ့ဘက်က တန်းသိနေ၍ ဟိုဘက်က သံသယဝင်သွားနိုင်၏။ ထို့ကြောင့် အဲဒီကိစ္စ ပြောလာလျှင် ဖြေရှင်းနိုင်အောင် အဖြေတစ်ခုကို အမြန်ဆုံး စဉ်းစားရပါတော့သည်။

သူထင်တဲ့အတိုင်းပင်။ မိုးယံက ခဏနေတော့ မအောင့်အီးနိုင် ဘဲ မေးလာပါတော့သည်။

"အိန္ဒြေက ကိုယ့်ကို မိုးယံဆိုတာ ကြိုသိနေတယ်နော်။ အကြား အမြင်ရနေလားဟင်"

ဆိုပြီး အရွှန်းဖောက်သလိုလိုနှင့် မေးလိုက်တော့ ဇာခြည်ချို ခဏမျှ ဦးနှောက်ကို အလုပ်ပေးလိုက်ရ၏။ စက္ကန့်ပိုင်းပဲဖြစ်သည်။ ပြီး

"ကိုမိုးယံ ဟိုနေ့က ကင်မရာ အခွန်ဆောင်တော့ ဘောက်ချာ မှာနာမည်ရေးထားတယ်လေ။ မမှတ်မိတော့ဘူးလား။ ခစ် . . ခစ် အမှန်အတိုင်းဝန်ခံရရင် အဲဒီကတည်းက သိနေတာ"



www.burmeseclassic.com

www.burmeseclassic.com



မိုးယံ ကိုယ့်နဖူး ကိုယ်ရိုက်လိုက်မိ၏။ စေ့စပ်သေချာတဲ့ အိန္ဒြေကိုလည်း တော်တော်ဖြုံသွားသည်။ ပြီးတော့ သူ့ကို အလေးအနက်ထား၍ ရင်ထဲမှာ မှပျော်သွား၏။

အမှန်တော့ မိုးယံ အညာမိသွားခြင်းပင်။ ဇာခြည်ချိုသည် မိုးယံနဲ့ ကိုဖြိုး နာမည်တွေကို အရင်ကတည်းက သိပြီးသား။ သို့သော် ခုနက သူမဘက်က လွှတ်ခနဲ ထွက်သွားမိသော စကားတစ်ခွန်းအတွက် ပြန်လည်ဖြေဆည်ရန် အလျင်အမြန် တွေးလိုက်ခြင်းပင်။ တကယ်တော့ ဇာခြည်ချိုသည် ဖြတ်ထိုးဉာဏ် သိပ်ကောင်း၍သာ အားလုံးယုတ္တိရှိသွားခြင်းပင်။

မိုးယံက

"အိန္ဒြေ"

"ရှင်"

"ဒီနေ့ ဘယ်မှ မသွားဘူးလား"

"ဘာဖြစ်လို့လဲ"

မိုးယံ ခဏငြိမ်သွားသည်။ ပြီးမှ . . .

"ဘာမှတော့ မဖြစ်ပါဘူး။ ဒါပေမဲ့"

ပြီးတော့ ခဏ ရပ်သွား၏။

"ဒါပေမဲ့ ဘာဖြစ်လဲ"

ဇာခြည်ချိုက မေးတော့ . . .

"ဘယ်မှမသွားရင် မတွေ့ရတော့ဘူးပေါ့"

ဇာခြည်ချိုက တခစ်ခစ် ရယ်သည်။ မိုးယံကလည်း လိုက်ရယ်၏။ အရယ်ဆုံးသွားတော့ မိုးယံက . . .

"တကယ်ပြောတာ . . . ကျွန်တော်က မန္တလေးတောင်ပေါ်မှာ အိန္ဒြေတို့ အရမ်းတွေ့ချင်တာ။ ဒီနေ့ ညနေတောင် လာမလို့ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



နေတာ"

မိုးယံစကားကြားတော့ ဇာခြည်ချို တစ်ချက်စဉ်းစားသွား၏။ ညနေ တောင်ပေါ်တက်ရင် ကောင်းမလား စဉ်းစားသွားခြင်းပင်ဖြစ်သည်။ သို့သော် သူမ မန္တလေးတောင်ပေါ် သွားရင် မိုးယံနဲ့ နှစ်ယောက်တည်းပင် တွေ့ချင်သည်။ ကိုဖြိုးပါလာရင် မကောင်း။ တကယ်လို့ တောင်ပေါ်မှာသာ သူ့ကိုတွေ့ရင် ရုပ်ကို မှတ်မိသွားနိုင်၏။ ဒါဆို နောင်တစ်ချိန် ကိုဖြိုးနဲ့ အပြင်မှာဆုံမိရင် မလွယ်ပေ။ အကြံအစည်တွေ အားလုံးပျက်သွားနိုင်သည်ဟု တွေးလိုက်မိ၏။ ထို့ကြောင့် . . .

"အစ်ကို"

"ဗျာ"

"ဒီနေ့ညနေ တောင်ပေါ်တက်မယ်ဆိုတာ တကယ်လား"

"ဟုတ်တယ် မယုံဘူးလား"

"မယုံလို့ မဟုတ်ပါဘူး။ တကယ်လို့ တောင်ပေါ်လာခဲ့ရင် တစ်ယောက်တည်း လာခဲ့ပါလား"

ဇာခြည်ချိုစကားကြောင့် မိုးယံရင်ထဲမှာ မြှောက်ခနဲဖြစ်ကာ သွား၏။ တော်တော်လည်း ပျော်သွားသည်။ တစ်ယောက်တည်းလာခဲ့ပါလားဆိုပဲ။

"လာ . . . လာခဲ့မယ်လေ။ ဘယ်အချိန်ရှိမလဲ"

ဇာခြည်ချိုက စဉ်းစားဟန်လုပ်ပြီးမှ . . . .

"အင်း . . . ညနေ (၄း၀၀)နာရီလောက်လာခဲ့လေ"

မိုးယံက "ဆက်ဆက်လာခဲ့မယ်"ဆိုတာကို အကြိမ်တစ်ထောင်လောက်ပြောပြီး ဖုန်းချသွားလေတော့သည်။ ဇာခြည်ချိုက ဖုန်းကိုပြုံးရင်းကြည့်နေမိ၏။ ထိုအရာကို အိပ်ခန်းထဲ ဝင်လာသော နှင်းလဲ့က တွေ့သွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဇာခြည်"

"ဟင်"

"နင့်ကို သူတို့က တစ်ယောက်တည်းဆိုတာ မသိဘူးလား"

ဇာခြည်ချိုက ပါးစပ်ကမပြောဘဲ ခေါင်းခါပြ၏။

နှင်းလွဲက သက်ပြင်းချကာ

"နင့် နာမည်တွေ ဘယ်နှလုံးတောင် သုံးထားလဲ"

ဇာခြည်ချိုက လက်ညှိုးတစ်ချောင်းထောင်ပြကာ

"အခုလောလောဆယ်တော့ တစ်လုံးပဲ သုံးထားသေးတယ်"

"ဘာလဲ"

"အိန္ဒြေ"

နှင်းလွဲက ခေါင်းတညိတ်ညိတ်လုပ်သည်။ ပြီးတော့ ဇာခြည်ချိုထိုင်နေတဲ့ ခုတင်ပေါ်မှာ တင်ပါးလွှဲလာထိုင်ရင်း ဇာခြည်ချို့ ဆံပင်လေးများကို အသာအယာပွတ်၏။

"နင်ရန်ကုန်မှာ အဲဒီနှစ်ယောက်နဲ့ ဘာတွေ ဖြစ်လာလဲဟင်"

ဇာခြည်ချိုက နှုတ်ခမ်းထောင့်ကွေးရုံလေး ပြုံးလိုက်ကာ

"အကြွေးတင်ခဲ့လို့"

"ဘာအကြွေးလဲဟင်"

"မမြင်နိုင်တဲ့အကြွေး"

နှင်းလွဲ နားမလည်နိုင်စွာ ခေါင်းကိုကုပ်သည်။

"ဘာတွေလဲဟာ"

"ငါနောက်တော့ ပြောပြပါ့မယ် သူငယ်ချင်းရယ်"

ဇာခြည်ချို ပြောပြီး နှင်းလွဲ ပခုံးကို ဖက်လိုက်သည်။ နှင်းလွဲသာမှ ဆက်မမေးတော့ပေ။ အလိုက်တသိပင် ငြိမ်သက်နေလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၅၆

ဘုရားတစ်ဆူကို ရက်ပိုင်းအတောအတွင်း အကြိမ်အများဆုံး ဖူးခဲ့ဖူးတာ ဒီတစ်ခါ ပထမဆုံးအကြိမ်ဖြစ်သည်။ ရန်ကုန်မြို့မှာနေလာတာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ။ ရွှေတိဂုံဘုရားကို တစ်နှစ်လုံးနေမှ တစ်ခေါက်၊ နှစ်ခေါက်သာ ရောက်ခဲ့ဖူး၏။

အခုတော့ မန္တလေးတောင်ကို လေးရက်အတွင်း သုံးခေါက် လောက်တက်ပြီးနေပြီ။ မြွေကြီးနှစ်ကောင်ကလည်း အသက်သာရှိမယ်ဆိုရင် သူ့ကို တော်တော်ယဉ်နေလောက်ပြီ။ ပန်းရောင်းတဲ့ ကောင်မလေးတွေဆို သူ့ကို မှတ်မိနေပြီ။

"အစ်ကိုကြီးရေ့ . . . မနေ့ကလိုပဲ အပွင့်ကြီးတွေလှတယ်။ ယူသွား"

ထိုစဉ်မှာပဲ နောက်တစ်ယောက် အနားကပ်လာကာ

"ပန်းစံပယ်ရနံ့လေးလို မွှေးပျံ့နေအောင် စံပယ်ကပ်နော်၊ ဒါအားလုံး(၂၀၀)ပဲပေး။ မနေ့ကထက် ပိုထည့်ထားတယ်"

သူ စကားမရှည်ချင်တော့၍ ရောင်းသမျှ အကုန်ဝယ်ယူ တက်လာခဲ့သည်။ ဒီနေ့တော့ မန္တလေးတောင်ပေါ် သို့ လိုင်းကားနဲ့ လာခဲ့၏။ ကိုဖြိုးကို ညာပြီး ထွက်လာသောကြောင့် ကားမပါလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကမိတ်ဆွေတစ်ယောက် ရောက်နေတယ်ဆိုပြီး လှည့်ထွက်လာခြင်းပင်။

"တောင်ပေါ်ရောက်တော့ ဘုရားအရင် ရှိခိုးရမလိုလို၊ အိန္ဒြေ့ဆိုင်ဘက်ပဲ ပြေးရတော့မလိုလိုနှင့် ယောင်ခြောက်ဆယ်ဖြစ်သွားသည်။ နောက်မှ ဘုရားပန်းကပ်ရင်း အရင်ရှိခိုးတာပဲကောင်းပါတယ်ဟု တွေးလိုက်ကာ ဘုရားတန်ဆောင်းအောက် ဝင်လိုက်သည်။ ဘုရားရှိခိုးပြီးတော့ အစစအရာအရာ အဆင်ပြေပါစေဆိုတဲ့ ဆုကို တောင်းကာ အိန္ဒြေ့ ဆိုင်ဘက် ထွက်လာခဲ့သည်။ ဆိုင်ရောက်တော့ အိန္ဒြေမရောက်သေး။ ချာတိတ်လေးတစ်ယောက် ထိုင်နေတာတွေ့ရသည်။

ပထမတော့ သွားမေးကြည့်မလို့ စိတ်ကူးလိုက်သေးသော်လည်း အိန္ဒြေက အဲဒီလိုတွေလုပ်တာ မကြိုက်မှာစိုး၍ ဆိုင်ရဲ့ ခပ်လှမ်းလှမ်းမှာပဲ ရစ်သီရစ်သီ လုပ်နေလိုက်၏။ ခဏကြာတော့ မရမ်းဆီရောင် ပါတိတ်ဝမ်းဆက်လေးနှင့် စောင်းတန်းလှေကားအတိုင်း တက်လာသော အိန္ဒြေ့ကို တွေ့လိုက်ရလေသည်။

တွေ့တွေ့ချင်း မိုးယံ မှင်သက်သွား၏။ ဒီနေ့ အိန္ဒြေ တော်တော်လှသည်။ လှတာမှ မဟာဆန်သည့်အလှမျိုး။ ဖြူဝင်းသော အသားအရေ၊ ကျော့ရှင်းသော လည်တိုင်၊ နက်မှောင်သော မျက်ခုံးနှင့် အချိုးအစားကျသော ကိုယ်ခန္ဓာ . . .!

မိုးယံ တံတွေးကို ယောင်ပြီးမြိုချလိုက်မိသည်။ အိန္ဒြေက အကျီလက်ပြတ်လေးနှင့်ဖြစ်၍ ဖြူဝင်းကျော့ရှင်းသော လက်မောင်းလေးတွေကိုလည်း ကြည့်ဖြစ်အောင် ကြည့်မိလိုက်သေး၏။

"ကိုမိုးယံ . . . ရောက်နေတာကြာပြီလား"

အိန္ဒြေက သူ့ရှေ့ကို ဆင်မယဉ်သာလေးလို လျှောက်လာမှ မေးတော့မှ အသိဝင်သွားသည်။ ရုတ်တရက်ဆိုတော့ ရှက်ပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး"

ဟု ထွက်သွားမိ၏။ အိန္ဒြေက အံ့သြစွာနှင့် . . . .

"ကိုမိုးယံက ဘာလို့တောင်းပန်နေတာလဲဟင်။ ဘာလုပ်လို့လဲ"

"အဲ. . . ဟို ဘာမှမဟုတ်ပါဘူး။ ဟို အခုလေးတင်ရောက်တာ"

မိုးယံ အမူအရာ ပျက်သွားတာကို ကြည့်ရင်း အိန္ဒြေက ရယ်၏။ မိုးယံ ရှက်ပြီး အိန္ဒြေရှေ့က လှည့်ထွက်ခဲ့သည်။ အိန္ဒြေ မိုးယံနောက်ကို လိုက်လာရင်း . . . .

"နေပါဦး . . ဒီကိုတောင် မစောင့်တော့ဘူး။ ကြည့်"

အဲဒီတော့မှ မိုးယံက ရပ်ပြီးလှည့်ကြည့်ကာ

"အိန္ဒြေက ဒီနေ့ ဘာလို့ ဆိုင်ကိုမလာတာလဲ"

"အင်း . . . အိမ်မှာ ကိစ္စလေးတွေရှိလို့ မလာဖြစ်တာပါ"

"တော်သေးတာပေါ့ . . . ဖုန်းဆက်မိလိုက်လို့။ ဖုန်းမဆက်ဘဲ သာလာဖြစ်ရင် . မောရဦးမယ်"

အိန္ဒြေက ပြုံးရင်း ခေါင်းငုံ့လိုက်ကာ . . .

"ကိုမိုးယံက ဘာလို့ အိန္ဒြေ့ကို တွေ့ချင်တာလဲ"

သူ့ကိုယ်သူ အိန္ဒြေလို့ ပြောင်းသုံးလာတာ မိုးယံသတိထားမိ သည်။ ထိုစကားက ရေလာမြောင်းပေးစကားလို့ တစ်ထစ်ချကြီး ယူဆ လို့မရသော်လည်း ရေလာဖို့အတွက်တော့ အခွင့်အလမ်းတော်တော် ကောင်းကြောင်း သဘောပေါက်၏။ ထို့ကြောင့် . . .

"ကျွန်တော် အိန္ဒြေနဲ့ မတွေ့ရရင် တစ်ခုခု လိုနေသလို့ပဲ သိလား"

ဆိုပြီး ဒုံကြီး ပြောချလိုက်ပါတော့သည်။ အမှန်တော့ မိုးယံ ပြောလိုက်တဲ့စကားက အဆင့်တော်တော် ရောက်သွားပြီ။ အမှန်ပြော သင့်တာက "ကျွန်တော်လည်းဗျာ၊ ဘယ်မှသွားဖို့ မရှိတာနဲ့ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ဆောင် ပေါ်တက်ရင် ကောင်းမလား စိတ်ကူးရင်း အိန္ဒြေကို သတိရတာ နဲ့"ဆိုတာလောက်သာ ဖြစ်သင့်သေးသည်။ အခုတော့ ဒီနေ့မှ ဇာတ်ကား စရိုက်ပြီး အကယ်ဒမီ ရင်ခုန်သံတွေကို စပြောသလို ဖြစ်နေလေသည်။ သို့သော် အခုမှတော့ မတတ်နိုင်တော့။ စကားက ကျွံသွားပြီ။ ကြမ်း ပေါ့တ်၍ နုတ်လို့မရတော့။

အိန္ဒြေကလည်း မိုးယံ ဒဲ့ပစ်ထည့်လိုက်သော မြားဦးမှာ တန်း လန်းကြီးပါသွားပြီး ဘာပြောလို့ ပြောရမှန်းမသိတော့။ "ဒီလူ သိပ်မလွယ် ဘူး"လို့သာ ခေါင်းထဲမှာ မှတ်ထားလိုက်သည်။ ပြီးတော့ ဘာပြန်ပြော ရမလဲ စဉ်းစားသည်။ အချိန်နည်းနည်းကြာသွားသည်။

အိန္ဒြေ ငြိမ်သွားတာကိုကြည့်၍ မိုးယံ ရင်ထိတ်ကာသွား၏။ သူစကားသူ လွန်သွားတာကိုလည်း နားလည်၍ အိန္ဒြေများ သူ့ကို အထင် သေးသွားမလား၊ ဒါမှမဟုတ် စိတ်ဆိုးသွားမလားဆိုပြီး တွေးလိုက်မိကာ

"အိန္ဒြေ ကျွန်တော့်ကို စိတ်ဆိုးသွားတာလားဟင်"

အိန္ဒြေက မျက်တောင်လေးကို လှန်ကြည့်တယ်ဆိုရုံလေး လှန် ကြည့်လိုက်ကာ

"ဘာကို စိတ်ဆိုးရမှာလဲ ဟင်"

"ဟို ကျွန်တော် ခုန ပြောလိုက်တဲ့စကားတစ်ခုအတွက်ပါ"

အိန္ဒြေက ခေါင်းလေးကို ခါပြရင်း

"မဆိုးပါဘူး . . . အံ့ဩလို့ပါ"

"ဘာ. . . ဘာကို အံ့ဩတာလဲဟင်"

"ဪ . . . ကိုမိုးယံလို လူတစ်ယောက်က အိန္ဒြေလို မိန်း ကလေးကို မတွေ့ရရင် မနေနိုင်လို့ဆိုတာကိုပေါ့"

ထိုစကားက တော်တော် တာသွားသည်။ သူမကိုယ်သူမ နှိမ့်၍ ပြောတယ်ဆိုရင် ပိုမှန်လိမ့်မယ်။ မိုးယံလို သူဌေးသားတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



သူမလို တုန်ပစ္စည်းဆိုင်လေးတစ်ဆိုင် ဖွင့်ထားတဲ့ အညတရ ကောင်မလေးတစ်ယောက်ကို စိတ်ဝင်စားတယ်ဆိုတာ မဖြစ်နိုင်ဘူးဟုဆိုလိုရာ ရောက်သည်။ ဒါ အိန္ဒြေရဲ့ မိုးယံအပေါ် ပထမဆုံးပြန်လည်ထိုးနှက်လိုက်တဲ့ လုံ့ခွက်ဆိုလည်း မမှားပေ။

ထိုစကားအတွက် မိုးယံခမျာ အူလည်လည် ဖြစ်သွားသည်။ သူ့ရင်ထဲက အိန္ဒြေအပေါ် စိတ်ဝင်စားနေပြီဆိုတာ သူမ သိသွားပြီလားဆိုပြီး စိုးရိမ်သွား၏။ အမှန်တော့ သိသွားရင် ပိုတောင်ကောင်းသေးသည့်သဘောပင်။ သို့သော် ဒီကိစ္စမှာ မိုးယံကလည်း သူ့ကိုယ်သူ မယုံကြည်သေးတာလည်းပါ၏။ သူ အိန္ဒြေ့ပေါ် တကယ်ချစ်မိတာလား၊ ဒါမှမဟုတ် ခဏတဖြုတ် စိတ်ကစားရင်း သာယာမိတာလားဆိုတာလည်း ဖြစ်၏။

တကယ်ချစ်မိရင်တော့ သူတို့နှစ်ယောက်ဘဝက သိပ်မလွယ်မှန်း မိုးယံသိသည်။ အခြေအနေအဆင့်အတန်းကို မဆိုလို။ (၄၃၂)မိုင်ဝေးသော ရန်ကုန်နှင့် မန္တလေးခရီးအကွာအဝေးကို ဆိုလိုသည်။ ပစ်ပါးကို ကြက်သားထုပ်ပြီး ရန်ကုန်ပြန်ရမလား၊ ဒါမှမဟုတ် ဒီလိုလေးပဲ အီစီကလီအဆင့်လောက်နဲ့ သာယာမှုရှာပြီးပြန်မလား။ ဒါတွေ ခေါင်းထဲရောက်လာ၏။

ဒီခေတ်ကြီးမှာ အီစီကလီအဆင့်လောက်နဲ့ပြီးသွားတဲ့အတွဲတွေ အများကြီးပင်။ တစ်ဖက်ကတွက်ကြည့်ပြန်ရင်လည်း ရန်ကုန်-မန္တလေးဆိုတာက (၄၃၂)မိုင် ဝေးသော်လည်း IT တွေ ဒီလောက်တိုးတက်နေတာ ဖုန်းလေးတစ်ချက် နှိပ်လိုက်ရုံနှင့် စကားပြောလို့ရသည်။ ဒါမှအားမရလို့ ထထွက်လာရင်လည်း ရန်ကုန်က ညနေကားစီးရင် မန္တလေးကို မနက်ဆိုရောက်ပြီ။ ဒါမှမဟုတ် ကိုယ့်ကားနဲ့ကိုယ် လာလို့ရ၏။

ဒါမှ အားမရသေးဘူးဆိုရင် လေယာဉ်စီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးယံ ဘာတွေ တွေးနေတာလဲဟင်"

အိန္ဒြေ့အသံကြားမှ မိုးယံ အသိဝင်သွား၏။ မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘဲ နှုတ်ခမ်းနာက တော်တော်ကြီးနေပြီ။ ဒါမှမဟုတ် သေးဘဲနဲ့ လေယာဉ်စီးပြီး ချစ်တင်းနှောဖို့ အဆင့်ထိပါ စဉ်းစားသွားသည်။ ဒါတောင် အိန္ဒြေတားလို့။ မတားရင် ကလေးတွေ၊ ဘာတွေ မွေးတဲ့အထိပါ ရောက်ကုန်ဦးမလားမသိ။

အိန္ဒြေ့အမေးကြောင့် မိုးယံက ရယ်ကျဲကျဲနဲ့ . . .

"ဘာမှ မစဉ်းစားပါဘူး။ ကျွန်တော်သာ ရန်ကုန်ပြန်သွားရင် အိန္ဒြေ ကျွန်တော့်ကို မေ့သွားမလားလို့ စဉ်းစားနေတာ"

ပါးစပ်ထဲမှာရှိတာတွေ လျှောက်ပြော၏။ အိန္ဒြေကလည်း

"မေ့စရာလား။ ဘာလို့ မေ့ရမှာလဲ။ အိန္ဒြေ့ဘဝမှာ ထောင်ကို တိုတယ်ထင်တဲ့လူကို ဘယ်လိုမေ့နိုင်မှာလဲ"

ဆိုပြီး အရွှန်းဖောက်သလိုလိုနှင့် ရင်ထဲကစကားလေးကို လှစ်ဟာပြ၏။ မိုးယံရင်ထဲမှာတော့ တစ်ချက်ပျော်သွားသည်။ ပြီးတော့ ရင်ပြင်တော်အတိုင်း လျှောက်လာရင်း အုတ်နံရံ လက်ရန်းတွေနား ရောက်တော့ ဟိုးအဝေးကို မျှော်ကြည့်ရင်း . .

"မန္တလေးတောင်ရဲ့ ညနေရှုခင်းက တော်တော်လှတယ်နော်"

မိုးယံအပြောကို အိန္ဒြေက ခေါင်းညိတ်ထောက်ခံရင်း

"ဟုတ်တယ် . . . ဟိုဘက်က ရှမ်းရိုးမပြာပြာရယ်၊ မန္တလေး နန်းမြို့ရယ်၊ ကျုံးရေပြင်ရယ် အိန္ဒြေအရမ်းချစ်တယ်။ ပြီးတော့ ဒီလို ညနေခင်းဆို လေအရမ်းတိုက်တာ။ မန္တလေးက ပူတယ်ဆိုပေမယ့် တောင်ပေါ်မှာတိုက်တဲ့လေကတော့ အေးပါတယ်"

"အိန္ဒြေက ကဗျာဆန်ဆန်လည်း ပြောတတ်သားပဲ"

"အဲဒါ ရင်ထဲရှိတာပြောတာ။ ကဗျာ မဆန်တတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တဗျာဆိုတာက ရင်ထဲက ပေါ်လာတာလေ။ လုပ်ယူလို့မှ မရတာ"

အိန္ဒြေက ရယ်သည်။ သူမရယ်သံသည် လေပြည်ညင်းနှင့်အတူ တောင်အောက်ကို စီးမျောသွား၏။

မိုးယံက အိန္ဒြေ့ကိုကြည့်ကာ . . .

"အိန္ဒြေ"

"ရှင်"

"ကျွန်တော့်ကို ခင်လားဟင်"

"မခင်ရင် ဒီကို အိန္ဒြေလာပါ့မလား"

မိုးယံက တစ်ချက်ရယ်လိုက်သည်။

"ကျေးဇူးပဲ"

"ဘာလို့လဲ"

"ခင်တယ်ဆိုလို့"

အိန္ဒြေကပြုံးရင်း . . .

"ကိုမိုးယံကကော"

"မခင်ရင် ဒီကိုလာပါ့မလား"

ထိုစကားကြောင့် အိန္ဒြေ အားရပါးရရယ်သည်။ အရယ်ဆုံးတော့

"ကိုမိုးယံက ရယ်စရာလည်း ပြောတတ်တာကို"

"လူတိုင်းဟာ ရယ်စရာတစ်ခုစီတော့ ပြောတတ်ကြပါတယ်"

"ဒါပေမဲ့ ကိုမိုးယံကတော့ ပိုပြောတတ်တယ်ထင်တယ်"

မိုးယံက ပခုံးနှစ်ချက်သာ တွန့်ပြပြီး အဝေးကိုငေးသည်။ ထို့နောက်အချိန်တော်တော်ကြာ စကားမပြောဖြစ်ကြဘဲ ငြိမ်ဆက်သွားကြ၏။ နှစ်ယောက်စလုံးရင်ထဲမှာ အတွေးကိုယ်စီနှင့်ဖြစ်သည်။ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



တွေးနေကြလဲဆိုတာ သူတို့ကလွဲပြီး ဘယ်သူမှ သိနိုင်မည်မထင်။

"ကိုမိုးယံ"

"ဗျာ"

"စပ်စုတယ်မထင်နဲ့နော်"

"ရပါတယ် မေးပါ"

"မန္တလေးကို အလည်သက်သက်ပဲလားဟင်"

မိုးယံ ခဏတော့ ငြိမ်သွားသည်။ ပြီးမှ

"အလည်သက်သက်တော့ မဟုတ်ဘူးဗျာ။ စိတ်လေပြီး ထွက်လာရင်း မန္တလေးရောက်လာတာ"

"စိတ်လေတယ် . . . ဟုတ်လား"

"ဟုတ်တယ်"

"ဘာလို့လဲ"

"စာမေးပွဲကျလို့"

"ဩော်"

သူမက အံ့ဩသလိုလုပ်သည်။

"တစ်ယောက်တည်းပေါ့"

"မဟုတ်ဘူး . . . နောက်တစ်ယောက်ပါတယ်။ ဟို ကင်မရာ ကိုင်တဲ့တစ်ယောက်လေ"

သူမက မသိချင်ယောင်ဆောင်ပြီး . . .

"သူက မန္တလေးက မဟုတ်ဘူးလား။ ကိုမိုးယံရဲ့ ဒီကသူငယ် ချင်းထင်လို့"

"မဟုတ်ဘူးဗျ။ သူလည်း ကျွန်တော်နဲ့အတူတူ ရန်ကုန်က ထွက်လာတာ"

"ဟုတ်လား . . . ဒါဆို သူငယ်ချင်းနှစ်ယောက်လုံးအတူတူ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . စာမေးပွဲကျတာ"

"အဲဒီလောက် ညီတာတော့ မကောင်းဘူးထင်တယ် ကိုမိုးယံရယ်"

မိုးယံက တဟားဟားရယ်ရင်း . . .

"အိန္ဒြေပြောတာ မှန်တယ်။ ကျွန်တော်တို့က သိပ်ချစ်ကြတာ။ ဘာလုပ်လုပ်အတူတူပဲ။ ညီလည်းညီတယ်"

ထိုစကားကြောင့် အိန္ဒြေ့ နှုတ်ခမ်းက တစ်ချက်မဲ့ကာသွား၏။ သို့သော် ထိုအမူအရာကို မိုးယံ မမြင်လိုက်ပေ။ အိန္ဒြေက သူမမျက်နှာပေါ် အပြုံးကို ပြန်လည်တပ်ဆင်ရင်း . . .

"ဒါဆို သူကရော အိန္ဒြေ့ကို မြင်ဖူးမှာပေါ့"

ပထမတော့ ခက်ပုံခိုးရိုက်တုန်းက မြင်ဖူးလိုက်တယ်ထင်တယ် ဟု ယောင်ပြီး ပြောထွက်တော့မလို့ ဖြစ်သော်လည်း မိန်းကလေးတစ်ယောက်ပုံကို ခွင့်မတောင်းဘဲ ရိုက်လိုက်မိတာ သိက္ခာကျသောကြောင့် လိမ်ပြောလိုက်သည်။

"ဒီကောင် အိန္ဒြေ့ကို မမြင်ဖူးဘူးထင်တယ်။ သူက တောင်ပေါ်ရောက်ရင် သိတဲ့အတိုင်း ကင်မရာတစ်လုံးနဲ့ တောင်ရိုက် မြောက်ရိုက် လုပ်ဖို့ပဲ စဉ်းစားနေတာလေ"

ထိုစကားကြောင့် အိန္ဒြေ့ရင်ထဲမှာ စိတ်အေးသွားပုံရသည်။ ပြီးတော့ စကားဆက်၏။

"ကိုမိုးယံတို့က ဒီမှာ ပျော်သလောက် နေမှာလား"

"အင်းပေါ့ . . . ဘာလို့လဲ။ မနေစေချင်ဘူးလား"

အိန္ဒြေက ခေါင်းလေးကို ခါကာ

"မဟုတ်ပါဘူး မေးကြည့်တာပါ"

ထို့နောက် သူတို့စကားတွေ ဆက်ပြောကြသည်။ မိုးယံ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဘယ်လိုစာမကျက်၍ စာမေးပွဲကျရတဲ့အကြောင်း၊ ပြီးတော့ သူနဲ့ တိုဖြိုးက ငယ်ငယ်ကတည်းက သူငယ်ချင်းဖြစ်တဲ့အကြောင်း၊ အိန္ဒြေတလည်း ဒီဆိုင်က သူ့ဦးလေးဆိုင်ဖြစ်တဲ့အကြောင်း၊ သူက Physics မေဂျာနဲ့ ဘွဲ့ရပြီးပြီဆိုတဲ့အကြောင်း၊ ကျောင်းပြီးသွား၍ ဦးလေးဆိုင်မှာ ဘူထိုင်ပေးတာဖြစ်တဲ့အကြောင်း ညာပြောသည်။

ထို့နောက် တော်တော်နေစောင်းမှ သူတို့ ပြန်ဖြစ်ကြသည်။ အပြန်ကျတော့ မိုးယံက ဆိုင်တစ်ဆိုင်ထဲ ဝင်ပြီး ရေသန့်ဘူးနဲ့ တစ်ရှူးဝယ်စဉ် အိန္ဒြေသည် Mark II အမျိုးစား ကားတစ်စီးကို ကိုယ်တိုင်မောင်းရင်း တောင်အောက် ဆင်းသွားတာကို ရုတ်တရက် တွေ့လိုက်မိသည်။

မိုးယံ နည်းနည်းတော့ အံ့ဩသွားသည်။ သို့သော် ထိုစိတ်သည် ခဏသာ မိုးယံရင်ထဲမှာ ခိုအောင်းနိုင်ပြီး အကောင်အထည်မပေါ်ခင်မှာပင် ပြန်လည်ထွက်ခွာသွားပါတော့သည်။ မန္တလေးတောင်သည် ခါတိုင်းညနေများလိုပင် သာယာလှပနေဆဲဖြစ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကိုဖြိုး သည် မိုးယံထွက်သွားကတည်းက ဟိုတယ်မှာ ယောင်ချာချာနဲ့ ကျန်ခဲ့၏။ ထို့ကြောင့် TV ဖွင့်ပြီး ဂြိုဟ်တုစလောင်းကလာတဲ့ ဇာတ်ကားတွေကြည့်နေလိုက်သည်။ သို့သော် ခဏသာ အပျင်းပြေပြီး အတော်လေးကြာတော့ ပြန်ပျင်းလာပြန်သည်။ ထို့ကြောင့် သူ့ဆီကို “ဟယ်လို . . . ရေ”လို့ပြောပြီး မိတ်ဆက်တဲ့ ကောင်မလေးဆီ ဖုန်းဆက်ကြည့်ရန် စဉ်းစားလိုက်သည်။ သို့သော် အကြံအစည်က ခဏအတွင်းမှာပင် ပျက်စီးသွားတော့၏။ ဟိုဘက်က ဖုန်းပိတ်ထားသောကြောင့်ပင်။

ထို့နောက် ခုတင်ပေါ်ကို ငုတ်တုတ်ထထိုင်ပြီး လက်မှ နာရီကိုကြည့်၏။ ပြီးတော့ ခေါင်းတစ်ချက်ခါသည်။ မိုးယံထွက်သွားတာကို မသက်မသာဖြစ်မိ၍ဖြစ်သည်။ သူ့စိတ်ထဲမှာ မိုးယံ သူ့ကို တပတ်ရိုက်သွားပြီဟု ထင်နေမိ၏။ စဉ်းစားကြည့်ရင် အဖြေက တဖြည်းဖြည်း ရှင်းကလာ၏။ တစ်မနက်လုံး သူနဲ့အတူရှိနေသော မိုးယံသည် ဘယ်သူငယ်ချင်းမှ မန္တလေးရောက်နေတယ်ဆိုတဲ့အသံ မကြားရ။ ဖုန်းပြောတာလည်း မမြင်ရ။ နေ့လယ်ကျမှ သူငယ်ချင်းတစ်ယောက် မိုးပေါ်ကပြုတ်ကျလာသလို မန္တလေးရောက်လာသည်။ ပြီးတော့ ဘာမပြော ညာမပြောနှင့် ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

## တယ်လီဖုန်း

မြရ

ဒီကောင် မန္တလေးတောင်ကို သွားတာလား။ ဒါဆိုရင်လည်း သူ့ကို ခေါ်ရမည်။ သူက မလိုက်ဘူးပြောရင်တောင် မရမက အတင်း ခေါ်မဲ့ကောင်ပင်။ ထို့ကြောင့် မိုးယံ မန္တလေးတောင်ပေါ်ကိုတော့ သွား မှာမဟုတ်ဘူးဟု ကိုဖြိုးထင်မိ၏။ ဒါဆိုရင် ဒီကောင် ဘယ်သွားလဲ။ တွေးရင်းနှင့် စိတ်ရှုပ်လာသည်။ သူ့ကို မတိုင်ပင်ဘဲ မန္တလေးမှာ ခိုးလုပ် ရောက်စရာလည်းမရှိပေ။ နောက်ဆုံးတော့ ကိုဖြိုး ခေါင်းကိုကုပ်လိုက် သည်။ စဉ်းစားမရတဲ့အဆုံး အိပ်ရာပေါ် ပြန်လှဲပြီး မှေးနေလိုက်တော့ ၏။

တော်တော်လေးကြာတော့ မိုးယံက ဟိုတယ်ပြန်ရောက်လာ တာ ခုတင်ပေါ်လှဲနေတဲ့ ကိုဖြိုးကိုကြည့်ကာ . . .

"ဟေ့ကောင် . . . နေမကောင်းဘူးလား"

ကိုဖြိုးမှေးရာမှ မျက်လုံးဖွင့်ကြည့်ကာ . . .

"ကောင်းသားပဲ . . . မင်းပြန်လာပြီလား"

"အေးကွာ . . . နည်းနည်းနောက်ကျသွားတယ်။ ဟိုကောင် တွေကွာရစ်နေလို့"

ကိုဖြိုးက နှုတ်ခမ်းရွဲ့ပြကာ . . .

"မင်းသူငယ်ချင်းတွေကလည်းနော်။ မိုးကျရွှေကိုယ်တွေ ကျနေ တာပဲ။ ညနေစောင်းမှ ဗြုန်းစားကြီး"

ကိုဖြိုးစကားကြောင့် မိုးယံ ရင်ထိတ်သွား၏။ ဒီကောင် သူ့ နောက်ကများ လိုက်ချောင်းသလားဆိုပြီး တွေးမိလိုက်သည်။ သို့သော် ကိုဖြိုးပုံကြည့်ရတာ ခန့်မှန်းခြေနဲ့ ရမ်းတွက်နေတဲ့ပုံပေါက်၍ နည်းနည်း တော့ စိတ်အေးရသည်။ သို့သော် အပြီးအပိုင် စိတ်ချရသေးတာ မဟုတ်။ ကိုဖြိုးဆိုတဲ့ကောင်က ပြောမရ ဗိုင်လျှိုထားပြီး သိသိကြီးနဲ့ နေတာလည်း ဖြစ်နိုင်၏။ ထို့ကြောင့် . . .

www.burmeseclassic.com



"ဘာလို့ မင်းက အဲဒီလို မေးရတာလဲ"

ဆိုပြီး မယုတ်မလွန် မေးလိုက်တော့ . . .

"ဘာလို့မေးရတာလဲဆိုတော့ ငါ့ကိုတောင်ခေါ်မသွားဘဲ မင်းတစ်ယောက်တည်း ထွက်သွားတာ ကောင်းလား"

"ဟ . . . ငါ့သူငယ်ချင်းတွေနဲ့ မင်းနဲ့မှ မသိတာ။ ခေါ်သွားရင် မင်းကြောင်တောင်တောင်ကြီးဖြစ်နေမှာပေါ့"

"သွားစမ်းပါကွာ . . . အပိုတွေ။ အရင်ကလည်း မင်းသူငယ်ချင်းတွေနဲ့ သွားတွေ့ရင် ငါလည်းပါတာပဲ။ ငါ့သူငယ်ချင်းတွေနဲ့ သွားရင် မင်းလည်းပါတာပဲ။ အခုမှ အပိုတွေ။ မသိဘူးမဲထား၊ ဟိုရောက်ရင်ခင်သွားမှာပဲ။ ဒါထုံးစံပဲဟာ။ ရန်ကုန်မှာဆို ငါမပြောပါဘူး။ အခုဟာ မန္တလေးကို နှစ်ယောက်လုံးလာပြီးမှ မင်းက ငါ့ကို ထားခဲ့တယ်ဆိုတော့"

ကိုဖြိုးက စကားကို ဆက်မပြောဘဲ မိုးယံကို စိုက်ကြည့်သည်။

မိုးယံ ကိုဖြိုးအကြည့်ကြောင့် သူ့ကိုယ်သူ မလုံမလဲ ဖြစ်သွားကာ မျက်လုံးကိုချက်ချင်းလွှဲရင်း . . .

"ထားပါတော့ကွာ . . . ငါမှားတယ်ပဲ ထားပါတော့။ ဆောရီးပါ"

ကိုဖြိုး ဘာမှ ဆက်မပြောတော့ဘဲ ခုတင်ပေါ်မှဆင်းကာ ရေချိုးခန်းထဲဝင်သွားသည်။

"ဗိုက်ဆာပြီကွာ။ ရေချိုးလိုက်ဦးမယ်။ မင်းရော စားခဲ့ပြီးပြီလား"

"မစားရသေးဘူး"

"မင်းသူငယ်ချင်းတွေနဲ့ ဘာမှ မစားခဲ့ဘူးလား"

"လက်ဖက်ရည်ဆိုင်လောက်ပဲ ထိုင်ခဲ့တာ ဘာစားရဦးမလဲ"

"ဒါဆို ငါချိုးပြီးရင် မင်းချိုးလိုက်လေ။ မြို့ထဲသွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



မိုးယံ ခေါင်းညိတ်ပြလိုက်ကာ ခုတင်ပေါ် လှဲချလိုက်သည်။ ထို့နောက် လေပူတစ်ချက် မှုတ်ထုတ်ပစ်လိုက်၏။ ပြီးနောက် မျက်လုံးလေး မှိတ်လိုက်တော့ အိန္ဒြေပုံလေး ထင်းခနဲ ပေါ်လာပါတော့သည်။

ငါ သူ့ကို ချစ်မိနေပြီလား . . . ။

သူ့စိတ်က သူ့ကိုယ်သူ ပြန်လည်မေးခွန်းထုတ်နေသည်။ အချိန်တော်တော်ကြာ ထိုမေးခွန်းလေးရဲ့ အဖြေကို စဉ်းစား၏။ ရေရေရာရာ ဘာတစ်ခုမှထွက်မလာ။ သက်ပြင်းတွေသာ အကြိမ်ကြိမ်ချမိပါတော့သည်။

ဘဝတစ်လျှောက်လုံး ကောင်မလေးပေါင်းများစွာနဲ့ ဆုံတွေ့ဖူး၏။ အခုလောက်တစ်ခါမှ သက်ပြင်းတွေနဲ့ လုံးပန်းရတဲ့ အဖြစ်မျိုး မကြုံဖူးပေ။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ တော့ တောင်သမန်ဘက်ကို သူတို့ ထွက်လာခဲ့သည်။ တောင်သမန်သွားတဲ့ လမ်းတစ်လျှောက်မှာ သာယာလှပတဲ့ ရှုခင်းတွေကို ခံစားရင်း ကားလေးရဲ့ သယ်ဆောင်ရာသို့ ပါလာကြ၏။ ဦးပိန်တံတားထိပ်ရောက်တော့ တံတားပေါ် ချက်ချင်းမတက်သေးဘဲ အကြော်ဆိုင်လေးတွေရှိရာကို အရင်ဝင်လိုက်ကြ၏။ အကြော်ဆိုင်လေးတွေက ရေပြင်ပေါ်ထိုးထားသော တံတားလေးပေါ်မှာရှိကြသည်။ တောင်သမန် ရေကျချိန်ဆိုရင်တော့ အောက်ဘက်မှာ ဆင်းရောင်းကြသည်။ ယခုလို ရေတက်ချိန်တွေမှာတော့ ရေပြင်ပေါ် ထိုးထားသော တံတားပေါ်မှာရောင်းကြရ၏။

ထိုအကြော်ဆိုင်လေးတွေဘက်ကလှမ်းကြည့်လျှင် ဦးပိန်တံတားနဲ့ တောင်သမန်ရှုခင်းသည် ရင်သပ်ရှုမောဖွယ်ကောင်းအောင် လှပပါသည်။ အင်းရေပြင်ပေါ်ပြေးလွှားနေသော လှေလေးတွေနှင့် ပိုက်ဆွဲ၊ ငါးမျှားနေသော ကိုတံငါတို့ကိုလည်း တွေ့ရ၏။ ထိုဆိုင်လေးတွေမှာအကြော်စုံရသည်။ ပုဇွန်ကြော်၊ ငါးကြော်၊ ဂဏန်း၊ နိုင်လွန်ငါးလို့ခေါ်တဲ့ ငါးအသေးလေးတွေကို ကြော်ထားတာလည်းရသည်။ ထို့အပြင်



www.burmeseclassic.com

www.burmeseclassic.com



အကြော်စုံနဲ့အတူ သောက်တတ်သူတွေအတွက် ယမကာနှင့် ဘီယာပါ တွဲထား၍ အပျော်စုံတဲ့ မော်ရှုံတောကိုရောက်နေသလိုနှယ်။

မိုးယံက ငါးကြော်နဲ့ ပုဇွန်ကြော်ကိုမှာရင်း၊ ဘီယာတစ်ပုလင်းပါ မှာလိုက်သည်။ ကိုဖြိုးက ဆတ်သားထောင်းသုပ်တစ်ပွဲပါမှာလိုက်၏။ ထို့နောက် သူတို့ ဘီယာတစ်ခွက်စီထည့်ကာ တစ်ငုံစီငုံလိုက်ရင်း . . .

"ဒီလိုနေရာမျိုးလေးမှာ ထိုင်ရင်း ကဗျာစပ်ဖို့ ကောင်းတယ် နော်။ ဟိုးက ကောင်းကင်ပြာကြီးရယ်၊ ပျံသန်းလာတဲ့ ငှက်တစ်အုပ်ရယ်၊ ပြီးတော့ တောင်သမန်လေညင်းရယ်။ ဘယ်လောက်လှလိုက်လဲ။ ဟောကောင် . . . ကိုဖြိုး"

ကိုဖြိုးက မိုးယံကို လှည့်ကြည့်ရင်း . . . .

"ဘာလဲ"

"မင်း ကဗျာတစ်ပုဒ် စပ်ကွာ"

ကိုဖြိုးတ ခဏတော့ ငြိမ်သွားရင်း ရှုခင်းကို လှမ်းကြည့်သည်။ ပြီးတော့ ဘီယာကို တစ်ငုံထပ်ငုံရင်း . . .

"ငါကတော့ အိမ်ပြန်ချင်လှပြီကွာ"

မိုးယံ မျက်လုံးပြူးသွား၏။

"ဘယ်လို ဖြစ်သွားရတာလဲ"

"ငါ အိမ်ကို လွမ်းပြီ။ ပြီးတော့ ကိုယ့်မြို့ကိုယ့်ရွာမဟုတ်တော့ ပျင်းလာတယ်"

မိုးယံ ခေါင်းကိုကုပ်ကာ မှားပြီထင်တယ်ဟု ရေရွတ်မိ၏။ ဘယ်လိုဖြစ်ပြီး ဒီကောင် ကောက်ကာငင်ကာ အိမ်လွမ်းသွားရလဲ စဉ်းစားမရပေ။ ကိုဖြိုးက စကားကိုဆက်သည်။

"ဟုတ်တယ် . . . မင်းစဉ်းစားကြည့်။ ငါတို့ ရည်ရွယ်ချက် မရှိဘဲ မန္တလေးမှာ ဘာဆက်လုပ်နေတော့မှာလဲ။ တစ်နေ့လာသည်း



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲသွား ထမင်းစားလိုက်၊ ဟိုတယ်ပြန်လိုက်နဲ့ ဘာအမိပ္ပာယ်ရှိလဲ"

မိုးယံစိတ်ညစ်သွားသည်။ သူကတော့ အိမ်မလွမ်းမိပေ။ မလွမ်းမိတာကလည်း သူ့အကြောင်းနဲ့သူ။ ဒီမှာက အိခြေွလေးနှင့် အခုမှ အဆင်ပြေစရှိသေး၏။

ဒီငနာက နေရင်းထိုင်ရင်း အိမ်ပြန်တော့မယ် ဖြစ်သွားပြီ။ ထိုအရေးတွေးမိတော့ မိုးယံရင်ထဲမှာ တစ်ခုခုကို လွမ်းသွားသလို ခံစားလိုက်ရလေသည်။ ငယ်ငယ်က အမေ ဝယ်ပေးတဲ့ မိုးပျံပူဖောင်းလေး လက်ဝယ်ရရှိပြီးမှ သူများဆေးလိပ်မီးနဲ့ ထိုးသွားသလိုမျိုးပင်။

သို့သော် မိုးပျံပူဖောင်းက နောက်တစ်လုံး ထပ်ဝယ်ရင် ရနိုင်သော်လည်း အိခြေွက မိုးပျံပူဖောင်းမဟုတ်၍ ရန်ကုန်မှာလည်း ဝယ်၍ မရပေ။

မိုးယံ ငြိမ်သွားတာကို တွေ့လိုက်၍ ကိုဖြိုးသဘောပေါက်လိုက်၏။ ထို့ကြောင့် . . .

"မင်း . . . နေချင်နေခဲ့လေ . . . ငါတစ်ယောက်တည်း ပြန်သွားလည်းရပါတယ်။ ဒါမှမဟုတ် ကားကိုယူထားမလား။ ငါလေယာဉ်နဲ့ပဲ ပြန်လိုက်မယ်"

မိုးယံ ခေါင်းကို ခါလိုက်သည်။ သူဘာတွေတွေးနေလဲဆိုတာ ကိုဖြိုးသဘောပေါက်လို့ ဒီလိုစကားမျိုး ပြောလိုက်တာပဲဟု သဘောပေါက်၏။ သို့သော် ဒါမျိုးတော့ သူဘယ်တော့မှမလုပ်။ အကြောင်းအချင်းအရာနှစ်ချက်ရှိသည်။ ပထမတစ်ချက်က နှစ်ယောက်စလုံး အတူတူထွက်လာပြီး တစ်ယောက်က ပြန်သွားကာ တစ်ယောက်က နေခဲ့တယ်ဆိုတော့ အိမ်က သူ့ကို ဘယ်လိုပြောမလဲ။ နောက်တစ်ချက်က သူငယ်ချင်းတွေ အေးအတူပူအမျှ ငယ်စဉ်ကတည်းက နေလာခဲ့ကြသော အခုလို ကိစ္စလေးတစ်ခုကြောင့် လမ်းခွဲပြီးနေခဲ့ရတယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မသင့်တော်။ ကိုဖြိုးဘက်က ဘာမှမဖြစ်သော်လည်း သူ့ဘက်က သိတတ်ရမည်ဆိုတာကို နားလည်သည်။

ထို့ကြောင့် . . .

"မင်း ပြန်မယ်ဆိုရင်တော့ ငါလည်း ပြန်မှာပေ့ါ။ ဘာဆိုင်လို့ နေခဲ့ရမှာလဲ"

ကိုဖြိုးက ပြုံးလိုက်ကာ . . .

"အိန္ဒြေကို မင်းထားခဲ့နိုင်ပါ့မလား"

မိုးယံ ခေါင်းခါလိုက်သည်။

"ထားခဲ့တယ်ဆိုတဲ့စကား သုံးရအောင် သူနဲ့ငါနဲ့ ချစ်သူတွေမှ မဟုတ်တာ"

"ဒါပေမဲ့ မင်းသူ့ကို ချစ်နေပြီဆိုတာ ငါသိပါတယ်ကွာ"

မိုးယံ ဆတ်ခနဲ တစ်ချက်မော့ကြည့်ရင်း . . .

"မင်းက ငါ့ထက်ပဲ ပိုသိနေလား"

"သိတာပေ့ါ"

"သွားစမ်းပါကွာ . . . အပိုတွေ"

"ဟော့ကောင်"

"ဘာလဲ"

"မင်း ငါ့မျက်လုံးကို သေချာကြည့်စမ်း"

မိုးယံ ကိုဖြိုးမျက်လုံးကို စိုက်ကြည့်လိုက်သည်။ ကိုဖြိုးက တစ်ချက်မဲ့ပြုံးပြုံးကာ . . .

"လောကမှာ ကိုယ့်ကိုယ်ကိုယ်လိမ်တာ အမှားဆုံးပဲကွ၊ သိလား"

မိုးယံ ခေါင်းတစ်ချက်ကုပ်ကာ စုတ်တစ်ချပ်သပ်ရင်း . . .

"အဲဒါတွေ ခဏထားစမ်းပါဦး။ အခုကိစ္စက အိမ်ပြန်ဖို့ တိုင်ပင်နေတာလား။ အိန္ဒြေနဲ့ ငါနဲ့ကိစ္စ ဆွေးနွေးနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုဖြိုးက တစ်ချက်ရယ်သည်။

"အိမ်ပြန်ချင်တာတော့ အမှန်ပဲ။ မင်းပဲ စဉ်းစားကြည့်။ ငါတို့ ရန်ကုန်က ထွက်လာတာ တစ်ပတ်ပြည့်တော့မယ်။ မန္တလေးမှာ အဓိပ္ပာယ်မဲ့ ဘာလုပ်နေမှာလဲ"

မိုးယံက ခေါင်းညိတ်၏။

"မင်းပြောတာ မှန်ပါတယ်။ ဒါဆို မနက်ဖြန် ပြန်မယ်လေ"

"မနက်ဖြန် ပြန်မယ်ဟုတ်လား"

"ဟုတ်တယ်လေ . . . မနက်ဖြန်ပြန်မယ်"

"မနက်ဖြန်တစ်ရက်တော့ နေလိုက်ပါဦးကွာ။ မင်းအတွက် ပြောတာပါ။ မင်း အိမ်ဖြွေကို သွားနှုတ်ဆက်လိုက်ဦး"

မိုးယံ ရင်ထဲမှာ ကျင်ခနဲတစ်ချက်ဖြစ်ကာသွား၏။ ခွဲခွာရတော့မယ်ဆိုတဲ့ အသိကြောင့်ဖြစ်သည်။ သက်ပြင်းကိုချရင်း ဦးပိန်တံတားကြီးကို ငေးကြည့်နေမိသည်။ တံတားပေါ်မှာ စုံတွဲတစ်တွဲ ဓာတ်ပုံရိုက်နေ၏။ ကောင်လေးက တံတားတိုင်လုံးကြီးပေါ် ထိုင်ကာ ကောင်မလေးကို သိုင်းဖက်ထားသည်။ ကောင်မလေးက ကောင်လေးရင်ခွင်ကို မှီရင်း လက်ပြနေ၏။

မိုးယံက ဘာအကြောင်းမှမရှိဘဲ ထိုစုံတွဲဆီမှ အကြည့်ကို စိတ်တိုစွာ ဆွဲဖယ်မိသည်။ မနာလိုတာလည်းမဟုတ်။ ဝန်တိုတာလည်း မဟုတ်။

သို့သော် အကြင်နာတွေ ပိုနေတာကို မကြည့်နိုင်လို့ပဲဖြစ်သည်။ သူ့မှာသာ အဲဒီလိုကြင်နာတတ်တဲ့ ကောင်မလေးများရှိခဲ့ရင် . . .

တွေးနေရင်းနှင့် အိမ်ဖြွေ့ပုံရိပ်လေး ရင်ထဲဝင်ရောက်လာ၍ အသက်ရှူမဝသလိုတောင် ဖြစ်သွားရ၏။

www.burmeseclassic.com

www.burmeseclassic.com

## ၇၂

ရင်ထဲမှာ မွန်းကျပ်လာသည်။ ဘာရောဂါမှ မရှိပါဘဲနှင့် အသက်ရှူမဝသလို ခံစားမိ၏။ လည်ချောင်းဝမှာ ဘာမှန်းမသိတဲ့အရာ တစ်ခုက တစ်ဆို့နေသည်။ ရင်ထဲမှာ ပူလောင်နေသည်။ ကောင်းကင် က ကြယ်လေးတွေက မှိတ်တုတ်မှိတ်တုတ် လုပ်ပြကာ သူ့ကို လှောင် ရယ်နေသလို ထင်ရသည်။ လေပူတစ်ခုကို စိတ်ပျက်စွာ သူမှုတ်ထုတ်ပစ် လိုက်၏။

ရက်ပိုင်းလေးတွေ့လိုက်ရတဲ့ ကောင်မလေးတစ်ယောက် အတွက် ဒီလောက်မဖြစ်သင့်ဘူးဆိုတာ သူ့ကိုယ်သူ နားလည်သည်။ သို့သော် မတတ်နိုင်။ အရာရာကို ထိန်းချုပ်လို့ရရင် အခုချိန်မှာ ဒါတွေ မေ့ပစ်လိုက်ချင်၏။ ဒါပေမဲ့ မေ့မရ . . .။

မိုးယံ တစ်ယောက်တည်း ဟိုတယ်အပေါ်ဆုံးထပ်က လသာ ဆောင်မှာ ထိုင်ရင်း တွေးနေခြင်းပါ။ ကိုဖြိုးကတော့ ပင်ပန်းလို့ဆိုပြီး အိပ်နေလေပြီ။ အမှန်တော့ ဒါဟာ အိပ်ချိန်ဖြစ်သည်။ သန်းခေါင်ကျော် ပြီ ခါတိုင်းညဆို သူလည်းအိပ်ပြီ။ သို့သော် ဒီနေ့ သူအိပ်မပျော်ပေ။ ဘာလို့ အိပ်မပျော်လဲဆိုတာတော့ ရှင်းပါသည်။ အိန္ဒြေနဲ့ ခွဲရတော့မှာ မို့တဲ့အတွက်ဖြစ်၏။ မနက်ဖြန်တစ်ရက်သာ အိန္ဒြေနဲ့ သူတွေ့ရတော့



www.burmeseclassic.com

www.burmeseclassic.com



မည်။ သန်ဘက်ခါဆို ရန်ကုန်ကိုပြန်ရပြီ။ ဘယ်တော့မှ ပြန်တွေ့မယ်ဆို တာ ပြောလို့မရ။ နောက်တစ်ခေါက် မန္တလေးတက်ရဖို့ဆိုတာ လွယ်တဲ့ ကိစ္စမဟုတ်။ ကျောင်းတွေပြန်ဖွင့်ရင် အလုပ်တွေရှုပ်ကုန်ပြီ။ နောက်ဆုံး အဆင့် တယ်လီဖုန်းနဲ့သာ တစ်နေ့တစ်ခါလောက် စကားပြောရရုံအပြင် အခွင့်အရေးက အပိုမရှိတော့။ ဒါပေမဲ့ တယ်လီဖုန်းဆိုတာ စကားသာ ပြောနိုင်၍ လူချင်းတွေ့ရတာ မဟုတ်၍ အာသာမပြေပေ။

မိုးယံတွေးရင်း စိတ်ညစ်လာသည်။ နောက်ဆုံး ကောင်းကင်ကြီးသာ ငေးကြည့်ရင်း သက်ပြင်းတွေသာ အခါခါချမိပါတော့သည်။

ညဥ့်သည် တဖြည်းဖြည်း နက်လာ၍ မန္တလေးညသည် ပို၍ အေးလာသလိုခံစားရသည်။ နောက်ဆုံးတော့ မိုးယံ စိတ်ပျက်စွာနှင့် အခန်းထဲသာ ပြန်ခဲ့ပါတော့သည်။ အိပ်ရာပေါ်ရောက်တော့ တလူးလူး တလိမ့်လိမ့်နှင့် ဘယ်အချိန် အိပ်ပျော်သွားမှန်းမသိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး . . . . ရေ
စွဲလမ်းမိတဲ့ ဒီတစ်ခေါက်
နှလုံးသားရဲ့ တောက်လျှောက်မှာ
မင်းကို အခါခါ လွမ်းမိပါရဲ့ . . . ။
ကြယ်စင်တွေ ခယ
နှင်းမှုံတွေ ပြိုကျတဲ့ညမှာ
ရင်ဘတ်ရဲ့ တေးသွားတစ်ပုဒ်ကို
မင်း သောတဆင်နိုင်ဖို့
မျှော်လေတိုင်း မြင်နိုင်ပါစေ . . . ။

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရတော့မယ်ဆိုတဲ့ စကားကို မိုးယံပြောတော့ ဇာခြည်ချို ရင်ထဲမှာ ဒိန်းခနဲဖြစ်ကာသွားသည်။

"ကိစ္စရှိလို့လားဟင်"

အိန္ဒြေက မေးသည်။ မိုးယံက . . .

"ထွေထွေထူးထူးတော့ မရှိပါဘူး။ ဒါပေမဲ့ ဒီမှာလည်း ဘာ အလုပ်မှမရှိဘူး"

မိုးယံက ထိုစကားကို ရင်နင့်စွာ ပြော၏။ အိန္ဒြေက ခေတ္တငြိမ် သွားသည်။ ခဏခြင်းပင် သူမ ခေါင်းထဲမှာ အတွေးတွေ ပြည့်ကျပ်လာ သည်။ မိုးယံတို့ ပြန်လို့မဖြစ်။ တကယ်လို့ ပြန်သွားလျှင် သူ့အကြံအစည် တွေ ပျက်စီးသွားနိုင်သည်။ ထို့ကြောင့် မပြန်နိုင်အောင် ဘယ်လိုလုပ်ရ မလဲဆိုတာ စဉ်းစား၏။ ထို့ကြောင့် . . .

"မန္တလေးမှာ မပျော်ဘူးလားဟင်"

ဟု မိုးယံကို ခပ်ညုညုအသံလေးနဲ့ ပြောလိုက်တော့ မိုးယံရင်ထဲ မှာ နင့်ခနဲ ဖြစ်ကာသွားသည်။ အိန္ဒြေမျက်နှာလေးက မိုးယံကို တကယ် မပြန်စေချင်တဲ့ ပုံပေါက်သည်။ မျက်နှာငယ်လေးနှင့်ရှိ၏။ မိုးယံ ဘာပြန် ပြောရမှန်းမသိဘဲ ခေါင်းကို ကုပ်လိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ပျော်ပါတယ် ဒါပေမဲ့"

မိုးယံက စကားကိုရပ်တော့

"ဒါပေမဲ့ ဘာဖြစ်လဲဟင်"

မိုးယံက တစ်ချက်စဉ်းစားဟန်လုပ်ပြီး

"ကိုယ်က မပြန်ချင်ပေမဲ့ နေခဲ့လို့မှ မရတာ"

အိန္ဒြေက မျက်ဝန်းတောက်တောက်လေးတွေနှင့် မိုးယံကိုကြည့်တာ . . .

"ဘာ . . . ဘာလို့ နေလို့မရတာလဲ"

"ဩော် . . . ဒီကိုလာတော့လည်း ကိုယ့်သူငယ်ချင်းနဲ့ ကိုယ်နဲ့ နှစ်ယောက်တည်း လာခဲ့တာလေ။ ပြန်တော့လည်း နှစ်ယောက်အတူတူပေါ့။ နေခဲ့ချင်ပေမဲ့ မကောင်းလို့"

အိန္ဒြေ သဘောပေါက်လိုက်သည်။ ဒီလို ပြန်ဖို့ကိစ္စကို ကိုဖြိုးစီစဉ်တာကိုပဲဆိုတာ ခန့်မှန်းမိလိုက်၏။ မိုးယံ မျက်နှာအရိပ်အကဲကို ကြည့်ရတာ ညှိုးငယ်နေသည်။ မိုးယံ မပြန်ချင်ဘူးဆိုတာသေချာသည်။ ဘာကြောင့် မပြန်ချင်လဲဆိုတာတော့ တွေးစရာမလိုပေ။ သူရှိနေ၍ဖြစ်၏။

ထို့ကြောင့် ရန်ကုန်မပြန်ဖို့ကိစ္စရဲ့ အဓိကသော့ချက်က ကိုဖြိုးဆီမှာပဲ မူတည်ကြောင်း သဘောပေါက်လိုက်၏။

အိန္ဒြေ တစ်ချက်ပြုံးလိုက်သည်။ အခုမှ အနည်းငယ် စိတ်အေးသွား၍ဖြစ်သည်။ သူမ ဘက်က ကိုဖြိုးကို မပြန်နိုင်အောင် ချုပ်ကိုင်နိုင်သွင် ဒီဇာတ်လမ်းက မန္တလေးမှာတင်ပြတ်ပြီ . . .။

သို့သော် မိုးယံရှေ့မှာတော့ ပေါ်တင်ကြီး စိတ်ချမ်းသာပြလို့ မရ။ မိန်းမတို့ မာယာထဲက တစ်ခုဖြစ်သည့် ရေလာမြောင်းပေး စကားလေးကိုတော့ ပြောဖြစ်အောင် ပြောလိုက်သေးသည်။

www.burmeseclassic.com



"ကိုမိုးယံ ပြန်သွားရင်တော့ အိန္ဒြေ သတိရပြီး ကျန်ခဲ့မှာပဲ"

ရုပ်က အပိုအလိုမရှိ ကွက်တိ။ မျက်နှာကို အတတ်နိုင်ဆုံး ညှိုးထားသည်။ အသံကို အဖျားခတ်တုန်ခါနေအောင် သတိထားပြီးပြော သည်။

မိုးယံရင်မှာ ကျင်ခနဲဖြစ်သွားသည်။ ဖြစ်နိုင်ရင် အိန္ဒြေ့ကို ဆွဲပွေ့ပြီး ရင်ခွင်ထဲမှာ ထားပစ်လိုက်ချင်၏။ သို့သော် မဖြစ်သေး ဟိုတယ်နဲ့ မှားခဲ့ဖူးတဲ့ မန္တလေးထောင်ထဲ ရောက်သွားနိုင်၏။ ထို့ကြောင့်

"ကိုယ်လည်း အိန္ဒြေ့လိုပါပဲ အိန္ဒြေရယ်။ ဘယ်ပြန်ချင်ပါ့မလဲ ဖြစ်နိုင်ရင် မန္တလေးမှာ တစ်သက်လုံး နေလိုက်ချင်တာ"

ဆိုပြီး အိန္ဒြေ့ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်တော့ အိန္ဒြေ မျက်လွှာချကာသွားသည်။ သူတို့နှစ်ယောက်ကြား ခေတ္တတိတ်ဆိတ်က သွား၏။ တစ်ယောက် ရင်ခုန်သံကို တစ်ယောက်က ကြားနေရသည်။ သို့သော် ကွာခြားချက်တော့ရှိ၏။

တစ်ယောက်က အတု . . .

နောက်တစ်ယောက်က အစစ် . . .

"အိန္ဒြေ"

"ရှင်"

'အိန္ဒြေနဲ့ ကျွန်တော် ဘုရားအတူတူ ဖူးရအောင်နော်။ ပြီးတော့ ဆုလေးတစ်ခု တောင်းချင်လို့"

"ဘာဆုလဲဟင်"

"ကံမကုန်ရင် ပြန်ဆုံရပါစေလို့"

အိန္ဒြေက ခေါင်းကို အသာညိတ်ကာပြ၏။ သူမ စိတ်ထဲ တော့ ပြန်ဆုံရမှာ စိတ်ချပါ ကိုမိုးယံရယ်ဟု ဆိုပြီး ရေရွတ်လိုက်၏။

ထို့နောက် သူတို့ ဘုရားအတူတူဖူးကာ ခါတိုင်းလိုပင် ရင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



တော်တစ်ပတ် ပတ်လျှောက်၍ စကားတွေ ပြောကြ၏။ တစ်ယောက်နဲ့ တစ်ယောက် ဖုန်းဆက်မယ်ဆိုတဲ့အကြောင်း၊ အင်တာနက်ထဲမှာ Gtalk ပြောမယ်ဆိုတဲ့အကြောင်း၊ သတိရနေမယ်ဆိုတဲ့အကြောင်းများအပြင် အခြေအနေပေးရင် မန္တလေးကို ပြန်တက်လာမယ်ဆိုတဲ့အကြောင်းပါ မိုးယံက ပြောသည်။

ထို့နောက် မိုးယံသည် အိန္ဒြေ့ကို နှုတ်ဆက်ပြီး တောင်ပေါ်မှ ပြန်ဆင်းသွားခဲ့တော့၏။

အိန္ဒြေကတော့ မိုးယံ ပြန်သွားတာကိုကြည့်ရင်း ပြုံးလိုက်သည်။ ဒီည သူ ကိုဖြိုးဆီကို ဖုန်းဆက်ရလိမ့်မည်။

ပထမတော့ ညကျမှ ဖုန်းဆက်ဖို့ ဆုံးဖြတ်ထားသော်လည်း စိတ်ကတစ်မျိုးပြောင်းသွား၍ အခုပင် ဆက်လိုက်တော့သည်။ သူမ ဖုန်းဆက်ချိန်တွင် ကိုဖြိုးက ဟိုတယ်အခန်းထဲမှာ တစ်ယောက်တည်း ယောင်ချာချာဖြစ်နေတဲ့အချိန် ဖြစ်သည်။ ပစ္စည်းတွေကိုတော့ နေ့လယ်ကတည်းက သိမ်းပြီးသွားပြီဖြစ်၍ ဘာအလုပ်မှမရှိဘဲ တောင်တွေး မြောက်တွေး လုပ်နေချိန်တွင် ဇာခြည်ချို့ဖုန်း ဝင်လာခြင်းပင်။

ကိုဖြိုးက ကောက်ကိုင်လိုက်ပြီး . . .

"ဟယ်လို"

ဇာခြည်ချိုက

"ဟယ်လို . . . ရေ"

"ဗျာ"

"ဘာလုပ်နေလဲဟင်"

"ဟိုတယ်မှာ မနက်ဖြန်ပြန်တော့မလို့ အဝတ်တွေသိမ်းပြီး ထိုင်နေတာ"

ဟိုဘက်က အံ့ဩတဲ့အသံ ချက်ချင်းပြောင်းသွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ ဘယ်လိုဖြစ်တာလဲ"

"ဘာဖြစ်လို့လဲဟင်"

"တကယ် . . . တကယ် ပြန်တော့မလို့လား"

"ဟုတ်တယ် . . . ပြန်တော့မှာ"

ဇာခြည်ချိုက တခစ်ခစ်ရယ်ကာ

"အခု ဒီက မန္တလေးကို ရောက်နေတယ်"

"ဘယ်လို"

ဒီတစ်ခါ အံ့သြသွားသူက ကိုဖြိုးဖြစ်သည်။

"ဟုတ်တယ် . . . ဒီက မန္တလေးကို ရောက်နေတယ်။ လေယာဉ်နဲ့လာတာ။ သူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်လို့လေ"

ကိုဖြိုး ခေါင်းကိုကုပ်သည်။ ပြီးတော့ အံ့သြငြိမ်ပြီး ဆက်နားထောင်နေလိုက်၏။

"မသိပါဘူး။ ကိုဖြိုးက ရှိဦးမယ်ထင်လို့ ဒီက ပျော်နေတာ။ မန္တလေးရောက်ရင် အတူတူလျှောက်လည်မလို့တောင် စဉ်းစားထားတာ"

ထိုစကားလည်း ကြားရော ကိုဖြိုး ခုတင်ပေါ်ကို ခြေပစ်လက်ပစ် ဖင်ထိုင်လျက် ပြုတ်ကျသွား၏။ ဟိုဘက်က ဆက်ပြောသည်။

"ရန်ကုန်မှာ အလုပ်ရှိလို့လားဟင်"

ကိုဖြိုးက အမှန်အတိုင်းပင် ဖြေသည်။

"မရှိပါဘူး . . ဒီမှာနေရတာ ပျင်းလာလို့"

ထိုစကားကြားတော့ ဟိုဘက်က ဟာသတစ်ပုဒ် နားထောင်ရသလို တခစ်ခစ်ရယ်ကာ . . .

"အခု မပျင်းရတော့ဘူးလေ။ မပြန်နဲ့"

ပြောပုံက ပိုင်စိုးပိုင်နင်းနိုင်သည်။ အမိန့်ပေးရာရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုဖြိုး စိတ်မဆိုးမိ။ စိတ်မဆိုးတဲ့အပြင် ပိုတောင် နားထောင်လို့ကောင်းနေသေးသည်။

ကိုဖြိုးမျက်နှာ ပြုံးဖြီးဖြီးကြီးဖြစ်သွားသည်။ ထို့နောက် ...

"ဘာလို့ မပျင်းရတော့ဘူးလို့ ပြောတာလဲ"

"ဒီမှာရောက်နေပြီလေ"

"ဘယ်သူလဲ"

"ဟွန်း ... မသိချင်ယောင် ဆောင်နေတာလား"

ကိုဖြိုးရယ်ကာ ...

"နာမည်မသိရသေးတဲ့သူတစ်ယောက်နဲ့ ဘယ်လို လျှောက်လည်မလဲ"

"အမလေး ... သူက ယောက်ျားလေးဖြစ်ပြီး ဖြစ်နေလိုက်တာ။ အဲဒါ မိန်းကလေးတွေက ပြောရမှာသိလား"

ကိုဖြိုးက ပြုံးသည်။

"ဟုတ်တယ်လေ ... တစ်ယောက်နဲ့တစ်ယောက် အသံချင်းပဲသိနေတာ။ လူချင်းလည်းမတွေ့ဖူးဘူး၊ နာမည်လည်းမသိဘူး"

"နာမည်ကို ဘယ်နှခါ မေးဖူးလို့လဲ"

ကိုဖြိုးရယ်သည်။ ဟုတ်တော့လည်းဟုတ်သည်။ ဒီကောင်မလေးနာမည်ကို မေးဖို့ ဘာလို့ မေ့နေပါလိမ့်ဆိုပြီး တွေးမိ၏။ ထို့ကြောင့်

"ကဲပါ ... ထားပါတော့၊ အခုပြောပြပါလား"

ဟိုဘက်က ခဏငြိမ်သွားကာ ...

"မီးမီးလို့ပဲ ခေါ်ပါ"

"နာမည် အပြည့်အစုံလား"

"လောလောဆယ်တော့ မီးမီးလို့ပဲ မှတ်ထားလိုက်ပေါ့"

ကိုဖြိုးက နည်းနည်း ကန်းတက်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပုံစံက ဘယ်လို ပုံစံမျိုးလဲဟင်"

"အဲဒါကတော့ မန္တလေးမှာ ဆက်နေမယ်ဆိုရင် သိရမှာပေါ့"

ကိုဖြိုး ရင်ခုန်ကာသွားသည်။ ဖုန်းထဲမှာ ပဟေဠိပေါင်းများစွာနှင့် သိကျွမ်းခဲ့တဲ့ ကောင်မလေးကို ဘယ်လိုပုံစံမျိုးလဲဆိုတာ သိချင်တာအမှန်ပင်။ ပြီးတော့ သူ့ဘဝမှာ ဒါမျိုး တစ်ခါမှ မကြုံဖူး။ ကိုယ့်ဘက်ကသာ ကောင်မလေးတွေဆီ ဖုန်းဆက်ပြီး နောက်ခဲ့ပြောင်ခဲ့ဖူးသည်။ အခုလို ကိုယ့်ဆီကို ဖုန်းဆက်ပြီး မိတ်ဆက်ကာ ခင်ချင်တယ်လို့ ပြောတာမျိုးကို မကြုံခဲ့ဖူးပေ။ ထို့ကြောင့် အဲဒီကောင်မလေးကို ဘယ်လိုမျိုးလဲဆိုတာ သိချင်နေ၏။

အခု မန္တလေးမှာ သူဆက်နေရင် သိခွင့်ရပေတော့မည်။ သို့သော် ပြန်ဖို့ကို သူပဲ ဦးဆောင်ပြောပြီး အခုလို ပြန်နေရမှာတော့လည်း အူကြောင်ကြောင်နိုင်လှ၏။ မိုးယံသာ ဒီအကြောင်းသိသွားရင် သူ့ကို 'ငကြောင်'ဆိုပြီး ပြောမလားမသိ။

"ဟိတ် . . . ဘာတွေ တွေးနေတာလဲ။ ဒီမှာပြောတာကြားရဲ့လား"

"ဗျာ"

"နေမှာလားလို့"

ကိုဖြိုး ဘာပြန်ဖြေရမှန်းမသိဘဲ ခေါင်းကို ကုပ်၏။ ကောင်မလေးက ထပ်ပြီး . . .

"နေမှာလားလို့ မေးနေတဲ့ဟာကို"

ဒုတိယအကြိမ် မေးတော့ ကိုဖြိုးမလွန်ဆန်နိုင်တော့။ ပါးစပ်ကအလိုလိုပင်

"နေ . . နေမယ်လေ။ တကယ် တွေ့ချင်တယ်ဆိုရင်နေ"

ဆိုပြီး သူ့ဘက်က သိက္ခာလေးလည်း ဆယ်ရအောင် ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေး အတင်းနေခိုင်းလို့ အားနာပြီးနေရသလိုမျိုး ပြန်ပြောလိုက်၏။ ကောင်မလေးက ပျော်သွားကာ . . . .

"ဟေး . . . ဒါမှ တို့ကိုဖြိုးကွ"

ဆိုပြီး ပြန်ပြောတော့ ကိုဖြိုး တော်တော်ပျော်သွားပါသည်။ ထို့နောက် ကောင်မလေးက နောက်နေ့ဖုန်းဆက်ပြီး တစ်နေရာရာမှာ တွေ့ကြရအောင်ဟုပြောကာ ဖုန်းချသွားပါတော့သည်။

ကောင်မလေး ဖုန်းချသွားတော့ ကိုဖြိုးတစ်ယောက်တည်း ကြောင်တောင်တောင်ကြီး ဖြစ်ကျန်ခဲ့တော့သည်။

သူ့အဖြစ်က အိပ်မက်လိုလို၊ အပြင်မှာလိုလို ဖြစ်နေပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



**စဉ်းစား** ကြည့်ရင် သံသယဖြစ်စရာတွေ အများကြီးရှိသည်။ သို့သော် လောလောဆယ် မွန်နေ၍ ဘာကိုမှ မစဉ်းစားမိ။ မီးမီးဆိုတဲ့ ကောင်မလေးသည် မန္တလေးက ပြန်တော့မယ်ဆိုမှ ရုတ်တရက် မန္တလေးကိုရောက်လာသည်။ အရင်ကလည်း ဘယ်မှာနေမှန်းမသိ။ သို့သော် သူမပြောပုံအရတော့ မန္တလေးမှာ နေတာတော့မဖြစ်နိုင်။ ရန်ကုန်မှာ နေတာဖြစ်ဖို့များသည်။ အခုတော့ မန္တလေးမှာ လာဆုံကြပြီ။

ကိုဖြိုး ရင်ခုန်နေသည်။ ဖုန်းထဲမှာ အသံသာသာလေးနဲ့ ပြောတဲ့ ကောင်မလေးကို မနက်ဖြန် တွေ့ရတော့မည်။ သို့သော် လောလောဆယ် မိုးယံကို ဘယ်လိုပြောရမလဲ စဉ်းစား၏။ ဒီကိစ္စကို အမှန်တိုင်းပြောပြီး နေလို့တော့မကောင်း။ သူ့ကို ဖွန်ကြောင်ဆိုပြီး ဟားလိမ့်မည်။ ဒီတော့ ဘာမှမပြောသေးဘဲ မိုးယံ အခြေအနေကို ကြည့်ကာ မီးစင်ကြည့်ကဖို့ ဆုံးဖြတ်လိုက်တော့၏။

သူ ထိုသို့ တွေးနေစဉ်မှာပဲ မိုးယံက ဟိုတယ်ခန်းထဲ ဝင်လာ... မျက်နှာကတော့ သိပ်မသာယာပေ။ ဝင်လာပြီး စားပွဲပေါ်တင်ထားတဲ့ ဆေးလိပ်ဘူးကို ကောက်ကိုင်ကာ ခုတင်ပေါ် လှဲချလိုက်၏။ ထို့နောက်

www.burmeseclassic.com



ဘူးထဲက ဆေးလိပ်ကိုထုတ်ပြီး မီးညှိကာ တစ်ချက်ဖွာလိုက်သည်။ ထွက်သွားတဲ့ အငွေ့တွေကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေတာတွေ့ရ၏။

ဒီလိုပုံစံကို မြင်ကတည်းက မိုးယံ ဆွေးနေပြီဆိုတာ ကိုဖြိုး သဘောပေါက်လိုက်သည်။ ဒီအကွက်ကိုနင်းပြီး စကားလမ်းကြောင်းဆင်ဖို့ ကြိုးစားရမည်။ ထို့ကြောင့် . . .

"မျက်နှာလည်းမကောင်းပါလား။ ဘာဖြစ်လာတာလဲ"

ကိုဖြိုးက စကားစလိုက်တော့ . . .

"ဘာမှ မဖြစ်ပါဘူးကွာ။ ဒီလိုပါပဲ"

အသံအင်အားက ခပ်ပျော့ပျော့ . . .။

"မင်း ငါ့ကိုမလိမ်ပါနဲ့။ ဘာလဲ အိမ်ရှေ့က ဘာပြောလိုက်လို့လဲ"

မိုးယံ သက်ပြင်းကို ချသည်။ ပြီးတော့ ခေါင်းကိုခါလိုက်သည်။

"ဘာမှ မဟုတ်တော့ပါဘူးကွာ"

အသံက မိုင်ပေါင်းများစွာ ဖြတ်သန်းလာနေသလို အားနည်းပျော့ညံ့လှ၏။ ကိုဖြိုးက မလိုအပ်ဘဲ သက်ပြင်းကိုချကာ . . .

"ငါ မင်းကို ကိုယ်ချင်းစာပါတယ်ကွာ။ ငါတို့က သူငယ်ချင်းတွေပဲ။ မင်းခံစားရရင် ငါခံစားရသလိုပါပဲ မိုးယံရာ။ အဲဒီတော့ ငါ အခုဆုံးဖြတ်ပြောင်းလိုက်ပြီ"

မိုးယံက ပက်လက်လှန်အနေအထားမှ တစ်ချက်လှည့်ကာကြည့်၏။ ကိုဖြိုးက မိုးယံမျက်နှာကို မကြည့်ဘဲ စကားကို ဆက်သည်။

"ငါ မင်းအတွက် မန္တလေးမှာ ဆက်နေဖို့ ဆုံးဖြတ်လိုက်ပြီ"

"ဟေ . . ."

မိုးယံ ရုတ်တရက်ဆိုတော့ အံ့သြသွား၏။ ရင်ထဲမှာလည်း တစ်ချက်လှုပ်ရှားသွားသည်။ ထို့ကြောင့် ခုတင်ပေါ် ငုတ်တုတ်ထထိုင်လိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့အတွက်"

ကိုဖြိုး ခေါင်းကို ဆတ်ခနဲ ညိတ်ပြကာ . . .

"ဟုတ်တယ် . . . မင်းအတွက် ငါပါ မန္တလေးမှာ နေတော့မယ်"

မိုးယံရင်ထဲမှာ ပျော်သွားသည်။ သို့သော် ရုတ်တရက်ကြီး သူငယ်ချင်းအတွက် ကိုယ်ချင်းစာတရားတွေ နေ့ချင်းညချင်း ဖြစ်ပေါ်လာသော ကိုဖြိုးကိုလည်း နားမလည်နိုင်သလိုရှိ၏။ ရင်ထဲမှာလည်း တစ်မျိုးကြီး။

ထို့ကြောင့် စကားတောက်ကြည့်ဖို့ စဉ်းစားလိုက်ကာ . . .

"ရပါတယ် . . . မင်းက မန္တလေးမှာ ဘာအလုပ်မှမရှိဘဲ ငါ့အတွက်သက်သက်ကြီး နေပေးရတာတော့ မကောင်းပါဘူးကွာ။ အိန္ဒြေ့ကိုလည်း ငါ အားရင် ပြန်လာမယ်လို့ ပြောခဲ့ပြီးပြီ။ နောက်ပြီး အိန္ဒြေနဲ့ ငါနဲ့ကလည်း ချစ်သူတွေမှမဟုတ်တာ။ အဲဒီလောက် မလိုဘူး ထင်တယ်"

ကိုဖြိုးရင်ထဲမှာ နည်းနည်းတော့ လှုပ်ရှားသွားသည်။ သို့သော် စိတ်လှုပ်ရှားမှုကို မျက်နှာပေါ် ရောက်မလာအောင်တော့ အတတ်နိုင်ဆုံး ထိန်းထား၏။ ထို့နောက် မိုးယံမျက်နှာကို အကဲခတ်သလို ကြည့်သည်။

ဒီကောင် တကယ်ပြောနေတာလား၊ ဒါမှမဟုတ် သူ့အကြောင်းကို သိချင်လို့ပဲ သက်သက်ကလိနေတာလားဆိုတာ အကဲခတ်၏။ မိုးယံက ခပ်တည်တည်ပင် ပြန်ကြည့်နေ၍ ကိုယ့်ကိုယ်ကိုယ် မလုံမလဲ ဖြစ်သွားသေးသည်။

သူတို့နှစ်ယောက်အကြား ခဏ စကားပြတ်သွား၍ တိတ်ဆိတ်နေ၏။ ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သွားကြခြင်းဖြစ်သည်။ မိုးယံကလည်း ကိုဖြိုး ငြိမ်သွားတာကိုတွေ့၍ စိတ်ထဲမှာ နည်းနည်းတော့ သံသယဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် အကြောင်းတစ်ခုခုမရှိဘဲ အစီအစဉ်ကို ရုတ်တရက်ကြီး ပြောင်းလဲမှာ မဟုတ်ဘူးဟုတွေး၏။ သူ့အတွက်ဟု ဆိုသော်လည်း မယုံကြည်။ ငယ်ငယ်ကတည်းက ပေါင်းလာသူတွေ ဖြစ်၍ တစ်ယောက်အကြောင်းတစ်ယောက်သိသည်။ ဒီကောင် အကြောင်းတစ်ခုခု ရှိရမည်ဟုတွက်၏။ သို့သော် ပေါ်တင်ကြီး သွားမေးရင်တော့ ပြောမှာမဟုတ်။ အသာစောင့်ကြည့်ပြီး လေ့လာဖို့ဆုံးဖြတ်လိုက်သည်။ နောက်တစ်ချက်က ကိုယ့်အတွက်ပဲဖြစ်သည်။ အခုဆို အိန္ဒြေနဲ့ တော်တော်အဆင်ပြေနေပြီ။ ခရီးအတော်ပေါက်နေပြီဟု ပြောလို့ရသည်။ ဒီမှာဆက်နေရင် အဆင် ပြေသွားနိုင်၏။

သို့သော်အားရဝမ်းသာကြီး နေမယ်ဆိုတဲ့ ပုံစံမဖြစ်အောင် တော့နေရမည်။ မန္တလေးမှာ နှစ်ယောက်စလုံး နေချင်တာချင်းအတူတူ သူ့ကြောင့်နေရတယ်ဆိုပြီး ခေါင်းစဉ်တပ်မခံချင်ပေ။ ထို့ကြောင့် ကိုမရောက်၊ ဒီမရောက်လေးဖြစ်အောင်တော့ လုပ်ထားရမည်ဟု မိုးယံက တွေး၏။

ထို့ကြောင့် . . .

"ကိုဖြိုး"

"ဟန်"

"မင်းက ငါ့အတွက်ဆိုတော့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ မင်းရော တကယ်နေချင်လို့လား"

ကိုဖြိုးက မိုးယံစကားကြောင့် မော့ကြည့်ကာ . . .

"နေမယ်ဆိုရင်လည်း ဖြစ်တာပဲ။ မနေဘူးဆိုလည်းရတယ်။ ဒါမင်းထွက်သွားတော့ စဉ်းစားမိတယ်။ ရန်ကုန်ပြန်သွားလည်း ငါတို့မှာ ထွေထွေထူးထူး လုပ်စရာမှမရှိတာ။ ကျောင်းတွေလည်းပိတ်ထားတော့ ဒီလိုပဲ လတ်လျားလတ်လျား ဖြစ်နေမယ့်အတူတူ တစ်ခုခုအကျိုးရှိ



www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်ဖို့ စဉ်းစားမိတယ်"

"အင်း . . . ဘယ်လိုစဉ်းစားလဲ"

"မပြန်တော့ဘဲ ဒီမှာနေရင် မင်းအတွက် ပါရမီဖြည့်ပေး ရောက်တာပေါ့။ ဒီမှာနေရတဲ့ရက်အတွင်း မင်းက အိပ်မက်ဆိုးအချစ်ကို ရအောင်ကြိုးစားပေါ့ကွာ။ လိုအပ်တဲ့အကူအညီ ငါပေးပါ့မယ်"

မိုးယံစိတ်ထဲမှာ တွေခနဲဖြစ်သွားသည်။ ကိုဖြိုးပြောတာ လည်း အကျိုးအကြောင်းသင့်၍ သူ့အတွက် တကယ်နေပေးတယ် ထင်သွား၏။ ထို့ကြောင့် ခုနအထင်လွဲမိတာကိုတောင် စိတ်ထဲမှာအား နာသွားမိသည်။

"အဲဒါဆိုရင်တော့ ကျေးဇူးကွာ။ အမှန်တိုင်းပြောရရင် ငါ အိပ်မက်ကို ခွဲမသွားချင်တာ အမှန်ပဲ။ မင်းကို အားနာလို့သာ ရန်ကုန် ပြန်လိုက်ရမှာ။ ငါက ဒီမှာပဲနေခဲ့ချင်တာ။ အခုလို မင်းလည်းနေမယ်ဆို တော့ ငါ့လောက်ကံကောင်းတဲ့လူ ဘယ်သူရှိဦးမှာလဲကွာ"

ကိုဖြိုးက ပြုံးလိုက်သည်။ သူ့အကြံအစည်အောင်မြင်သွား၍ ပျော်သွားတာလည်းပါသည်။ မနက်ဖြန် မီးမီးဆိုတဲ့ ကောင်မလေးနှင့် တွေ့ရမယ့်အရေး ကြိုတင်ရင်ခုန်သွားတာလည်းပါ၏။

ထို့နောက် သူတို့နှစ်ယောက် လက်ဝါးချင်းရိုက်လိုက်ကြ

"အားလုံးအောင်မြင်ပါစေကွာ"

ထိုစကားကို ကိုဖြိုးက ပြောလိုက်တော့ မိုးယံက ပြုံးလိုက်

"အောင်မြင်ရမှာပေါ့ သူငယ်ချင်းရာ"

စကားဆုံးတော့ သူတို့ ရယ်လိုက်ကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ တ ် ျန်ချိန်မှာတော့ မိုးယံ သူ့ဆီဖုန်းဆက်မယ်ဆိုတာ သေချာပေါက်သိသည်။ သို့သော် ဒီနေ့ မိုးယံနဲ့တွေ့ဖို့ စိတ်ကူး သူမမှာ မရှိ။ ဒီနေ့ ကိုဖြိုးနဲ့ တွေ့ရမယ့်နေ့ဖြစ်သည်။ ထို့ကြောင့် မိုးယံနဲ့ ဆက်သွယ်တဲ့ဖုန်းကို မနက်ကတည်းက ပိတ်ထားလိုက်ပြီး ကိုဖြိုးနဲ့ ဆက်သွယ်တဲ့ဖုန်းကိုသာ ဖွင့်ထားခဲ့သည်။

နေ့လယ်လောက်ရောက်တော့ သူမ ကိုဖြိုးဆီကို ဖုန်းဆက်လိုက်၏။ ထို့နောက် နာရီစင်နားက အအေးဆိုင်တစ်ခုမှာ ချိန်းလိုက်သည်။ လူချင်းတွေ့ပြီး စကားနည်းနည်းပါးပါး ပြောပြီးမှ တောင်ထိပ်အင်းကို သွားလည်ရန် သူမကအဆိုပြု၏။ သူမရဲ့အစီအစဉ်ကို ကိုဖြိုးကလည်း လက်ခံ၍ သူတို့နှစ်ယောက်တွေ့ဖို့ကိစ္စကို အသေးစိတ် ဆွေးနွေးသည်။

တစ်ယောက်နဲ့တစ်ယောက် တစ်ခါမှလည်း မမြင်ဖူး၍ ဘယ်လိုတွေ့မလဲဟု ကိုဖြိုးကပြောတော့ သူမက ရယ်သည်။ အဘယ် ကြောင့်ဆိုသော် သူမက ကိုဖြိုးကို သိပြီးသားဖြစ်သည်။ ကိုဖြိုးကသာ သူမကို မမြင်ဖူးခြင်းပင်။ သို့သော် မသိချင်ယောင်ဆောင်၍ သူမက



www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုဖြိုးကို ဘာတွေဝတ်လာမလဲဆိုတာကို မေးရသည်။ သူမလည်း အပြာနုရောင် ပါတိတ်ဝမ်းဆက်လေး ဝတ်ထားမည်ဟုပြောလိုက်၏ ကိုဖြိုးက T-Shirt အနီနဲ့ ဂျင်းဘောင်းဘီ မိုးပြာရောင်။ ချိန်းဆိုလိုက်တဲ့ အချိန်က နေ့လယ်(၁း၀၀)နာရီ။

ဒီနေ့ ကိစ္စအတွက် ကိုဖြိုးတော်တော် တက်ကြွနေသည်။ မိုးယံ ကတော့ မနက်ကတည်းက ဖုန်းခေါ်မရ၍ မျောက်မီးခဲကိုင်မိသလို ယောက်ယက်ခတ်နေလေ၏။ တစ်ခါတစ်ခါ တစ်ယောက်တည်း ငိုင်တွေ တွေကြီးဖြစ်နေသည်။ ကိုဖြိုးကတော့ မိုးယံနဲ့တခြားစီ။ ဖုန်းချပြီး ကတည်းက လေလေးတချွန်ချွန်နှင့် သီချင်းလေးတအေးအေး။

မိုးယံက တက်ကြွနေတဲ့ ကိုဖြိုးကို ကြည့်ရင်း သူ့ကိုလှောင်နေ သည်ဟု ထင်မိ၏။ သို့သော် ကိုဖြိုးမျက်နှာက သူ့ကို လှောင်ရယ်နေသည့် ပုံစံမျိုးမဟုတ်။ သူ့ဘာသာသူ တစ်စုံတစ်ခုကြောင့် အူမြူးနေတဲ့ပုံမျိုး

"ဒီကောင် . . . ဒီနေ့မှ ဘာဖြစ်နေပါလိမ့်"

ဆိုပြီး စိတ်ထဲမှာ တွေးမိ၏။ မနေ့က မန္တလေးမှာ ဆက်နေ ပြောသည်။ ဒီနေ့ အူမြူးနေသည်။ သူ့အတွက် နေတယ်ပြောပြီး အခု သူကတော့ ငုတ်တုတ်ဖြစ်နေရပြီး ပျော်နေသူက ကိုဖြိုး။

မိုးယံ ခေါင်းတွေရှုပ်လာပြီး ခုတင်ပေါ်သာ ပက်လက်ကလေး လှဲနေလိုက်တော့၏။

ကိုဖြိုးက ရေကို နာရီဝက်လောက် စိမ်ပြေနပြေ ချိုးသည် ပြီးတော့ ခေါင်းကိုလည်း သေသေချာချာ လျှော်သည်။ ရေချိုးပြီးသွား တော့ တစ်နေ့ကမှ မန္တလေးမှာတင် ဝယ်ထားသော အဲရိုး T-Shirt အနီကိုဝတ်ကာ (501) Levies ဘောင်းဘီကို သေသပ်ကျနစွာ ဝတ် ပြီးတော့ အောက်က အော်ကလီဂွင်းထိုးဖိနပ် စီးပြီးချိန်တွင် ချိန်းတွေ့ ရန်အသင့်ဖြစ်နေသော စစ်သားတစ်ယောက်လို မာန်အပြည့်။



www.burmeseclassic.com

www.burmeseclassic.com

# တယ်လီဖုန်း



နောက်ဆုံး ရေမွှေးကို ခါတိုင်းထက် နှစ်ကြိမ်ပိုဆွတ်ကာ မိုးယံတို ဒီနားခဏဆိုပြီး ထွက်လာခဲ့တော့၏။ မိုးယံက ကြက်ကို လည်လှီးထားသလို အမူအရာနှင့် ကိုဖြိုးလုပ်နေတာတွေကိုကြည့်ကာ ဝေါ်စင်းစင်းဖြစ်နေသည်။ စကားတောင်ပြန်ပြောချင်စိတ်မရှိအောင် စိတ်ခုတ်ကျနေ၏။ အကယ်၍သာ အိန္ဒြေလေးနှင့် ဖုန်းအဆက်အသွယ်ရရင် သူလည်း အခုချိန်လောက်ဆို ကိုဖြိုးလိုပြင်ဆင်ပြီး အပြင်ထွက်နိုင်ပြီ။ သို့သော် ဒီနေ့ကျမှ ဘာဖြစ်မှန်းမသိ။ မနက်ကတည်းက ဖုန်းပိတ်ထားတာ ခုထိမဖွင့်သေး။

အိန္ဒြေ သူပြန်သွားတယ်ထင်ပြီး ဖုန်းမဖွင့်တာလားဟု တွေးလိုက်မိ၏။ ဒါလည်း မဖြစ်နိုင်။ တယ်လီဖုန်းဆိုတာ သူတစ်ယောက်တည်းဆက်ဖို့ ထားတာမဟုတ်၍ တခြားကိစ္စတွေအတွက် ဖွင့်ထားရသည်။ ဒါဆို ဘာကြောင့် ပိတ်ထားရသလဲ စဉ်းစားတော့ အဖြေကပေါ်မလာ။ တစ်နေရာရာများ ကိစ္စတစ်ခုရှိလို့ သွားသလားဟု ဖြစ်နိုင်ခြေကိုဆက်ပြီး စဉ်းစားကာ စိတ်ဖြေလိုက်ရပါတော့သည်။

ထိုအချိန်မှာ ကိုဖြိုးက နာရီစင်နားရောက်နေသည်။ ကားမောင်းနေရင်းနှင့် ချိန်းထားတဲ့ အအေးဆိုင်လေးကိုရှာသည်။ တော်တော်နဲ့ ရှာမတွေ့၍ မီးမီးဆီကို ဖုန်းဆက်လိုက်သည်။ မီးမီးက ရောက်နှင့်နေပြီဖြစ်ကြောင်း ပြန်ပြောကာ ဆိုင်နေရာကို ညွှန်လိုက်သည်။

ကိုဖြိုးဆိုင်ထဲ ရောက်တော့ ရင်ခုန်သံက ထော်လာဂျီတစ်စီးအသောက်ခုန်နေပြီ။ တက်ကြွစွာလှုမ်းခဲ့သော ခြေလှမ်းများက ရုတ်တရက် လေဖြတ်ခံရသလို ဒရွတ်ဆွဲကာသွား၏။ စိတ်ထဲမှာ တက်ကြွပေါ်လျက် ဘာကြောင့် လှုပ်ရှားမှုတွေနှေးကွေးသွားရသလဲ။ ချွေးတောင်ပြန်ချင်လာ၏။

ဆိုင်ထဲကို ဝေ့ကြည့်လိုက်တော့ လူအနည်းငယ်သာရှိ၍ ရှင်း



www.burmeseclassic.com

www.burmeseclassic.com



သည်ဟုဆိုနိုင်သည်။ ခပ်လှမ်းလှမ်းစားပွဲမှာ အပြာနုရောင်ပါတိတ် အဆင်လေးဝတ်ထားသော ကောင်မလေးတစ်ယောက်ကို ကျောပေးလျက် တွေ့ရ၏။ ရုပ်က ဘယ်လိုနေမယ် မသိသော်လည်း ခန္ဓာကိုယ်အချိုးအစားကတော့ ပန်းပုဆရာလက်မြောက်ရမည့် လက္ခဏာဖြစ်သည်။ သူက ကျောပေးထား၍ ကိုယ်က အနောက်ဘက်ကိုမြင်ရသော်လည်း မိန်းကလေးတစ်ယောက်ကို ဒီလိုကြည့်တာ မကောင်း၍ ကိုဖြိုးမျက်လွှာချကာ ထိုစားပွဲဝိုင်းသို့ တစ်လှမ်းချင်း လှမ်းသွားပါတော့သည်။

တဖြည်းဖြည်းနှင့် ကောင်မလေးရှေ့ ခပ်စောင်းစောင်းသို့ ရောက်လာကာ ကိုဖြိုးက မဝံ့မရဲနှင့် . . .

"မီးမီး"

ကောင်မလေးက မော့ကြည့်တော့ ကိုဖြိုး စက္ကန့်ပိုင်းလောက် မှင်သက်သွားသည်။ ကောင်မလေးသည် တော်တော်လှသည်။ သူ ဒီကောင်မလေးနဲ့ ဖုန်းစပြောချိန်မှစ၍ အိပ်မက်ထဲမှာ အမျိုးမျိုးပုံဖော်ခဲ့ဖူးသည်။ သူ့ရဲ့ အိပ်မက်ထဲက ပုံစံတွေထက် အများကြီးသာကြောင်း လက်ခံမိ၏။ သို့သော် ဒီလိုပုံစံမျိုးကို တစ်နေရာရာမှာ မြင်ဖူးသလိုလိုလည်းရှိကြောင်း စိတ်ထဲမှာ ဖော်ပြနေ၏။

အမှန်တော့ မိုးယံနဲ့ ပထမဆုံးအကြိမ် တွဲထွက်လာကတည်းက ဓာတ်ပုံလှမ်းရိုက်ရင်း မြင်ဖူးခဲ့တာပင်။ သို့သော် တစ်ကြိမ်တစ်ခါသာ ဖျတ်ခနဲ မြင်ဖူးခဲ့၍ စိတ်ထဲမှာ ရေးတေးတေး ဖြစ်နေခြင်းပါ။ အဲဒီတုန်းက အမှတ်တမဲ့ အနေဖြင့် သဘောထားခဲ့တာလည်းပါသည်။

"ကိုဖြိုး မဟုတ်လား"

မီးမီးကပြောတော့

"ဟုတ် . . . ဟုတ်ပါတယ်"

"ဒီလိုပဲ မတ်တပ်ရပ်တော့မှာလားဟင်"





အဲဒီတော့မှ သူ့အနေအထားသူ သဘောပေါက်သွားကာ မီးမီးရှေ့က ခုံမှာ ဝင်ထိုင်လိုက်၏။ ပြီးမှ . . .

"ရောက်နေတာ ကြာပြီလား"

"သိပ်တော့မကြာသေးဘူး။ ဆယ့်ငါးမိနစ်လောက်ပဲရှိသေးတယ်"

"အားနာစရာတောင်ဖြစ်နေပြီ။ အမှန်ဆို ကျွန်တော်က ယောကျ်ားလေးဆိုတော့ ကြိုရောက်သင့်ပါတယ်။ ဒါပေမဲ့ ဆိုင်ကို တော်တော်နဲ့ ရှာမတွေ့တာနဲ့"

"ရပါတယ်။ ကိုယ့်မြို့ကိုယ့်ရွာမဟုတ်တော့ ဒီလိုပဲပေါ့။ မီးမီးတောင် သူငယ်ချင်းလိုက်ပို့လို့ အမြန်ရောက်တာ"

"ဩော် . . . ဟို . . . မင်္ဂလာဆောင်သွားတယ်ဆိုတဲ့ သူငယ်ချင်းလား"

မီးမီးက ခေါင်းခါပြကာ . . .

"မဟုတ်ဘူး . . . နောက်တစ်ယောက်"

ကိုဖြိုး ဘာမှ ဆက်မမေးတော့ဘဲ မှာထားတဲ့ ကော်ဖီကို သောက်သည်။ မီးမီးကပင် ခဏနေတော့ စကားကိုဆက်၏။

"ကိုဖြိုးက ရန်ကုန်မှာနေတော့ ဘယ်နားမှာနေလဲဟင်"

"ကိုးမိုင်မှာ . . . မီးမီးကရော"

မီးမီးက ပါးစပ်လေးကို လက်နဲ့အုပ်၍ ရယ်ကာ. . .

"မပြောပြဘူး"

"ဟာ . . . ဒီလိုတော့ မလုပ်နဲ့လေဗျာ။ ကျွန်တော်တျတော့ ပြောရပြီးတော့ အနိုင်ပိုင်းတယ်"

မီးမီးက တခစ်ခစ်နဲ့ ဆက်ရယ်သည်။ အရယ်ရပ်တော့မှ

"မီးကို ရန်ကုန်မှာနေတယ်လို့ သိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ သူ့အနေအထားသူ သဘောပေါက်သွားကာ မီးမီး ရှေ့က ခုံမှာ ဝင်ထိုင်လိုက်၏။ ပြီးမှ . . .

"ရောက်နေတာ ကြာပြီလား"

"သိပ်တော့မကြာသေးဘူး။ ဆယ့်ငါးမိနစ်လောက်ပဲရှိသေးတယ်"

"အားနာစရာတောင်ဖြစ်နေပြီ။ အမှန်ဆို ကျွန်တော်က ယောကျ်ားလေးဆိုတော့ ကြိုရောက်သင့်ပါတယ်။ ဒါပေမဲ့ ဆိုင်ကို တော်တော်နဲ့ ရှာမတွေ့တာနဲ့"

"ရပါတယ်။ ကိုယ့်မြို့ကိုယ့်ရွာမဟုတ်တော့ ဒီလိုပဲပေါ့။ မီးမီးတောင် သူငယ်ချင်းလိုက်ပို့လို့ အမြန်ရောက်တာ"

"ဩော် . . . ဟို . . . မင်္ဂလာဆောင်သွားတယ်ဆိုတဲ့ သူငယ်ချင်းလား"

မီးမီးက ခေါင်းခါပြကာ . . .

"မဟုတ်ဘူး . . . နောက်တစ်ယောက်"

ကိုဖြိုး ဘာမှ ဆက်မမေးတော့ဘဲ မှာထားတဲ့ ကော်ဖီကို သောက်သည်။ မီးမီးကပင် ခဏနေတော့ စကားကိုဆက်၏။

"ကိုဖြိုးက ရန်ကုန်မှာနေတော့ ဘယ်နားမှာနေလဲဟင်"

"ကိုးမိုင်မှာ . . . မီးမီးကရော"

မီးမီးက ပါးစပ်လေးကို လက်နဲ့အုပ်၍ ရယ်ကာ. . .

"မပြောပြဘူး"

"ဟာ . . . ဒီလိုတော့ မလုပ်နဲ့လေဗျာ။ ကျွန်တော်ကျတော့ ပြောရပြီးတော့ အနိုင်ပိုင်းတယ်"

မီးမီးက တခစ်ခစ်နဲ့ ဆက်ရယ်သည်။ အရယ်ရပ်တော့မှ

"မီးကို ရန်ကုန်မှာနေတယ်လို့ သိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကိုဖြိုးက ပြုံးလိုက်ကာ . . .

"အတိအကျတော့ ကာယကံရှင်ထက် ဘယ်ပိုသိနိုင်မလဲ။ ဒါပေမဲ့ ရန်ကုန်သူလို့ စိတ်ထဲမှာ သိနေသလိုပဲ"

မီးမီးက ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်၊ မီးက ရန်ကုန်မှာနေတာပါ။ (၇)မိုင်မှာပါ"

ကိုဖြိုးက ခေါင်းညိတ်ကာပြသည်။ ထို့နောက် ဖုန်းစဆက်ကတည်းက အခုချိန်ထိ မမေးဖြစ်ဘဲ အောင့်ထားသော စကားကို ပြောသည်။

"ဒါနဲ့ ကျွန်တော့်ဖုန်းနံပါတ်ကို ဘယ်ကရတာလဲဟင်"

မီးမီးရုပ်သည် ပြုံးနေရာမှ ချက်ချင်း တည်ကာသွားသည်။ သို့သော် အလွန်လျင်မြန်လွန်း၍ တော်ရုံလူ သတိထားမိမည်မထင်။ စက္ကန့်ပိုင်းလေးသာဖြစ်၍ ချက်ချင်း ပြန်ပြုံးလာကာ . . .

"ဘာလို့ သိချင်တာလဲ"

"စိတ်ဝင်စားလို့ပေါ့ . . . ကိုယ့်ဖုန်းနံပါတ်ကိုသိတဲ့လူဆိုတော့ ကိုယ့်မိတ်ဆွေတွေထဲကပဲလို့ ထင်မိလို့"

"မိတ်ဆွေတွေထဲကမဟုတ်ဘဲ အပြင်လူတစ်ယောက်ယောက်ဆီကဆိုရင်ကော"

ကိုဖြိုးက ခေါင်းကိုခါလိုက်ကာ . . .

"မဖြစ်နိုင်ဘူး။ ကိုယ်က ရုပ်ရှင်မင်းသားမှ မဟုတ်တာ"

မီးမီးကရယ်သည်။ အရယ်ဆုံးတော့မှ . . .

"ထားပါတော့ . . . ကိုဖြိုး မိတ်ဆွေတွေထဲကပဲဆိုပါတော့"

ကိုဖြိုးက စိတ်ဝင်စားတဲ့မျက်နှာနဲ့ . . .

"ဘယ်သူလဲဟင်"

မီးမီးက ခေါင်းကိုခါသည်။



www.burmeseclassic.com

www.burmeseclassic.com



သိချင်ဇောနဲ့ ဆက်မေးလိုက်၏။ ကောင်လေးက . . .

"ဒီဆိုင်ရှင်ရဲ့ သူငယ်ချင်းလေ အစ်ကိုမသိဘူးလား"

"ဪ . . . အိန္ဒြေရဲ့သူငယ်ချင်းပေါ့"

ကောင်လေးက ခေါင်းခါလိုက်သည်။

"မဟုတ်ဘူး . . မအိန္ဒြေက မနှင်းလဲ့ရဲ့သူငယ်ချင်း။ ဒီဆိုင်ရှင်လည်း မနှင်းလဲ့ရဲ့ သူငယ်ချင်း"

မိုးယံ ချာလပတ်လည်သွားသည်။ စိတ်ညစ်လို့ မြစ်ကမ်းဘေးထိုင်နေကာမှ သပွတ်အူမျှောလာတာနှင့် တိုးလေပြီ။ သို့သော် ကောင်လေးပြောပုံအရ တစ်ခုခု ထူးခြားနေသလိုရှိ၍ နည်းနည်းတော့ အံ့ဩမိသည်။ တစ်ခုခုတော့ လွဲနေပြီဆိုတာ နားလည်လိုက်သည်။ ထို့ကြောင့် ရေလိုက်ငါးလိုက် လုပ်လိုက်ကာ . . .

"အိန္ဒြေက ဒီဆိုင်ရှင် မဟုတ်ဘူးလား"

မိုးယံစကားဆုံးတော့ ကောင်လေးက ရယ်လိုက်ကာ . . .

"အစ်ကိုတို့က သူငယ်ချင်းတွေဖြစ်ပြီး ဘာမှလည်းမသိဘူး"

ကောင်လေးစကားအရ သူနှင့် အိန္ဒြေ့ကို အရင်ကတည်းက သူငယ်ချင်းတွေဟု ထင်နေပုံရကြောင်း မိုးယံသဘောပေါက်လိုက်သည်။ ထို့ကြောင့် ချော်လဲရောထိုင်လုပ်လိုက်ကာ . . .

"သူငယ်ချင်းတွေဆိုပေမယ့် မတွေ့တာကြာပြီကွ။ အခုဒီမှာ ပြန်လာဆုံတာ။ သူက ငါ့ကို ဒီဆိုင်က သူ့ဆိုင်ဆိုပြီးပြောထားလို့"

ကောင်လေးကရယ်သည်။ ပြီးတော့ . . .

"ဒါ မယုယ ဖွင့်ထားတဲ့ဆိုင်ပါ။ မယုယက မနှင်းလဲ့သူငယ်ချင်း။ မအိန္ဒြေနဲ့ ဘာမှမဆိုင်ဘူး။ မယုယနဲ့ မအိန္ဒြေနဲ့ကလည်း မသိဘူး။ ဟိုတလောကပဲ မအိန္ဒြေက ဒီဆိုင်မှာ လာကူရောင်းပေးမယ်ဆိုပြီး ရောက်လာတာ။ ကျွန်တော်က မယုယတို့ ငှားထားတဲ့အလုပ်သမားပါ။



www.burmeseclassic.com

www.burmeseclassic.com



မအိန္ဒြေက ပျင်းလို့ ဈေးလာကူရောင်းပေးတာလို့ပြောတယ်"

မိုးယံရင်ထဲမှာ ဟာခနဲဖြစ်သွားသည်။ အံ့ဩလွန်း၍ ကြောင်တောင်တောင်ပါဖြစ်သွား၏။ တစ်ခုခုတော့ လွဲနေပြီဆိုတာ သဘောပေါက်လိုက်သည်။

အိန္ဒြေက ဘာကြောင့်ဒီလိုလုပ်ရတာလဲဆိုတာ စဉ်းစားမရ။ ပျင်းလျှင် သူ့လိုပုံစံမျိုးနှင့် အခြားအလုပ်တစ်ခု လုပ်လို့ရသည်။ ထို့ကြောင့် အစကတည်းကတော့ စဉ်းစားမိသား။ အိန္ဒြေ့ပုံကြည့်ရတာ ချမ်းချမ်းသာသာ မိသားစုထဲက ပေါက်ဖွားလာတဲ့ပုံစံဟန်ပန် ရှိသည်။ ဝတ်ထားစားထားတာနှင့် ဒီဆိုင်မျိုးက လုံးဝမလိုက်ဖက်။

သို့သော် တချို့သူဌေးသမီးတွေလည်း ဒီလိုဆိုင်မျိုးလေး အပျော်ဖွင့်ထားတတ်သည်။ ဒီလိုပဲ အပျော်သဘောလာထိုင်ပြီး စတိုင် ထုတ်တတ်ကြ၏။ ထို့ကြောင့် ဒီကိစ္စကို ခေါင်းထဲထည့်မစဉ်းစားတော့ဘဲ ဘာသိဘာသာနေခဲ့၏။

အခုတော့ ဒီဆိုင်က အိန္ဒြေ့ဆိုင် မဟုတ်ဘဲ သူများဆိုင်ဖြစ်နေသည်။ ဒါဆို အိန္ဒြေ ဘာဖြစ်လို့ ဒီဆိုင်ကို သူ့အဒေါ်ဆိုင်ဟုလိမ်ပြော ရသနည်း။

မိုးယံခေါင်းမှာ အတွေးပေါင်းစုံ တက်ကာလာသည်။ ခေါင်းတစ်ခုလုံး ရှုပ်ထွေးနေသောကြောင့် ကောင်လေးကိုတောင် နှုတ်မဆက်နိုင်ဘဲ မန္တလေးတောင်ပေါ်မှ ပြန်ဆင်းခဲ့တော့၏။

အနောက်ဘက်ကောင်းကင်တွင် တောင်စွယ်နေကွယ်တော့မည်ကို လှမ်းမြင်ရသည်။

မိုးယံစိတ်တွေ ရှုပ်ထွေးနောက်ကျိကာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



**မီးမီး** ၏ဒေါက်ဖိနပ်သည် ဦးပိန်တံတားကြမ်းခင်းများအကြား ခဏခဏညပ်နေ၍ ဆွဲထုတ်နေရ၏။ ထို့ကြောင့် လမ်းလျှောက်ရာမှာ အနှောင့်အယှက်တစ်ခုလို ဖြစ်နေလေသည်။ ဒါကို ကိုဖြိုးက ကြည့်ပြီး ရယ်သည်။ မီးမီးကလည်း ရောယောင်ပြီးလိုက်ရယ်ကာ "စိတ်ညစ်တယ်" ဟု ခဏခဏပြော၏။

ထို့နောက် နားနေဆောင် ဇရပ်တစ်ခုနားရောက်တော့ အရိပ်ရသည့်နေရာတစ်ခုကိုရွေး၍ တံတားပေါ်မှာပင် ခြေတွဲလဲချ၍ သူတို့ ထိုင်လိုက်ကြသည်။

"တောင်သမန်အင်းသွားမှာ သိလျက်နဲ့ မီးက ဒီဖိနပ်ကိုစီးလာမိတယ် . . . တကယ်ပဲ။ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်လိုက်တာ"

တံတားပေါ်မှာထိုင်ပြီး မီးမီးက ရေရွတ်တော့ . . .

"အဲဒါဆို ဖိနပ်ချွတ်ပြီးလျှောက်လိုက်ပေါ့။ အဲဒါဆို အဆင်ပြေသွားရော"

မီးမီးက ကိုဖြိုးစကားကိုကြားတော့ အနည်းငယ်တွေးလိုက်ပြီးမှ

"ဟုတ်သားပဲ . . . အခုမှသတိရတယ်။ အဲဒါဆိုပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



ကိုဖြိုးက ရယ်လိုက်ပြီး . . .

"လျှောက်ရဲလို့လား"

"ဘာလို့ မလျှောက်ရဲရမှာလဲ"

"တကယ်"

"တကယ်ပေါ့။ ပြီးရင်ကြည့်။ အဲ . . . ဒါပေမဲ့ ကိုဖြိုးလည်း ဖိနပ်ချွတ်ရမှာနော်"

ကိုဖြိုးက အံ့ဩဟန် တစ်ချက်လုပ်ပြီး . . .

"ဘာဆိုင်လို့တုံး . . . ကိုယ်မှ ဒေါက်ဖိနပ်စီးမထားတာ"

ကိုဖြိုးစကားဆုံးတော့ မီးမီးသည် နှုတ်ခမ်းလေးစူ၍ ကလေးလေးတစ်ယောက်လို ပုံစံလုပ်ကာ . . .

"ဟာ . . . မရဘူး . . . မရဘူး။ ချွတ်ရမှာပဲ။ ဒီမှာတစ်ယောက်တည်း အဖော်မရှိတဲ့ဟာကို"

ကိုဖြိုးက မီးမီးပုံစံကြည့်ပြီး ရယ်ချင်သွား၏။ ပြီးတော့ ဖျတ်ခနဲ ရင်ခုန်သွားသည်။ မီးမီးသည် ဘယ်လိုကြည့်ကြည့် ချစ်ဖို့ကောင်းကြောင်း သူ လက်ခံမိ၏။ သို့သော် သူ့စိတ်ထဲမှာ မရှင်းတာတစ်ခုရှိနေသည်။ သူမီးမီးကို တွေ့ဖူးသလိုလိုရှိနေခြင်းပင်။ ဘယ်မှာတွေ့ဖူးမှန်း စဉ်းစား မရ။ နောက်တော့ ခေါင်းထဲက ထုတ်ထားလိုက်သည်။ ဒီလိုပဲ တွေ့ဖူးသလိုလိုနှင့် ကိုယ်နဲ့မသိတဲ့လူတွေ လောကကြီးမှာ တစ်ပုံကြီးကိုး။

မီးမီးက ကိုဖြိုးစကားပြတ်သွား၍ တစ်ချက်လှည့်ကြည့်မိရာ သူ့ကိုမကြည့်ဘဲ အင်းရေပြင်ကို ငေးကြည့်နေသော ကိုဖြိုးကိုတွေ့ရ သည်။ ထို့ကြောင့် . . .

"ဘာတွေဒီလောက်တောင် တွေးနေတာလဲ။ ဟင်း . . . ရန်ကုန်ကို လွမ်းလို့လား"

ကိုဖြိုးက ရုတ်တရက် လှည့်ကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဟုတ်ပါဘူး။ ဒီလိုပါပဲ"

မီးမီးကပြုံး၍ . . .

"ဒီ ဦးပိန်တံတားမှာ စာဆိုလေးတစ်ခု ရှိတယ်သိလား"

"ဘာလဲဟင်"

"အတိအကျတော့ ဟုတ်လား၊ မဟုတ်လား မသိဘူး။ လူပြော သူပြောများတဲ့ ပါးစပ် စကားလေးတစ်ခုပါ"

"ပြောပါဦး"

"ဒီဦးပိန်တံတားပေါ် ကိုတဲ့"

"အင်း"

"ချစ်သူနှစ်ဦး အတူတူလျှောက်မိရင် ပေါင်းဆုံရတတ်တယ်။ ကိုဖြိုးလည်း ချစ်သူရှိခဲ့ရင် ဒီတံတားပေါ် ကို ခေါ်လာပြီး နှစ်ယောက် အတူတူ လျှောက်ပေ့။ အဲဒါဆို ပေါင်းရမှာ"

ကိုဖြိုးက မီးမီးစကားဆုံးတော့ တစ်ချက်ပြုံးလိုက်ကာ . .

"ကိုယ့်မှာ လျှောက်ချင်ပါတယ်ဆိုတောင် ချစ်သူမှမရှိတာ။ ကိုယ့်ကိုသာပြောနေတယ်။ မီးမီးရော လျှောက်ကြည့်ဖို့ အစီအစဉ်မရှိ ဘူးလား"

ဒီစကားက မီးမီးမှာရော ရည်ရွယ်ထားသူမရှိဘူးလားဟု မေး လိုက်ရာရောက်သည်။ တစ်နည်းအားဖြင့် မီးမီးရဲ့အတွင်းရေးကို စတင် တီးခေါက်ကြည့်လိုက်တဲ့သဘော . . .

မီးမီးကလည်း ကိုဖြိုး ဘာရည်ရွယ်ချက်နဲ့ မေးလဲဆိုတာကို သိ၏။ ဒီလောက်တော့ သူမက လည်ပြီးသား။ အဲဒီလောက်မလည်ရင် လည်း ဒီယောကျ်ားနှစ်ယောက်နှင့် ဉာဏ်ချင်းဘယ်ကစားပါ့မလဲ မီးမီးပဲ။

ထို့နောက် သူမ ပြုံးလိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"အခုလောလောဆယ်တော့ မရှိသေးပါဘူး"

ဆိုပြီး စကားကို ကြိုးရှည်ရှည်လေး လှန်ထားလိုက်ပါသည်။

အခုမရှိသေးဘူးဆိုတော့ နောက်တော့ မပြောတတ်ဘူးဆိုတဲ့ သဘော။ ကိုဖြိုးက ထိုအကြောင်း ဘာမှ ဆက်မပြောတော့။ ဟိုး . . . အဝေးကိုသာ ငေးကြည့်နေ၏။

တောင်သမန် လေပြည်သည် သူတို့နှစ်ဦးကြား ဖြတ်သန်းတိုက်ခတ်သွားသည်။ လေညင်းတိုက်ခတ်သွားသောကြောင့် မီးမီးရဲ့ ဆံနွယ်စလေးများက လွင့်ဝဲကာ ကိုဖြိုးပခုံးဆီကို လာရောက်ရိုက်ခတ်သည်။ ထိုအတွေ့အထိကို နှစ်ဦးစလုံး သိသော်လည်း သာယာမိ၍ ငြိမ်သက်မိ၏။

ကိုဖြိုးရင်ထဲမှာ မီးမီးကို ပြောစရာစကားတွေ အများကြီး။ သူ့ကို ဘာလို့ ဖုန်းဆက်ပြီး မိတ်ဆက်ရတယ်ဆိုတဲ့အကြောင်းကို အတိအကျ သိချင်မိ၏။ မီးမီးလို ရုပ်ရည်မျိုးနှင့် အနေအထားမျိုးသည် ယောကျ်ားလေးတစ်ယောက်ကို ဖုန်းဆက်ပြီး မိတ်ဆက်ရလောက်အောင် ရှားပါးနေသည့် ပုံစံလုံးဝမဟုတ်။ သူမဘေးနားမှာ သူမကို လိုချင်နေသည့်သူများ၊ ပတ်သက်ချင်သည့်သူများ၊ မိတ်ဆက်ချင်သည့်သူများ ဝိုင်းနေမှာ ကြိမ်းသေသည်။ ဒါက ပထမတစ်ချက်. နားမလည်နိုင်သော ကိစ္စဖြစ်သည်။

ဒုတိယတစ်ချက်က သူ့အပေါ် စတွေ့လျှင် တွေ့ချင်းမှာပဲ လိုက်လိုက်ရောရောနှင့် နွေးထွေးစွာ ဆက်ဆံသည်။ အခုမှ တွေ့ရသည့် ယောကျ်ားလေးတစ်ယောက်ကို ရှက်ရွံ့နေဟန် လုံးဝမပြ။ ဒီလိုပြောလိုက်လို့ မီးမီးကို အထင်သေးသွားခြင်းမဟုတ်ပါ။ မိန်းကလေးအ တော်များမှာ ရှိတတ်သည့် အမူအရာမရှိခြင်းကို ဆိုလိုသည်။

သူတွေးနေစဉ်မှာပင် မီးမီးက စကားလှမ်းပြော၍ သူ့အတွေး

www.burmeseclassic.com

www.burmeseclassic.com



စပြတ်သွား၏။

"ကိုဖြိုး ဘာတွေ တွေးနေတာလဲဟင်"

သူခေါင်းခါပြလိုက်ကာ . . .

"ဘာမှမဟုတ်ပါဘူး"

"မလိမ်ပါနဲ့ . . . စကားတောင်မပြောနိုင်ဘဲ ဘာတွေ တွေးနေရတာလဲ။ ဘာလဲ မီးကို မခင်လို့လား"

ထိုစကားကြားတော့ သူ အားနာသွား၏။ အမှန်ဆို သူ့ဘက်က တောင်စပြီး နွေးထွေးပြရဦးမည်။ အခုတော့ သူက အန်းတန်းတန်းဖြစ်နေပြီး မီးမီးက အေးအေးဆေးဆေး။

ဒီ့ကမပူဘဲ စလောင်းက ပူနေသည့်အဖြစ်မျိုး။ သူဒီလိုဆက်နေရင် မီးမီးကို အထင်သေးရာ ရောက်သွားမည်စိုးသောကြောင့် ဆတ်ခနဲ တစ်ချက်ရယ်ပြလိုက်ကာ . . .

"ခင်တာပေါ့ . . . ခင်လွန်းလို့ အပျော်လွန်ပြီး ဘာပြောရမှန်းမသိဖြစ်သွားတာ"

"အပိုတွေ"

"လိုတောင်လိုသေးတယ်။ တကယ်ပြောတာ၊ မီးမီးလို ချောချောလှလှ ကောင်မလေးမျိုးနဲ့ ဒီလိုနေရာမျိုးမှာ စကားတွေပြောရင်း ထိုင်ရမယ်လို့ အိပ်မက်တောင်မမက်ဖူးဘူး။ အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ခဏ ခဏ ဆွဲဆိတ်ကြည့်နေရတယ်"

ထိုစကားကြားတော့ မီးမီးက ကိုဖြိုး ပခုံးကို ရိုက်ဟန်တစ်ချက်လုပ်လိုက်သည်။ ကိုဖြိုးကလည်း ပခုံးလေးကို ရှို့ကာရှောင်ဟန်တစ်ချက် လုပ်လိုက်ကာ ရယ်လိုက်၏။

"တော်တော်စကားတတ်တယ်"

ဟု မီးမီးက ရယ်ရင်းပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ရင်ထဲက လာတဲ့စကားတွေပါ"

ကိုဖြိုးကလည်း ရယ်ရင်း ပြန်ဖြေသည်။ သူတို့ရယ်သံများ သည် လေတစ်ချက်အဝှေ့တွင် တောင်သမန်ပတ်ဝန်းကျင်သို့ လွင့်ဝဲကာသွား၏။ လမ်းသွားလမ်းလာများက သူတို့ကို ပျော်ရွှင်နေကြတဲ့စုံတွဲဆိုပြီး ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြ၏။

ယောကျ်ားလေးတချို့က . . .

"သူများတွေ အားကျလိုက်တာကွာ"

ဟု မကြားတကြား နောက်သွားကြသည်။

မိန်းကလေးတွေကတော့ မကြားတကြား မပြောဘဲ အချင်းချင်း လေသံလောက်နှင့်ပြောပြီး အတင်းတုတ်သွားကြသည်။

ကိုဖြိုးရော မီးမီးပါ ထိုအရာများကို မသိချင်ယောင်ဆောင်နေလိုက်သည်။ ထို့နောက် သူတို့စကားဆက်ပြောကြ၏။

ကိုဖြိုးကစ၍ . . .

"မီးမီး ဘယ်တော့ ရန်ကုန်ပြန်မလဲဟင်"

မီးမီးက စဉ်းစားဟန်လုပ်ပြီး . . .

"အတိအကျတော့ မသိသေးပါဘူး။ ပျော်သလောက် နေဦးမယ်"

"ဒီမှာနေတော့ ဘယ်မှာတည်းလဲ"

"သူငယ်ချင်းတစ်ယောက်အိမ်မှာ အဲဒီသူငယ်ချင်းနဲ့က ငယ်ငယ်ကတည်းက တွဲလာတာလေ။ ဆွေမျိုးတွေလိုဖြစ်နေပြီ"

ကိုဖြိုးက ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။ မီးမီးကပင် စကားဆက်၏။

"ကိုဖြိုးရော ဘယ်တော့ပြန်မှာလဲ"

ကိုဖြိုးက တစ်ချက်လှည့်ကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ပြန်စေချင်နေပြီလား"

မီးမီးက ကမန်းကတန်း ခေါင်းယမ်းကာပြ၏။ သူမ ခေါင်းယမ်းလိုက်စဉ် ဆံနွယ်တချို့ ကိုဖြိုးပခုံးကို ရိုက်ခတ်ပြန်သည်။ ကိုဖြိုး ရင်ခုန်တာသွားသည်။ သူမ ဆံနွယ်လေးများဆီမှ မွှေးပျံ့သော ရနံ့တစ်ခု ရရှိလိုက်၏။ ရင်ထဲမှာ ဒိန်းခနဲ . . .။

"မဟုတ်ပါဘူး . . မီးမီးပြန်မှ ပြန်လို့ ပြောမလို့"

"အဲ . . . မီးမီးက ဒီမှာ တစ်သက်လုံးနေမယ်ဆိုရင်ကော"

"အဲဒါဆို ကိုဖြိုးလည်း ဒီမှာတစ်သက်လုံးနေပေါ့"

ကိုဖြိုးက ရယ်လိုက်ကာ . . .

"မီးမီးက ထမင်းကျွေးထားမှာမို့လို့လား"

မီးမီးက မျက်ဝန်းတောက်တောက်လေးများကို ဝင့်ကာ ခေါင်းအလေးညိတ်ပြတော့ ကိုဖြိုးခန္ဓာကိုယ်သည် ဦးပိန်တံတားနှင့် ငါးပေသောက် လွတ်သွားသလိုတောင် ဖြစ်ကာသွားသည်။

ဒီကောင်မလေးနဲ့တော့ ခက်ပြီဟု သူ့ခေါင်းထဲမှာ တွေးလိုက်မိ၏။

သူမ မျက်ဝန်းမှာ ယောက်ျားဘယ်နှယောက် ကြွေကျဖူးပြီလဲ။

သူမ ဆံနွယ်ရနံ့မှာ ယောက်ျားဘယ်နှယောက် မူးမိုက်ခဲ့ရပြီလဲ။

သူမ ရယ်သံလေးတွေမှာ ယောက်ျားဘယ်နှယောက် နစ်မျောခဲ့ပြီလဲ။

လောလောဆယ်တော့ သူနဲ့ မိုးယံနှစ်ယောက်ကတော့ သေချာနေပြီဆိုတာ ကိုဖြိုးသိနိုင်လိမ့်မည် မဟုတ်ပေ။

ဦးပိန်တံတားကြီးသည် သူတို့နှစ်ယောက် ကံကြမ္မာကို သိနိုင်ခဲ့သော်ငြားလည်း ပြောပြနိုင်လိမ့်မည်မဟုတ်ပေ။

ထို့နောက် သူတို့စကားနည်းနည်းပါးပါး ဆက်ပြောကာ ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြတော့၏။

မီးမီးက ဒေါက်ဖိနပ်လေးကိုကိုင်ကာ လမ်းလျှောက်၍ ကိုဖြိုးက သူ့ဖိနပ်နှစ်ဖက်ကိုချွတ်ကာ ကိုင်လာသည်။

ထို့နောက် နားနေဆောင်ဇရပ်အောက်က မုန့်ဆိုင်လေးမှာ တစ်ရှူးဝင်ဝယ်သည်။ ကိုဖြိုးက ရေသန့်ဘူးတစ်ဘူးဝယ်၏။

ဆိုင်ရှင်ကောင်မလေးက သူတို့နှစ်ယောက်ကိုကြည့်ကာ တခစ်ခစ်ရယ်နေ၍ မေးကြည့်တော့ . . .

"အစ်မတို့စုံတွဲက တစ်မျိုးပဲနော်။ ဖိနပ်ပါလျက်သားနဲ့ မစီးဘဲ ကိုင်ရတယ်လို့။ ဟီးဟီး . . . ဖိနပ်က အစ်မတို့ကို ပြန်စီးနေသလိုပဲ"

ကောင်မလေးရဲ့စကားကြောင့် သူတို့ရယ်မိကြ၏။ ကောင်မလေးပြောတဲ့ "အစ်မတို့စုံတွဲ"ဆိုတဲ့ စကားကြောင့် ကိုဖြိုးက မီးမီးကို အားနာစွာ လှမ်းကြည့်မိသည်။ မီးမီးမျက်နှာမှာ ဘာအရိပ်အရောင်မျှ မရှိ၍ သက်ပြင်းကိုချမိ၏။

ထိုစကားကြားတော့ သူ့ရဲ့ ရင်ခုန်သံသည် ရုတ်တရက် လီဗာဆောင့်နင်းလိုက်သော ပြိုင်ကားတစ်စင်းလို အရှိန်နဲ့ ရှန်းထွက်သွားတာ အမှန်ပင်။

မီးမီးကတော့ ပုံမှန်မောင်းနှင်လာသော ရထားတစ်စင်းလို တည်ငြိမ်နေတာ တွေ့ရပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပိုးကိုမသေတာ စဝင်လာကတည်းက သတိထားမိ၏။ သူငယ်ချင်းတစ်ယောက်လုံး ဟိုတယ်ကျန်ခဲ့တာတောင် ထမင်းစားပြီးပြီလား ဘာလား မမေးနိုင်ရအောင် ဘာဖြစ်လာသနည်း။ ရုတ်တရက်သိန်းထီထပေါက်ရလောက်အောင်လည်း ဒီကောင် ထီမထိုးထားတာသူ သိသည်။ ပြီးတော့ ဒီကောင့် ကံဇာတာက အဲဒီလောက် မကောင်းနိုင်ကြောင်းလည်း ခန့်မှန်းမိ၏။

ကိုယ်ကတော့ ဒီနေ့တစ်နေ့လုံး အခန်းထဲမှာ တပိန်ပိန်တလိန်လိန်နဲ့ နေခဲ့ရသည်။ ပြီးတော့ မျှော်လင့်ချက်အပြည့်နှင့် တောင်ပေါ်တက်သွားကာ ရွှေရင်ဆို့ပြီး ပြန်ခဲ့ရ၏။ တောင်ပေါ်က ဆင်းလာတော့ စိတ်ညစ်စရာ စိတ်ရှုပ်စရာတွေ တစ်ပုံကြီးပါလာခဲ့သည်။ ထို့ကြောင့် အတွေးပေါင်းစုံနှင့် မျှောလွင့်နေတုန်း ကိုယ်တော်ချောက သီချင်းလေးတအေးအေးနှင့် ပြန်ရောက်လာ၏။

ရောက်လာကတည်းက ဆိုလိုက်တဲ့သီချင်း၊ တစ်ပုဒ်ပြီးတစ်ပုဒ်။

"ရွှေဘိုသနပ်ခါးတုံးများ ရန်ကုန်လိမ်းဖို့ယူ။ ဘယ်လို အသားချေးမည်း ဝါဝါညက်ညက်ဖြူ။ ဟေး . . . ကြံကြံဖန်ဖန် ရန်ကုန်သူ . . . ဟေး . . . မန္တလေးရောက်လို့ အသားမည်းပြန်သတဲ့သူ . . . ဝူ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုတော့ ဖြစ်လာတာသေချာသည်။ မန္တလေးသားတွေ ဝိုင်းရိုက်လိုက်လို့များ ရှုံးလာလားမသိပေ။

မိုးယံတွေးနေရင်းနှင့် ဒေါသဖြစ်လာကာ ကိုဖြိုးကို မျက်စောင်းတခဲခဲဖြစ်နေသည်။ ကိုဖြိုးက မိုးယံအခြေအနေကို ဂရုမစိုက်ဘဲ အကျႌချွတ်ရင်း မျက်နှာသုတ်ပဝါလေးပတ်ကာ ရေချိုးခန်းထဲ ဝင်ကာသွား၏။

ရေချိုးခန်းထဲရောက်တော့ သီချင်းတွေကို အော်ကြီးဟစ်ကျယ်ဆိုသည်။ မိုးယံ စိတ်ပျက်စွာ ခေါင်းခါလိုက်သည်။ ထို့နောက် စိတ်ငြိမ်အောင် ပါလာတဲ့ စာအုပ်တွေထဲက တွေ့တဲ့ စာအုပ်တစ်အုပ်ကို ယူဖတ်နေလိုက်၏။

ခဏနေတော့ ကိုဖြိုးရေချိုးခန်းထဲက ထွက်လာပြီး အဝတ်အစားလဲသည်။ လဲပြီးတော့ ခုတင်ပေါ် စာအုပ်ဖတ်နေတဲ့ မိုးယံဆီသွားကာ ဖတ်နေတဲ့ စာအုပ်ကို ဖျတ်ခနဲ ဆွဲယူလိုက်ပြီး . . .

"ဟော့ကောင် . . . အပြင်သွားရအောင်။ ဘီယာသွားချမယ်။ လာ . . ."

မိုးယံက ရှုတည်တည်နဲ့ ကြည့်ရင်း . . .

"ငါဒီနေ့ ဘီယာ မသောက်ချင်ဘူး"

ဟုပြောကာ ကိုဖြိုးလက်ထဲက စာအုပ်ကို ပြန်လုသည်။ ကိုဖြိုးက စာအုပ်ကို ခုတင်ရှိရာသို့ ပစ်တင်လိုက်ပြီး . . .

"ဘီယာ မသောက်လည်း တစ်ခုခုတော့ သောက်ကွာ။ လာသွားမယ်"

"သွားချင်ဘူး"

မိုးယံက ရှုတည်တည်နဲ့ ငြင်းတော့ ကိုဖြိုးက လှောင်ပြုံးပြုံးကာ

"မင်းတစ်ခုခု ဖြစ်နေသလိုပဲ"

"ဘာမှမဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိုးယံက တစ်ဖက်သို့ လှည့်သွားရင်းပြောတော့ . . .

"မင်း စိတ်ဆိုးနေတာလား"

"ဘာကိုလဲ"

"ငါ့ကို"

"ဘာဆိုင်လို့လဲ"

"မင်းကို ဘာမှမပြောဘဲ ထွက်သွားလို့"

မိုးယံ မျက်နှာကိုတစ်ချက်မဲ့လိုက်ကာ . . .

"တခြားစီပါ။ ငါ့အကြောင်းနဲ့ငါ စိတ်ရှုပ်နေတာ"

ကိုဖြိုးက ခေါင်းကိုတညိတ်ညိတ် လုပ်သည်။ ထို့နောက် ကားသော့ကို ကောက်ကိုင်လိုက်ကာ . . .

"ကဲပါ . . . စိတ်ညစ်စရာတွေ လစ်သွားအောင် နည်းနည်းသွားကစ်လိုက်မယ်။ မင်းကိုငါ ပြောစရာလည်းရှိတယ်"

မိုးယံက ကိုဖြိုးကို တစ်ချက်မော့ကြည့်သည်။ ပြောစရာရှိတယ်ဆိုပဲ။ သူလည်း နေ့လယ်က ကိစ္စကို ရင်ဖွင့်ချင်နေသည်။ အိန္ဒြေနဲ့ ဆက်သက်တဲ့ လွဲနေတဲ့ကိစ္စလေးတွေကို ပြောဆိုတိုင်ပင်ချင်နေမိ၏။ အခုလို ကိုဖြိုးကလည်း သူ့ကို ပြောစရာရှိတယ်ဆိုတော့ စိတ်ဝင်စားသွားသည်။ ဒီကောင့်ဆီက အကြောင်းထူးတစ်ခုခု ထူးခြားလာပြီဆိုတဲ့ သတင်းကို ကြားရလိမ့်မည်ဆိုတာ ကြိုသိသည်။ ဒီလောက် အူမြူးလာပုံ ဆောက်ရင် တစ်ခုခုတော့ တစ်ခုခုပင် . . .

ဘာလဲဆိုတာတော့ သူပြောမှပဲ သိနိုင်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"ဧကောင်ဗဧလး
က လှတာတော့ တော်တော်လှတယ်သိလား"
မိုးယံက စိတ်မပါသလို ခေါင်းကိုညိတ်ပြသည်။
"နာမည်က မီးမီးတဲ့"
"အင်း"
"ငါနဲ့တွေ့တော့ နှစ်ရှည်လများ ပေါင်းလာတဲ့ သူငယ်ချင်းတွေ ကျနေတာပဲကွာ။ စကားတွေ ပြောလိုက်တာ အများကြီးပဲ။ ငါ့ကို တော် တော်ခင်ပုံရတယ်ကွ သိလား"
စကားပြောပြီးတော့ မောသွားဟန်နှင့် ဘီယာကို တစ်ကျိုက် သောက်ချလိုက်သည်။ ပြီးတော့ လေချဉ်တစ်ချက် တက်ကာ ဆက် ပြော၏။
"ငါ မင်းကို ပြောမသွားဘူးဆိုတာ မင်းအံ့ဩသွားရအောင်လို့ ပါ။ သူက မန္တလေးကို သူငယ်ချင်း မင်္ဂလာဆောင်ရှိလို့လာတာတဲ့"
ကိုဖြိုးက စကားဆုံတော့ မိုးယံက တစ်ချက်မော့ကြည့်တာ
"လက်စသတ်တော့ မင်းက မန္တလေးမှာ နေချင်တာ ဒီအကြ



www.burmeseclassic.com

www.burmeseclassic.com



အစည်ကြောင့်ကိုး။ ဒါနဲ့များ ငါ့အတွက် နေပေးတယ်ဆိုပြီး လိမ်သေးတယ်"

ကိုဖြိုးက တဟီးဟီးနဲ့ ရယ်၍ . . .

"မင်းအတွက်လည်း ပါတာပေါ့ကွာ"

"တော်စမ်းပါကွာ။ မင်းအကြောင်း ငါမသိရင် ခက်မယ်။ အဲဒီနေ့ကတည်းက ငါသံသယတော့ရှိသား။ ဒါပေမယ့် ဘယ်လိုမှ တွေးမရလို့"

ကိုဖြိုးက ဘာမှ ထပ်မပြောတော့ဘဲ စကားလမ်းကြောင်း လွှဲလိုက်သည်။

"ထားပါတော့၊ မင်းရော ဒီနေ့ဘယ်မှမသွားဘူးလား"

ပထမတော့ "မသွားဘူး"ဆိုပြီး လိမ်ပြောမလို့ စဉ်းစားလိုက်သော်လည်း အမှန်အတိုင်း ပြောပြလိုက်သည်။

"နေ့လယ်တုန်းက မန္တလေးတောင်ကို သွားတယ်"

"အိန္ဒြေနဲ့ တွေ့ခဲ့တယ်ပေါ့"

မိုးယံက ခေါင်းခါပြကာ . . .

"မတွေ့ခဲ့ဘူး"

ပြီးတော့ နောက်ထပ်ဆက်ပြောမယ့်စကားကို ပြောသင့်၊ မပြောသင့်စဉ်းစားသည်။ နောက်တော့ တစ်ယောက်နဲ့တစ်ယောက် အကြား ဘာမှလျှို့ဝှက်နေစရာ မလိုတော့၍ အမှန်အတိုင်း ပြောလိုက်တော့၏။

"ငါ့စိတ်ထဲမှာ အိန္ဒြေ့ကို နားမလည်ဘူးဖြစ်နေတယ်သိလား"

ရုတ်တရက်ပြောချလိုက်သော စကားကြောင့် ကိုဖြိုး ကြောင်တောင်တောင်ဖြစ်သွားကာ . . .

"ဘာလို့လဲ နားမရှင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



မိုးယံက . . .

"ဒီလိုကွ"

ဟု အစချီကာ သူဒီနေ့ ကြုံတွေ့ရပုံတွေကို ပြောပြလေသည်။ ကိုဖြိုးမျက်နှာတွင် မိုးယံစကားကို နားထောင်ရင်း အံ့ဩဟန်၊ စိတ်ဝင်စားဟန်၊ နားမလည်ဟန် စသည်ဖြင့် အရိပ်အမျိုးမျိုး ဖြတ်ပြေးနေလေသည်။

မိုးယံစကားဆုံးတော့ . . .

"မင်းဟာက ဘာကြီးလဲ"

"ငါလည်း မသိဘူး။ သူဘာလို့ ငါ့ကို လိမ်ရတာလဲ"

ကိုဖြိုးလည်း ခေါင်းရှုပ်သွားသည်။ နားမလည်နိုင်တော့တာ တော့အမှန်ပင်။

"ဒီလိုရှိလိမ့်မယ်ကွ"

ကိုဖြိုးက စကားအစပြန်ချီတော့ မိုးယံက စိတ်ဝင်စားသွား ကာ . . .

"ပြောစမ်းပါဦး"

"ရုပ်ရှင်တွေထဲကလို မင်းရဲ့ မေတ္တာစစ်မေတ္တာမှန်ကို လိုချင်လို့ များ သူဌေးသမီးကနေ သာမန်လူတန်းစားပုံစံ ဟန်ဆောင်လိုက်တာ လားမသိဘူး"

မိုးယံက ကိုဖြိုးပြောတာကို အလေးအနက်စဉ်းစားလိုက်ကာ ခေါင်းကိုခါလိုက်၏။

"မဖြစ်နိုင်ဘူး"

"ဘာလို့လဲ"

"သူနဲ့ ငါနဲ့က အရင်ကတည်းက သိမှမသိတာ။ ပြီးတော့ ငါ စဆုံတာ မန္တလေးတောင်ပေါ်မှာ စတွေ့တာလေ။ သူလည်း ငါ့ကိုမသိ



www.burmeseclassic.com

www.burmeseclassic.com



ငါလည်းသူ့ကိုမသိ။ တကယ်လို့ မင်းပြောသလို လုပ်မယ်ဆိုရင် ငါတို့မန္တလေးကို လာမယ်ဆိုတာ အိန္ဒြေ ကြိုသိနေရမယ်။ အဲဒါမှ လုပ်လို့ရမယ်။ အခုဟာက သူနဲ့ငါနဲ့က အစိမ်းသက်သက်"

မိုးယံစကားက ယထာဘူတ ကျသည်။ ထို့ကြောင့် ကိုဖြိုးခေါင်းညိတ်ကာ ထောက်ခံလိုက်၏။

"ဟုတ်တော့လည်း ဟုတ်သားပဲ။ ဒါဆို ဘာလို့လဲ"

မိုးယံက ခေါင်းကိုခါရင်း . . .

"ငါလည်း မသိတော့ဘူး"

"မင်းကို ပြောလိုက်တဲ့ ချာတိတ်ကရော မှန်နိုင်ပါ့မလား"

"သူ့ပုံစံ ကြည့်ရတာတော့ အမှန်တိုင်းပြောနေတာပဲ။ ပြီးတော့ ဒီလိုသာမန်လောက် ဆိုင်ကလေးတစ်ဆိုင် ပိုင်ဆိုင်မှုလောက်ကိုတော့ ဘယ်သူမှ ကြွားချင်စိတ်နဲ့ ညာပြောမယ်မထင်ဘူး"

အဲဒါလည်း ဟုတ်နေပြန်၍ ဖြိုးကြီးခေါင်းညိတ်ကာ ထောက်ခံရပြန်သည်။ မိုးယံက စကားကို ဆက်သည်။

"ငါ . . . နေ့လယ်က ပြန်လာကတည်းက စဉ်းစားထားတယ်။ အဲဒါ မင်းကို တိုင်ပင်ချင်လို့"

ကိုဖြိုးက . . .

"ပြောစမ်းပါဦး"

"ငါ အဲဒီကိစ္စ သိတယ်ဆိုတာ သူ့ကိုမပြောဘဲ လျှို့ထားလိုက်မယ်။ အဲဒါမှ သူ့ရဲ့ဘဝ အရင်းအမှန်ကို ငါသိရမှာ။ တော်ကြာ သွားမေးလိုက်ရင် ခြေရာဖျောက်ပြီး လစ်သွားရင် ငါမောပြီ။ အဲဒီတော့ ဒီအတိုင်းပဲ ရေလိုက်ငါးလိုက်လေး သွားမလားလို့"

ကိုဖြိုးက တစ်ချက်စဉ်းစားသည်။ တော်တော်လေးကြာတော့ ထိုအကြံကို ထောက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် . . . ကောင်းတယ်။ သူဘာသဘောလဲဆိုတာ သိရတာပေါ့။ တော်တော်တော့ စိတ်ဝင်စားဖို့ ကောင်းသား။ ဒါနဲ့ မင်းကရော အိန္ဒြေကို တကယ်ပဲ ချစ်သွားပြီလား"

မိုးယံက စဉ်းစားပင်မရတော့ဘဲ ခေါင်းကို ဆတ်ခနဲညိတ်ကာ ပြလိုက်၍ . . .

"ချစ်လည်းချစ်တယ်။ သူ့အကြောင်းကိုလည်း စိတ်ဝင်စား တယ် . . . ပြီးတော့"

"ပြီးတော့ ဘာလဲ"

"သူ့ကို ငါရအောင် ကြိုးစားချင်တယ်ကွာ"

နောက်ဆုံးစကားကတော့ လွှမ်းလွှမ်းဆွေးဆွေးကြီး ပြောချ လိုက်ခြင်းပင်။

ကိုဖြိုးက လက်ကျန်ဘီယာကို တစ်ကျိုက်တည်းမော့သောက် လိုက်ကာ ဖန်ခွက်ကို ချလိုက်၍ . . .

"ငါလည်း ရှေ့ဆက် ဘာတွေ ဖြစ်ဦးမလဲ မသိသေးပါဘူးကွာ"

မန္တလေးညသည် ခါတိုင်းလို ဆိုင်ကယ်များနှင့် ရှုပ်ထွေးနေဆဲ ဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဇာခြည်ချို

သည် မိုးယံကို နှစ်ရက်လုံးလုံး အဆက်အသွယ် ဖြတ်ထားသည်။ ထိုနှစ်ရက်မှာ ကိုဖြိုးကို အချိန်ပေးနေရ၍ ဖြစ်သည်။ ပထမနေ့မှာလည်း တောင်သမန်မှာ လျှောက်လည်ဖြစ်သလို ဒုတိယနေ့မှာလည်း တောင်သမန်မှာပင် တွေ့ဖြစ်၏။ အဘယ့်ကြောင့် နှစ်ရက်လုံးလုံး တောင်သမန်မှာပဲ တွေ့ရသလဲဟု မေးလာလျှင် အဖြေရှိပါသည်။ တောင်သမန်က သူမအတွက် လုံခြုံစိတ်ချရသောကြောင့်ဖြစ်သည်။ အခြားနေရာများက မိုးယံတွေ့သွားမှာ ကြောက်ရ၏။ မန္တလေးတောင်မှာတွေ့ရင်လည်း စိတ်မချရ။ မိုးယံက မထင်ရင် မထင်သလို ရောက်လာတတ်၏။ မန္တလေးမြို့တွင်းမှာဆိုရင်လည်း သွားရင်းလာရင်း ပက်ပင်းတိုးသွားနိုင်၏။ တောင်သမန်ကတော့ ကိစ္စမရှိ။ သီးခြားထွက်လာရသော နေရာလေးဖြစ်နေ၍ သူ့အတွက်စိတ်ချရခြင်းပင်။

သို့သော် ကံကြမ္မာသည် အရာရာကို ကြိုတွက်ပြီး စိတ်အေးချမ်းသာခွင့် မပေးတတ်ကြောင်း ဇာခြည်ချိုတစ်ယောက် သဘောပေါက်လိုက်ပေ။ သူမ ထိုကဲ့သို့ တောင်သမန်ကို ရွေးချယ်လိုက်သည့်ကိစ္စသည် ဒီနေ့အတွက်တော့ အမှားကြီးမှားသွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လောကတွင် ဘယ်အရာမှ ကြိုတွက်လို့မရ။

သူမကတော့ ဒီနေ့အဖို့ သူမ တွက်ကိန်းအတွက် ကြည်နူးကာ ရက်ရာဇာဟု ထင်နေမိသည်။

သို့သော် ထိုနေ့သည် သူမအတွက် ပြဿဒါးဖြစ်မှန်းမသိ ဖြစ် သွားရလေတော့သည်။

ဖြစ်ပုံက . . .။

www.burmeseclassic.com

www.burmeseclassic.com



ကိုဖြိုး သည် မနက်ကတည်းက အားလုံးပြင်ဆင်ပြီးနေပြီ။ ဒီနေ့လည်း သူနဲ့မီးမီးတွေ့ကြဖို့ ဖြစ်သည်။ သူက မီးမီးနဲ့အတူ မန္တလေးမြို့ထဲကို လျှောက်လည်ချင်သည်။ သို့သော် မီးမီးက တောင်သမန်ကိုပဲ ထပ်သွားချင်သည်ပြော၍ လိုက်လျောလိုက်ရ၏။

မိုးယံကတော့ တစ်မနက်လုံး မျက်နှာရှစ်ခေါက်ချိုးဖြစ်နေတာကို သူ သတိထားမိသည်။ မိုးယံ စိတ်တိုနေတာ သူသိသည်။ မနက်ကတည်းက အိမ်နွေနဲ့ အဆက်အသွယ်မရဘူးဆိုလား ပြောသံကြားရ၏။ မိုးယံကို ကိုယ်ချင်းစာသော်လည်း အားပေးစကားကို ခဏသာပြောနိုင်ပြီး သူထွက်လာခဲ့တော့၏။

တောင်သမန်ကို ရောက်တော့ မီးမီးက အရင်ရောက်နှင့်နေပြီ။ သူမကားနှင့်သူမ လာခြင်းဖြစ်သည်။ ဒါကလည်း မီးမီးစိတ်ကူးပင်ဖြစ်သည်။ သူမက ကိုဖြိုးကားနဲ့ မလာချင်။ သူမကို ကိုဖြိုးနဲ့တွဲပြီး လူများများစားစားမြင်သွားမှာ စိုးသည်။ ထို့အတူ မိုးယံနဲ့ သူနဲ့တွဲပြီးလည်း မြင်သွားမှာစိုး၏။ ထို့ကြောင့် မိုးယံနဲ့ တွေ့မယ့်နေရာကို မန္တလေးတောင်အဖြစ် သတ်မှတ်ပြီး ကိုဖြိုးနဲ့ တွေ့မယ့်နေရာကို တောင်သမန်မှာ သတ်မှတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်တော့ မလွယ်တဲ့ကိစ္စပင်ဖြစ်သည်။ လူတွေက သူမ စေခိုင်းရာ လိုက်လုပ်နေသော စက်ရုပ်တွေဆို တော်သေးသည်။ အခု တော့ သွေးနဲ့သားနဲ့ တည်ဆောက်ထားသူတွေဖြစ်၍ တစ်နေရာတည်း မှာ ချိန်းချိန်းနေတော့ ပျင်းလာ၏။ ရည်းစားလည်းမဟုတ်၊ ဘာလည်း မဟုတ်ဘဲနှင့် နေ့တိုင်း တောင်သမန်မှာချည်းစကားပြောနေရရင် ကြာ တော့ ကိုဖြိုးပျင်းလာလိမ့်မည်။ ထို့အတူ မိုးယံလည်း မန္တလေးတောင် ပေါ်က ရှုခင်းကို အလွတ်တောင်ရနေလေပြီ။

အခုတော့ ဒုတိယနေ့ဆိုတော့ ဘာမှမပြောသေးဘဲ ကိုဖြိုးက ရောက်ရောက်ချင်း အကြော်စုံဆိုင်လေးတွေရှိရာမှာ စကားပြောသည်။

"မီးမီးက စောရောက်နေတော့ အားနာစရာကြီး"

"ရပါတယ် . . . သိပ်အစောကြီးမဟုတ်ပါဘူး"

မီးမီးက ပြန်ပြောသည်။ ကိုဖြိုးက . . .

"မန္တလေးက ဆိုင်ကယ်တွေ စက်ဘီးတွေ အရမ်းရှုပ်တော့ ကား ကို သတိထားမောင်းနေရတာနဲ့ ကြာသွားတာ"

မီးမီးက ပြုံးရင်း ငါးကြော်တစ်ကောင်ကို တူလေးနဲ့ ညှပ်ကာ စားလိုက်၏။ ထို့နောက် အအေးတစ်ငုံသောက်ကာ . . .

"ကိုဖြိုး ရေကူးတတ်လား"

ရုတ်တရက်ဆိုတော့ ကိုဖြိုးကြောင်တောင်တောင် ဖြစ်သွားကာ

"ဘာလို့လဲဟင်"

"မေးကြည့်တာပါ"

ကိုဖြိုး ခေါင်းညိတ်ပြလိုက်ကာ . . .

"ကူးတတ်ပါတယ်"

မီးမီးက တောင်သမန်ပေါ် ခေါက်တုံ့ခေါက်ပြန်သွားနေတဲ့ လှေ ကလေးတွေကို ကြည့်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို လှေစီးရအောင်နော်"

ကိုဖြိုးက ခုန မီးမီးမေးတဲ့ မေးခွန်းကို အခုမှ သဘောပေါက်မိသည်။ သူမ လှေစီးချင်၍ သူ့ကို ရေကူးတတ်လား မေးခြင်းပင်။ သို့သော် သူမမေးပုံအရ လှေပဲ ကျိန်းသေပေါက် မှောက်တော့မလိုလို ရှိ၍ တစ်မျိုးကြီးဖြစ်နေသည်။ သူမကလည်း သူ ဘာကို တွေးနေလဲဆိုတာ သိနေပုံနှင့် . . .

"လှေစီးတဲ့အခါ ရေကူးတတ်တော့ အကြောက်အလန့် မရှိတော့ဘူးပေါ့။ ပြီးတော့ တစ်စုံတစ်ခုဖြစ်ရင် မီးအတွက် အကူအညီရတာပေါ့"

"ဘာအကူအညီလဲ"

"မီးက ရေမှ မကူးတတ်တာ"

ဒီတစ်ခါ ကိုဖြိုးက အားရပါးရ ရယ်လိုက်သည်။ မီးမီးကလည်း နောက်မှ လိုက်ရယ်၏။

သူတို့ ရယ်သံများသည် အင်းရေပြင်တစ်လျှောက် ညင်သာစွာ ပျံ့လွင့်သွားပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်း ပါးပါးတော့ အဖက်လုပ်ပြီး ဆက်ဆံသင့်သည်ဟု ထင်သည်။ တကယ် ရန်ကုန်ပြန်သွားပြီဆိုပြီး ထင်တယ်ပဲထားဦး။ နှစ်ရက်အတွင်း ဖုန်းကလေး တစ်ခါလောက်တော့ ဆက်သင့်သည်။ အခုတော့ ခင်မင်ခဲ့ရတဲ့ အတိုင်းအတာတွေက သူမ မဟုတ်သလို နေနိုင်လွန်း၏။

မိုးယံတွေးရင်း ဒေါသဖြစ်မိ၏။ သို့သော် သူနဲ့ အိမ်ထြောင်နဲ့က ရည်းစားလည်းမဟုတ်၍ ဘာကိုခေါင်းစဉ်တပ်ပြီး စိတ်ဆိုးရမှန်းမသိ။ ရည်းစားဖြစ်နေပါက ကိုယ့်ရည်းစား ကိုယ့်ဆီ ဖုန်းမဆက်တဲ့ကိစ္စကို ခေါင်းစဉ်တပ်ပြီး အပြင်းအထန် ပေါက်ကွဲပစ်လိုက်လို့ရသည်။ အခု တော့ ဒေါသထွက်ရတာတောင် ဆန့်တငံ့ငံ့ကြီးဖြစ်နေရ၏။

မိုးယံ စိတ်ထဲမှာ လေးလံထိုင်းမှိုင်းကာနေသည်။ မန္တလေး တောင်ပေါ်လည်းသွားချင်စိတ်မရှိ။ ဟိုတယ်မှာလည်း နေချင်စိတ်မရှိ ပေ။ ဒီအချိန် ရှခင်းလှလှလေးတွေကြည့်ပြီး လေကောင်းလေသန့်လေး ရှူလိုက်ရရင် စိတ်ညစ်တာတွေ ခဏလောက်တော့ ပျောက်သွားနိုင်သည်



www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးမိသည်။ ထိုအတွေးမဆုံးခင်မှာပင် ခုတင်ပေါ် လှဲနေရာမှ ထကာ တောင်သမန်အင်းကို သွားဖို့ စိတ်ကူးမိလိုက်သည်။

တော်သမန်မှာ ကိုဖြိုးတို့ ရှိတာသူသိ၏။ မနက်က ကိုဖြိုးဖုန်း ပြောတုန်း တစ်စွန်းတစ်စ ကြားလိုက်မိသည်။ မှိုရောက်လို့ တွေ့ချင် လည်းတွေ့နိုင်သည်။ မတွေ့ချင်လည်း မတွေ့နိုင်။ ဒါက ပြဿနာ မဟုတ်။ တွေ့ရင်လည်း သွားနှုတ်ဆက်လိုက်ရုံသာ . . .။

မိုးယံ အဝတ်အစားလဲပြီး အခန်းထဲမှ ထွက်လိုက်ကာ ထုံးစံ အတိုင်း ကားတစ်စီးငှားခိုင်းလိုက်သည်။ ထို့နောက် သူ တောင်သမန် သို့ ထွက်လာခဲ့လိုက်ပါတော့သည်။

လမ်းတစ်လျှောက် ရှုခင်းတွေကို စိတ်မပါတပါနဲ့ လိုက် ကြည့်နေမိ၏။ မန္တလေးမှာ ဆက်နေခြင်းသည် အဓိပ္ပာယ်ရှိလား မရှိဘူး လားဆိုတာ သူကိုယ့်သူ ပြန်စဉ်းစားမိသည်။ အမှန်ဆို ဒီရက်တွေမှာ သူနဲ့ အိန္ဒြေ လျှောက်လည်နေရမည်။ အိန္ဒြေကလည်း သူခေါ်ရင် လိုက် မှာပဲဖြစ်၏။ ညကတောင် သူနဲ့ အိန္ဒြေ ဦးပိန်တံတားပေါ်မှာ လမ်းအတူ လျှောက်ကြရသည်ဟု အိပ်မက်မက်ခဲ့သေး၏။ တကယ်လည်း ဒီနေ့ အိန္ဒြေနှင့်သာ အဆက်အသွယ်ရလျှင် ဦးပိန်တံတားကိုသွားဖို့ သူ ရည် ရွယ်ထားသည်။ အခုတော့ ဦးပိန်တံတားသွားဖို့မပြောနဲ့ ဖုန်းတောင် ဆက်မရ။ ဘာကိစ္စတွေများရှိ၍ ဖုန်းပိတ်ထားရမှန်းမသိ။

တွေးရင်းနှင့် ဒေါသထွက်ပြီး တောက်တစ်ချက် ခေါက်မိတော့ ကားဆရာက ကြောင်တောင်တောင်နဲ့ လှည့်ကြည့်ကာ . . .

"ကိုယ့်ညီ ဘာတွေ မကျေမနပ် ရှိလို့လဲဟင်။ ကျွန်တော်မောင်း တာ မြန်နေလို့လား"

သူ ကားဆရာကို အားနာစွာနှင့် . . .

"မဟုတ်ပါဘူးဗျာ။ ကျွန်တော့်ဟာကျွန်တော် ဒေါသဖြစ်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးတော့ ကားဆရာက အလိုက်သိစွာ ငြိမ်သွားတော့သည်။ ခဏကြာတော့ တောင်သမန်ကိုရောက်သည်။ ဘာမှ စားချင်သောက်ချင်စိတ်လည်းမရှိ၍ တံတားပေါ်သာ တန်းလာလိုက်တော့ပါသည်။

တံတားပေါ်မှာ လူတော်တော်များသည်။ နိုင်ငံခြားသား တချို့ကင်မရာကိုင်ကာ လူတစ်ယောက် ငါးမျှားနေတာကို ဓာတ်ပုံ ရိုက်နေကြ၏။ စုံတွဲတစ်တွဲ ခိုးခိုးခစ်ခစ်ရယ်ရင်း သူ့ဘေးနားက ဖြတ် ကာသွားသည်။ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းကို တံတားပေါ်မှ ဖြတ်၍ စက်ဘီးတွန်းသွားကြသူတွေလည်းတွေ့ရသည်။

ဟိုငေး၊ ဒီငေးလုပ်နေရင်း မိုးယံလမ်းလျှောက်လာ၏။ အခုလိုအပြင်ထွက်လာတော့ စိတ်အပြောင်းအလဲလေးဖြစ်ပြီး နည်းနည်း လန်းဆန်းလာသည်ဟု ထင်ရသည်။ နားနေဆောင် ဇရပ်လေးနားရောက်တော့ တံတားကြမ်းပြင်မှာထိုင်ရင်း အင်းရေပြင်ကို ငေးကြည့်နေမိသည်။ ထိုအချိန်တွင် သူ့မြင်ကွင်းထဲသို့ လှေတစ်စင်း အမှတ်မထင်ရောက်လာပါတော့သည်။

"ဟင်"

အံ့ဩလွန်း၍ အာမေဋိတ်သံတစ်ချက် ထွက်ကာသွားသည်။ ခုန တည်ငြိမ်အေးချမ်းနေသော ရင်ခုန်သံသည် အတိုင်းအဆမဲ့ ဝုန်းဒိုင်းကျကာသွားသည်။ ခေါင်းထဲမှာ မိုက်ခနဲ တစ်ချက်ဖြစ်သွားပြီး တံတားကြမ်းပြင်ကိုတောင် လှမ်းထောက်လိုက်ရသည်။

ဘယ်လိုတွေ ဖြစ်ကုန်တာလဲ။ သချောအောင် ပြန်ကြည့်သည်။ စိတ်စွဲနေ၍ အမြင်မှားတာလား။ ဒါမှမဟုတ် မကောင်းဆိုးဝါးနတ်တစ်ပါးက ဝင်ပူးပြီး သူ့ကို အာရုံမှားအောင်ဖန်ဆင်းပြနေတာလား။

လုံးဝမဟုတ်နိုင်။ သေချာသည်။ အိန္ဒြေမှ အိန္ဒြေစစ်စစ်။ ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ဘေးနားမှာ ကိုဖြိုး . . .။ ရယ်ကာမောကာနှင့် သူတို့နှစ်ယောက် စကားတွေပြောနေကြသည်။

မိုးယံ ရုတ်တရက် ငုတ်တုတ်မေ့သွားသည်။ ပတ်ဝန်းကျင်က လှုပ်ရှားမှုတွေ သူ့အာရုံထဲမှာ ပျောက်ကာသွား၏။ ထို့နောက် ခန္ဓာကိုယ် အသိစိတ်ကို တစ်ချက်ထိန်းကာ မတ်တပ်ထရပ်လိုက်သည်။ ကိုဖြိုးနဲ့ အိန္ဒြေကတော့ သူ့ကို သတိထားမိပုံမပေါ်ပါ။ မိုးယံ ခြေလှမ်းမမှား အောင် သတိထားလျှောက်ရင်း ကားဆီသို့ ပြန်လာလိုက်ပါသည်။

ကားဆရာကို သူဘာပြောမိလိုက်လဲ သေသေချာချာ မမှတ်မိတော့။ သူ့ဘဝက အရှင်လတ်လတ် ငရဲအိုးထဲ ဇောက်ထိုးကျပြီး ထွက် လာသူလို တစ်ကိုယ်လုံး ပူပြင်းခြောက်သွေ့လှ၏။ ဘာလို့ ဒီလိုဖြစ် သွားလဲဆိုသည့်အကြောင်းအရာကို လုံးဝတွေးလို့မရ။

ကိုဖြိုး သူ့ကို သစ္စာဖောက်တာလား။ တွေးကြည့်ရင် ဖြစ်နိုင် ချေအလွန်နည်းသည်။ ကိုဖြိုး သူနဲ့ အိန္ဒြေ ပတ်သက်မှုရှိတာကို သိသည်။ ပြီးတော့ အိန္ဒြေနဲ့ ကိုဖြိုးနဲ့ အရင်က အဆက်အသွယ်မရှိတာကို သူအသိ ဆုံး။

ဒါဆို အိန္ဒြေဘက်က သစ္စာဖောက်တာလား။ တွေးကြည့်တော့ ခေါင်းတစ်ခုလုံး ချာလပတ်ရမ်းကာသွားသည်။ အိန္ဒြေက သူတို့ကို ပြန် သွားပြီဟု ထင်နေတဲ့လူ။ ကိုဖြိုးနဲ့သူနဲ့ သူငယ်ချင်းဆိုတာကိုလည်း သိချင်မှသိမည်။ သူနဲ့တွေ့နေတဲ့အချိန် ကိုဖြိုးအကြောင်းကို တစ်ခါမှ မပြောဖူး။

ဒါဆို ဘာတွေ ဖြစ်ကုန်တာလဲ။

တွေးမရ . . .။

စဉ်းစားမရ . . .။

နောက်ဆုံး ပတ်ဝန်းကျင်ကို အသိပြန်ဝင်လာချိန်မှာ ဖိုးဘာယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပြီး ကျသင့်တဲ့ ငွေကြေးကို ကားသမားအားပေး၍ သူ့အခန်း ရှိရာသို့ ပြန်လာခဲ့လိုက်၏။ လူက စက်ရုပ်တစ်ရုပ်လို လှုပ်ရှားနေသည်။ အဆမတန် ခုန်နေသော ရင်ကို အတတ်နိုင်ဆုံး ထိန်းလိုက်သည်။ ပြီး နောက် ခုတင်ပေါ် ကို လှဲချလိုက်သည်။ စိတ်ကို လျှော့ချလိုက်၏။ ရှုတွေ ပြားနေတဲ့ အာရုံတွေကို အိပ်စက်ခြင်းနှင့် ကုစားရန် ကြိုးစားကြည့် သည်။ နောက်ဆုံး လိုရမယ်ရ ဆောင်ထားသော အိပ်ဆေးအပျော့စား တစ်လုံးကိုသောက်ကာ အိပ်လိုက်ပါတော့သည်။

သူ့ခန္ဓာကိုယ်သည် မမြင်ရသော ချောက်တစ်ခုထဲသို့ ကျွမ်းပစ် ကျသွားသလို ခံစားလိုက်ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဖြိုး ဟိုတယ်ကိုပြန်ရောက်တော့ မိုးယံ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာကို တွေ့ရ၍ အံ့သြကာသွား၏။ ဒီကောင် အိန္ဒြေဆီ မသွားဘဲ ဘာလို့ အိပ်နေပါလိမ့်ဟု တွေးမိ၍ဖြစ်သည်။ ထို့နောက် သူ့ ခုတင်ရှိရာဘက်သို့ လှမ်းသွားလိုက်ပြီး ခဏလှဲကာ အနားယူလိုက်သည်။

ဒီနေ့ မီးမီးနဲ့ လျှောက်လည်ရတာ တော်တော်အားရသည်။ လေ့စီးရင်း စကားတွေ ပြောလိုက်ရတာ ကြည်နူးစရာ။ မီးမီးသည် ချစ်ဖို့ကောင်းကြောင်း စတွေ့ကတည်းက သူသိသည်။ အခုလို နှစ်ရက် ဆက်တိုက်တွေ့ရတာ ပိုလှလာသည်။ ဒီနေ့ သူ့ရင်ထဲမှာ ဖြစ်လာသော ထူးထူးခြားခြား ရင်ခုန်သံတစ်ခုကို စတင်သတိပြုမိ၏။

မီးမီးကို သူ ချစ်သွားပြီလား။

ကိုယ့်ကိုယ်ကိုယ် ပြန်မေးရင်း ပြုံးလိုက်မိ၏။

ချစ်သွားမိပြီ။ အဲဒါသေချာသည်။ ဒီကောင်မလေး ဘာရည်ရွယ်ချက်နဲ့ သူ့ဘဝထဲ တိုးဝင်လာတာလဲ။ မြားနတ်မောင်က သူတို့နှစ်ယောက်ကို မဆုံဆုံအောင် ဖန်တီးပေးလိုက်တာလား။

ကိုဖြိုးတစ်ယောက်တည်းတွေးရင်း ပြုံးဖြီးဖြီးကြီး ဖြစ်သွားမိသည်။ ထိုအခိုက် မီးမီးမျက်နှာလေး မြင်ယောင်လာ၍ ဘေးနားမှာ ဝုံ



www.burmeseclassic.com

ထားသောစောင်ကို ကျစ်ကျစ်ပါအောင် ဖက်ထားလိုက်မိ၏။ ထိုအချိန်မှာ မိုးယံ နိုးလာပါတော့သည်။

မိုးယံ နိုးနိုးချင်း စောင်ကြီးဖက်ပြီး ပြုံးပြုံးကြီးဖြစ်နေသော ကိုဖြိုးကို အူကြောင်ကြောင်နဲ့ ကြည့်နေမိသည်။ သူမှာ အိပ်ချင်မူးတူးဖြစ်နေ၍ အမူအရာ အထိုင်မကျသေး။ ခဏနေတော့ ရေချိုးခန်းထဲဝင်သွားပြီး မျက်နှာသစ်သည်။ ပြန်ထွက်လာတော့ ကိုဖြိုးက သူ့ကို ကြည့်ပြီး . . .

"မင်းဒီနေ့ အိန္ဒြေဆီ မသွားဘူးလား"

မိုးယံရင်ထဲမှာ ကျင်ခနဲဖြစ်သွားသည်။ တစ်ခုခု ပြန်ပြောမလို့ စဉ်းစားလိုက်ပြီးမှ ကိုယ့်စိတ်ကိုယ်ထိန်း၍ စီးကရက်တစ်လိပ်ကောက်သောက်လိုက်ကာ . . .

"သူ ဖုန်းပိတ်ထားတယ်"

ကိုဖြိုးက ဘာမှ မပြောဘဲ ငြိမ်နေသည်။ မိုးယံကပင်ဆက်၍

"မင်းဒီနေ့ ဘယ်သွားတာလဲ"

ကိုဖြိုးက ပေါ့ပေါ့ပါးပါးပင် ပြန်ဖြေ၏။

"မီးမီးနဲ့ လျှောက်လည်နေတာ"

"ဘယ်သွားလဲ"

"ဦးပိန်တံတား"

မိုးယံ သက်ပြင်းကိုချသည်။ ဘာဆက်ပြောလို့ ပြောရမှန်းမသိ။ မင်း ရည်းစားလုတဲ့ကောင်ပဲဆိုပြီး ပြေးထိုးရအောင်လည်း ကိုဖြိုးပုံစံက အိန္ဒြေနဲ့ မီးမီးကို တစ်ယောက်တည်းဆိုတာ သိပုံမပေါ်။ ဘာတွေဘယ်လို ဖြစ်ကုန်မှန်း စဉ်းစားမရတော့။ ပြည်သူ့တရားရှင် ဇာတ်လမ်းတွဲထဲက ပေါင်ချိန်ကြီးလို "ဒီလိုကိစ္စမျိုးရှိလား"ဆိုပြီးသာ ပြောရင်း ငိုပစ်လိုက်ချင် တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# တယ်လီဖုန်း



"မင်းအိန္ဒြေက ဘာလို့ တယ်လီဖုန်း ပိတ်ထားရတာလဲ"

မိုးယံ စိတ်ထဲမှာ "မင်းနဲ့ အလေလိုက်နေလို့ပေါ့"ဆိုပြီး ပြောလိုက်မိသည်။ သို့သော် တကယ်တန်းတော့ . . .

"ငါ မသိဘူး"

ဟုသာ ခပ်ပြတ်ပြတ်ပြောလိုက်မိသည်။ ခဏနေတော့ မိုးယံ စဉ်းစားသည်။ ဒီကိစ္စကို ပြောပြမှ သင့်တော်လိမ့်မည်။ တော်ကြာ သူကလည်း တစ်ဖက်က အိန္ဒြေ့ကိုလိုက်၊ ကိုဖြိုးကလည်း မီးမီးဆိုပြီး လိုက်နှင့် ကျော်မကောင်း၊ ကြားမကောင်းတွေတော့ ဖြစ်လာပေလိမ့်မည်။ ထို့ကြောင့်မိုးယံကပင်စပြီး . . .

"ဒီည ငါတို့ တစ်ဆိုင်ဆိုင်သွားပြီး ဘီယာသောက်ရင်း စကားပြောရအောင်ကွာ"

ကိုဖြိုးက မျက်မှောင်ကြုတ်ကာ . . .

"ဒီမှာပြောလည်းမရဘူးလား"

မိုးယံက ခေါင်းခါပြ၍

"ဘီယာသောက်ပြီး အေးအေးဆေးဆေး ပြောချင်လို့"

မိုးယံပုံစံကိုကြည့်၍ နည်းနည်းတော့ အရေးကြီးမှန်း ကိုဖြိုး သိသပ်မိသည်။ ထို့ကြောင့် . . .

"အရေးကြီးလား"

"မင်းရာ ငါရော နှစ်ယောက်လုံးအတွက် အရေးကြီးတယ်"

ကိုဖြိုး ဆက်မမေးတော့ဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်ကာ

"ကောင်းပြီလေ ငါရေချိုးလိုက်ဦးမယ်။ ပြီးတော့သွားမယ်"

ထို့နောက် သူတို့ ရေချိုးပြီး လူရှင်း၍ တိတ်ဆိတ်သော ဘီယာဆိုင်လေးတစ်ခုသို့ ထွက်လာခဲ့လိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြောတဲ့ မီးမီးဆိုတာ အိန္ဒြေပဲ"

"ဘာ"

ရုတ်တရက် ကြားလိုက်ရသောစကားကြောင့် ကိုဖြိုးလက်ထဲက သောက်လက်စ ဘီယာခွက်သည် တုန်ခါသွားသည်။ ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားပြီး နားထင်နှစ်ဖက်က ပူခနဲ ဖြစ်သွားသည်။

မိုးယံကိုလည်း မမြင်ဖူးတဲ့ သတ္တဝါတစ်ကောင်လို ကြောင်စီစီ နဲ့ကြည့်ကာ . . .

"မင်း . . . မင်းခုနက ဘာပြောလိုက်တာလဲ"

မယုံသင်္ကာဟန်နှင့် ထပ်မေး၏။

မိုးယံက ကိုဖြိုးမျက်နှာကို မကြည့်ဘဲ အဝေးတစ်နေရာကို မျှော်ငေးကာ လေသံအေးအေးနှင့် . . .

"မီးမီးဆိုတာ အိန္ဒြေပဲလို့ပြောတာ"

ကိုဖြိုးက ခေါင်းကို အဆမတန် ခါရမ်းလိုက်ရင်း . . .

"လုံးဝမဖြစ်နိုင်ဘူး။ ဒါနောက်စရာကိစ္စ မဟုတ်ဘူး"

မိုးယံက ကိုဖြိုးမျက်လုံးကို တစ်ချက်စိုက်ကြည့်လိုက်ကာ . . .

"ငါလည်း နောက်နေတယ်လို့ ပြောလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကိုဖြိုးက . . .

"အဲဒါဆို အတည်ပေါ့"

မိုးယံက ပါးစပ်က မပြောဘဲ ခေါင်းသာညိတ်ပြလိုက်သည်။ ကိုဖြိုးက . . .

"မင်းက ဘယ်လိုသိလဲ"

"ငါဒီနေ့ တောင်သမန်ကိုရောက်တယ်။ မင်းတို့ နှစ်ယောက်ကို လျှောက်စီးနေတာ တွေ့ခဲ့ရတယ်။ ပြီးတော့ ငါပြန်လာခဲ့တယ်"

မိုးယံက တိုတိုတုတ်တုတ်ကင် ရှင်းပြလိုက်သည်။ ကိုဖြိုးငိုင်ကာ သွားသည်။ အချိန်တော်တော်ကြာသည်အထိ နှစ်ယောက်စလုံး စကား မပြောဖြစ်ကြ။ သို့သော် တစ်ယောက် သက်ပြင်းချသံကိုတော့ တစ် ယောက်ကြားနေရသည်။ တော်တော်လေးကြာတော့ တိတ်ဆိတ်ငြိမ် သက်မှုကို စတင်ဖြိုခွဲလိုက်သူက ကိုဖြိုးပင်ဖြစ်သည်။

"ဘယ်လို ဖြစ်တာလဲ"

"ငါလည်း တွေးမရဘူး"

"ငါ တွေးကြည့်တာ သူနဲ့ ငါတို့နှစ်ယောက်အကြားမှာ အကြီး အကျယ် ပြဿနာတစ်ခုရှိနေပြီ"

"ငါလည်း အဲဒီလိုထင်တာပဲ"

"ဘာပြဿနာလဲဆိုတာ မင်းသိလား"

"ဘယ်လိုလုပ် သိမှာလဲ"

ထို့နောက် နှစ်ယောက်စလုံး အချိန်တော်တော်ကြာကြာ ငြိမ် သက်သွားကြသည်။ ကိုယ့်အတွေးနဲ့ကိုယ်ဖြစ်၍ အရာရာတိတ်ဆိတ် လျက်။ စားပွဲပေါ် ချထားသော အစားအသောက်များနှင့် ဘီယာခွက်များ ထ ဒီအတိုင်းပင် အေးစက်ငြိမ်သက်လျက်ပင်ရှိသည်။ ခဏကြာတော့ မိုးယံက . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုဖြိုး"

"ဟန်"

"ငါ စဉ်းစားကြည့်သလောက် ဘက်ပေါင်းစုံကတော့ ကုန်ပြီ။ အခုထိ နားမလည်နိုင်သေးဘူး။ သူမင်းဆီ ဖုန်းစဆက်တော့ ငါတို့ ကျောက်ဆည်ပဲ ရောက်သေးတာမလား"

"ဟုတ်တယ်လေ။ မန္တလေးတောင် မရောက်သေးဘူး"

မိုးယံက သက်ပြင်းကိုချသည်။

"ငါနဲ့စတွေ့တော့ မန္တလေးတောင်မှာ တခြားစီပဲ"

ကိုဖြိုးက မိုးယံကို ဆတ်ခနဲ မော့ကြည့်ကာ

"မန္တလေးတောင် ဟုတ်လား"

မိုးယံက ကိုဖြိုးကိုကြည့်တော့ ကိုဖြိုးက ကိုယ့်နဖူးကိုယ် ဖြန်းခနဲ မြည်အောင် ရိုက်လိုက်သည်။ ပြီးတော့ . . .

"ဟုတ်ပြီး . . . ဟုတ်ပြီ။ ငါ သူ့ကို စတွေ့တုန်းက မြင်ဖူးတယ်လို့ ထင်သား။ အခုမှ သဘောပေါက်တော့တယ်။ မင်းနဲ့သူနဲ့ ပထမဆုံးအကြိမ် တောင်ပေါ်မှာ စတွေ့တုန်းက ငါတောင်ဓာတ်ပုံခိုးရိုက်ပေးလိုက်ဖူးတယ်လေ။ အဲဒါကြောင့် မြင်ဖူးနေတာကိုး"

မိုးယံက ကိုဖြိုးစကားကို အရေးစိုက်ပြီး နားမထောင်ဖြစ်ပေ။ သူမှာ တစ်စုံတစ်ခုကို အလေးအနက်ထားစဉ်းစားနေသည်။ တော်တော်လေးကြာမှ သက်ပြင်းတစ်ချက်ချကာ . . .

"သူမှာ ငါတို့နှစ်ယောက်နဲ့ ပတ်သက်တဲ့ ကိစ္စတစ်ခုတော့ ရှိမှာကျိန်းသေတယ်။ ပြီးတော့ ငါတို့နှစ်ယောက်ကိုလည်း သူ အစောကြီးကတည်းက သိနေတဲ့သူ ဖြစ်ရမယ်။ ပြီးတော့ သူလုပ်ခဲ့တဲ့ အရာတွေအားလုံး အကွက်ကျကျ စီစဉ်ခဲ့တာချည်းပဲ။ ငါတို့ မန္တလေးလာမှာကိုလည်း သူသိနေတယ်။ အဲဒါကြောင့် ငါ့ကို မန္တလေးတောင်ပေါ်မှာ ဆုံ



www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်ပြီး မင်းကို တယ်လီဖုန်းနဲ့ မိတ်ဆက်သလိုလုပ်ပြီး ဆုံအောင် လုပ်တာ"

ကိုဖြိုးက ခေါင်းညိတ်သည်။

"မင်းပြောတာ ဖြစ်နိုင်ခြေအများကြီးရှိတယ်။ ဒါဆို သူက ဘာ သဘောလဲ"

မိုးယံက ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ကာ . . .

"ငါလည်း နားမလည်ဘူး။ ဒါပေမဲ့ ရအောင်တော့ စုံစမ်း ရမှာ ပဲ။ ဒီအတိုင်းထားလိုက်ရင် ငပေါတွေ ဖြစ်သွားမယ်"

ကိုဖြိုးက ခေါင်းညိတ်သည်။

"ငါတို့ရဲ့ ဖြူစင်တဲ့မေတ္တာတွေကို စော်ကားရက်တယ်နော်"

"ဟုတ်တယ် . . . တော်တော်ခံရဆိုးတယ်။ ငါ့မှာတော့ သူ့ကို ချစ်လိုက်ရတာ"

ကိုဖြိုးကလည်း . . .

"ငါလည်း ခုနတုန်းက သူ့ကို ချစ်သွားသေးတယ်။ အခုတော့ တောက်"

ကိုဖြိုးက ကြိတ်မနိုင်ခဲမရ တောက်တစ်ချက် ခေါက်လိုက်သည်။ ပြီးတော့ တစ်စုံတစ်ခု သတိရသွားဟန်နှင့် . . .

"ငါ အကြံတစ်ခုရတယ်"

မိုးယံက မေးဆတ်ပြကာ ဘာလဲဆိုတဲ့သဘော လုပ်ကာပြ သည်။ ကိုဖြိုးက . . .

"ငါတို့နှစ်ယောက် သူ့ကို တစ်ယောက်တည်းဆိုတာ သိသွားပြီ ဆို သူ မသိစေနဲ့။ ဒီလိုပဲ ဆက်နေရအောင် ပြီးတော့ မင်းရှေ့မှာ သူ့ကို ရည်းစားစကား ပြောမယ်။ အဲဒီ့အခါ သူ ဘာလုပ်မလဲ စောင့်ကြည့် မယ်။ အဲဒါဆို သူ့အကြံအစည် ပေါ်လာမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မိုးယံက ခဏတော့ စဉ်းစားသည်။ ပြီးမှ ခေါင်းညိတ်ကာ သဘောတူ၍ . . .

"ကောင်းတယ် . . . ညီပစေနော်"

ကိုဖြိုးက လက်ဝါးကို ထောင်လိုက်သည်။ မိုးယံက ထောင်ထားတဲ့ လက်ဝါးကို သူ့လက်ဝါးနဲ့ ရိုက်လိုက်၏။

"အားလုံး အောင်မြင်ရမယ်"

ထို့နောက် သူတို့ ဘီယာကို ပြိုင်တူသောက်လိုက်ကြတော့သည်။ ညသည် တဖြည်းဖြည်း ညဉ့်နက်၍လာ၏။

www.burmeseclassic.com

www.burmeseclassic.com



နှင်းလဲ့ သည် ဇာခြည်ချိုကို ငေးကာကြည့်နေသည်။ ဒီနေ့ည ဇာခြည်ချိုက သူနဲ့ ဟိုယောကျ်ားလေးနှစ်ယောက်နှင့် ပတ်သက်နေပုံကို ကြိုပြောထားမည်ဆို၍ ငေး၍ နားထောင်နေမိ၏။ နေရာက အိမ်ရဲ့ ခန်းတာမှာဖြစ်သည်။ သူတို့ရှေ့တွင် ရေနွေးဓာတ်ဘူးနှင့် လက်ဖက်သုပ် တစ်ပန်းကန် ချထားသည်။

ဇာခြည်ချိုက စကားကိုမစသေးဘဲ လက်ဖက်တစ်ဇွန်း အရင် စားသည်။ ပြီးတော့ ရေနွေးကို ငှဲ့ပြီး အေးအေးဆေးဆေး မှုတ်သောက် နေလိုက်သေးသည်။ နှင်းလဲ့က ဇာခြည်ချို့ကို ကြည့်ကာ စိတ်မရှည် နိုင်သော်လည်း စိတ်ပြောင်းသွားပြီး မပြောတော့မှာစိုး၍ အသာငြိမ်ကာ စောင့်နေရသည်။ ခဏကြာတော့မှ ဇာခြည်ချိုက ချောင်းတစ်ချက် ဟန့်လိုက်ကာ စကားကိုစပြောသည်။

"လွန်ခဲ့တဲ့ တစ်နှစ်နီးပါးလောက်က ငါ့ညီမဝမ်းကွဲတစ်ယောက် ကို သူတို့နှစ်ယောက်က ပြိုင်လိုက်ခဲ့ဖူးတယ်"

"အင်း . . အဲဒီတော့"

"သူတို့နှစ်ယောက်က သူငယ်ချင်းတွေဆိုတာ ငါ့ညီမလေးသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သူတို့ကလည်း အဲဒီကိစ္စကို လျှိုထားတယ်။ နောက်ပြီး ငါ့ညီမလေး ကို အရှုံးလုပ်တယ်။ နောက်ဆုံး ငါ့ညီမလေးက သူတို့အကြောင်းတွေ သိသွားတော့ အရမ်းရှက်သွားတယ်။ အရင်ကတည်းကလည်း ငါ့ညီမ လေးကအေးပါတယ်။ သူတို့နှစ်ယောက်ကို ဘယ်သူ့ကိုမှ မရွေးချယ်သေး ပါဘူး။ သူ့ဘာသာသူ အေးအေးလေးပဲနေတာ။ သူတို့ကသာ အတင်း လိုက်ကပ်တာ။ နောက်ဆုံး သူတို့ကပဲ အရှုံးလုပ်တာ။ ငါ့ညီမလေးဆိုတာ ရှက်လွန်းလို့ အဲဒီတုန်းက သေမတတ် ငိုခဲ့ရတယ်။ ငါက ဖျောင်းဖျပြီး မေးကြည့်တော့မှ အဲဒီနှစ်ယောက်ကြောင့်ဆိုတာ သိတာ"

ဇာခြည်ချိုက မောသွားဟန်နှင့် ခဏနားကာ ရေနွေးကို မှုတ် သောက်လိုက်သည်။ ပြီးတော့ လက်ဖက်တစ်ဇွန်းခပ်စားကာ စကားကို ဆက်သည်။

"အဲဒီကတည်းက သူတို့နှစ်ယောက်အကြောင်းကို ငါကောင်း ကောင်းသိတယ်။ ငါနဲ့ ငါ့ညီမဆိုတာ ဝမ်းကွဲဆိုပေမယ့် ညီမအရင်းတွေ လို ချစ်ကြတာ။ ငါ အဲဒီတုန်းက အဲဒီကောင်တွေကို ဒေါသဖြစ်လိုက် တာ ပြောမနေနဲ့။ စိတ်ထဲမှာ တေးထားတယ်။ တစ်နေ့ သူတို့ ငါ့ညီမ လေးလို အရှက်ကွဲရမယ်လို့"

"အဲဒါ နင်က လက်စားလိုက်ချေတာပေါ့။ ရုပ်ရှင်ဆန်လိုက်တာ ဟာ"

"ဒါ ရုပ်ရှင်ဆန်တာ မဟုတ်ဘူး။ မိန်းမတွေဆိုပြီး လုပ်ချင်ရာ လုပ်လို့ မရဘူးဆိုတာကို သိသွားစေချင်တာ"

"ကဲ . . . ထားပါတော့။ သူတို့ကို နင်က ဘယ်လိုလုပ်မှာလဲ"

ဇာခြည်ချိုက ပြုံးလိုက်ကာ . . .

"သူတို့နှစ်ယောက်ဆီက ချစ်ပါတယ်ဆိုတဲ့စကားကို ငါရအောင် ယူမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယူပြီးတော့"

"ယူပြီးရင် အဖြေပြန်ပေးမယ်ဆိုတဲ့နေ့မှာ တစ်နေရာတည်းမှာ နှစ်ယောက်စလုံးကို အတူတူချိန်းပြီး တွေ့ပေးလိုက်ရုံပေါ့"

"အဲဒီတော့ ဘာတွေဖြစ်လာနိုင်မလဲ"

"သူတို့တစ်ယောက်ကို တစ်ယောက်ကြည့်ရင်း အံ့ဩသွားကြမယ်။ ပြီးတော့ ရှက်သွားလိမ့်မယ်။ အဲဒီအခါ ငါက အောင်နိုင်သူပြုံးကြီး ပြုံးပြီး အဲဒီနှစ်ယောက်ကို နှစ်ပြားမတန်အောင် ပြောလွှတ်လိုက်မယ်။ ဟား . . . ဟား"

ဇာခြည်ချို့ မျက်နှာသည် ခက်ထန်လာသယောင်ရှိသည်။ နှင်းလဲ့က သက်ပြင်းကိုချရင်း စိတ်ညစ်နေသယောင်ရှိ၏။ ပြောလည်းရသာမဟုတ်၍သာ လွှတ်ထားရသည်။ မိန်းကလေးတစ်ယောက်အနေနှင့် ဒါမျိုးမလုပ်သင့်မှန်း. သိသည်။ နှစ်ဖက်စလုံး ထိခိုက်နစ်နာမှုရှိသည်။ သူတစ်ပါးခံစားရသလို ကိုယ်လည်း သိက္ခာကျသည်။ မိန်းကလေးဆိုတော့ နစ်နာရင်းနစ်နာ ကိုယ်သာပို၍ နစ်နာမည်။

ပြီးတော့ ကိစ္စက အဲဒီလောက် ရေးကြီးခွင်ကျယ် လုပ်လောက်တဲ့ ကိစ္စမဟုတ်ဘူးဟု ထင်မိသည်။ ဒီလိုကိစ္စမျိုးက ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာသာ ကြည့်လို့ ဖတ်လို့ကောင်းတာ။ အပြင်မှာ သွားလုပ်ရင် ပြောင်တောင်တောင်နိုင်လှ၏။

သို့သော် ဇာခြည်ချို့အကြောင်းကို သူမသိ၍ တားမနေတော့ပေ။ အခုလည်း အဲဒီနှစ်ယောက်နှင့် ခရီးတော်တော်တောင် ရောက်နေပုံရသည်။ ပြောပုံအရ ဟိုနှစ်ယောက်ကပဲ သူ့ကိုချစ်ပါတယ်ဆိုတဲ့ စကားပြောကို ပြောရမည်ဆိုတဲ့ပုံမျိုး ကြိုတွက်ထားပုံရသည်။

နှင်းလဲ့သက်ပြင်းချရင်း ဇာခြည်ချို့ကို လှမ်းကြည့်သည်။ ဇာခြည်ချိုသည် ကောင်းကင်က လမင်းကို မော့ကြည့်ရင်း ငိုင်နေတွေ

www.burmeseclassic.com



ဖြစ်နေတာ တွေ့ရလေသည်။ ခုန ခက်ထန်တင်းမာနေသည့် အရိပ်လက္ခဏာတွေ လုံးဝမတွေ့ရတော့ပေ။ အခုလို ပုံစံလေးတွေ့လိုက်ရတော့လည်း သနားစရာ ကောင်းနေပြန်၏။

နှင်းလဲ့က ဇာခြည်ချို ပခုံးလေးကို ယုယစွာ လှမ်းကိုင်လိုက်သည်။ ဇာခြည်ချိုသည် နှင်းလဲ့ကို တစ်ချက်လှည့်ကြည့်သည်။ သူမ မျက်ဝန်းမှာ ကြယ်လေးတွေနှင့်အပြိုင် အရောင်တလက်လက်ထနေသည်။ ပြီးတော့ နှင်းလဲ့အား . . .

"နှင်းလဲ့"

"ဟင်"

"အချစ်ဆိုတာ ဘာလဲဟင်"

နှင်းလဲ့ ရုတ်တရက် မှင်တက်သွား၏။ ပြီးတော့ ခေါင်းကို အသာခါပြလိုက်သည်။

"ငါ မသိဘူး"

ဇာခြည်ချိုက ကောင်းကင်ကို ပြန်မော့ကြည့်လိုက်ကာ ပြန်လည်တည်ငြိမ်သွား၏။

ခုန ဇာခြည်ချို မေးလိုက်တဲ့စကားသံတွင် အသံအင်အား ဖျော့တော့ပြီး အေးစက်တုန်ခါနေတာ နှင်းလဲ့သတိပြုမိ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



၄

မိုးယံ နဲ့ ကိုဖြိုးသည် သူတို့ လုပ်စရာရှိသည့်အတိုင်း မှင်ကောင်းကောင်းနှင့် ကိုယ့်လမ်းကိုယ် ဆက်လျှောက်သည်။ ကိုယ့်အလှည့်နဲ့ကိုယ် သူမဆီသွားတွေ့၏။ ထိုအလှည့်ဆိုသည့် အရာကို သူတို့က ရွေးချယ်ခွင့် မရှိပေ။ သူမက ရွေးချယ်ခြင်းဖြစ်သည်။ သူမက ဒီနေ့ ဘယ်သူနဲ့ တွေ့မယ်ဆိုတာကို သတ်မှတ်သည်။ ဥပမာ ဒီနေ့ ကိုဖြိုးဆီစပြီး ဖုန်းဆက်လိုက်ပြီဆိုပါစို့။ ဒါဆို မိုးယံက ဒီနေ့ သူ့နေ့ မဟုတ်ဘူးဆိုတာ အလိုလိုသဘောပေါက်လိုက်၏။ မပေါက်လို့လည်း မရ။ ထိုနေ့တစ်နေ့လုံး သူနဲ့ဆက်သွယ်တဲ့ဖုန်းကို ပိတ်ထားသောကြောင့်ဖြစ်သည်။ ထို့အတူ သူ့ဆီဆက်လိုက်ပြီဆိုရင်လည်း ကိုဖြိုးက စာအုပ်တစ်အုပ်ဖတ်ရင်း ဟိုတယ်မှာ ကျန်ခဲ့ဖို့သာ ပြင်ပေတော့။

ရယ်စရာတော့ကောင်းသည်။ သူမနဲ့ တွေ့ရဖို့ ဟိုအရင်ခေတ်က သမဝါယမဆိုင်မှာ ပစ္စည်းတန်းစီရသလို ဖြစ်နေ၏။ တစ်ခါတစ်ခါ တစ်ယောက်တည်းကို နှစ်ရက်ဆက်တိုက် အချိန်ပေးလိုက်ပါက ကျန်တစ်ယောက်က အသားလွတ်ကြီး ယောင်ချာချာဖြစ်နေရသည်။ ဖွင့်ထို့ လျှောက်သွားရင်လည်း တစ်ယောက်နဲ့တစ်ယောက် မတွေ့အောင် ရှောင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ကိုဖြိုးနဲ့ သူမ လျှောက်လည်တုန်း 78 Shopping Center မှာ မိုးယံနဲ့ ပက်ပင်းနီးပါး တိုးဖူးသည်။ ထိုအခါ မိုးယံကပင် ခွေးပြေးဝက်ပြေး ရှောင်လိုက်ရ၏။ အဲဒီတုန်းက တော်သေးသည်။ တွေ့မသွားလို့၊ တွေ့သွားရင် သူမက မျက်နှာစပူရမှာဖြစ်သော်လည်း သူတို့က ဇာတ်လမ်းကြိုသိထားသောကြောင့် ဇာတ်ရိုက်နာသွားမှာစိုးရ၏။

အခုလည်း အခန်းထဲမှာ အဝတ်အစားလဲပြီး ဖြီးလိမ်းပြင်ဆင်ကာ ဘယ်သူ့အလှည့်ကျမလဲ စောင့်နေမိသည်။ မနေ့ကတော့ ကိုဖြိုးနဲ့တွေ့သည်။ ထို့ကြောင့် ပုံမှန်အတိုင်းဆို ဒီနေ့က မိုးယံအလှည့်။ သို့သော် အဲဒီလိုလည်း တွက်လို့မရပြန်။ တစ်ခါတစ်ခါ စိတ်ပါရင် တစ်ယောက်တည်းကို နှစ်ရက်ဆက်တိုက် တွေ့တတ်သည့် ရာဇဝင်တွေရှိဖူး၍ တစ်ထစ်ချ မမှန်းရဲ။ အခုလိုသာ ရင်တခုန်ခုန်နှင့် စောင့်နေရသည်။

ဒီနေ့ကတော့ ခါတိုင်းနေ့တွေထက် ရင်ခုန်သံက ပိုမြန်နေတယ်ဆို ပိုမှန်လိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဒီနေ့အလှည့်ကျသူက စဖြီးသူမကိုဖွင့်ပြောရန် သဘောတူထားသောကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ရင်ခုန်စွာနှင့် ခုတင်နှစ်လုံးအကြား စားပွဲပေါ်မှာ တင်ထားသောဖုန်းဆီသို့ ကြည့်ရင်း ရင်ခုန်စွာ စောင့်နေရသည်။

ခဏနေတော့ ကိုဖြိုး ဖုန်းက ထမြည်၍ ကိုဖြိုးခန္ဓာကိုယ်သည် တစ်ချက် တုန်ခါကာသွား၏။ ပျော်သွားလို့လား၊ ဒါမှမဟုတ် ကြောက်သွားလို့လားဆိုတာ သူကိုယ်တိုင်ပဲ သိပါလိမ့်မည်။ ကောက်ကိုင်လိုက်တော့ ဖုန်းမှားဆက်တာ။ ကိုဖြိုး အသံတိတ်ဆဲရင်း ဖုန်းကို ချလိုက်၏။

ဒီလိုနဲ့ စက္ကန့်တံတွေလည်း အငြိမ်မနေဘဲ တစ်ချက်ချက် လှုပ်ရှားသွားလာနေကြ၏။ ခဏကြာတော့ ဖုန်းနှစ်လုံးမှ တစ်လုံး ထမြည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဖုန်းပိုင်ရှင်က ကောက်ကိုင်လိုက်ချိန်တွင် ...

"ဟယ်လို ... ရေ"

ဖုန်းကို ကောက်ကိုင်လိုက်သော သူ၏ ရင်သည် ရေခဲမြစ်ထဲ ထိုးကျသွားသလို အေးစက်သွားတော့သည်။ ရုတ်တရက် ရင်ခုန်သံ သည်း ရပ်တန့်ကာသွား၏။

ထို့နောက် သူတို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ထိုအကြည့်များတွင် အဓိပ္ပာယ်ပါသည်၊ ရည်ရွယ်ချက်ပါ၏။

ဒီနေ့အလှည့်ရောက်သောသူမှာ ....

www.burmeseclassic.com

www.burmeseclassic.com

# ၁၄၄

ပွဲမဝင်ခင်က စနစ်တကျ လေ့ကျင့်ထားသော လက်ဝှေ့သမား တစ်ယောက်ပင်ဖြစ်စေ ကြိုးဝိုင်းပေါ် ရောက်ရင်တော့ အနည်းငယ်တော့ ရင်ခုန်ရစမြဲ။ တစ်ဖက်က ထိုးသတ်မည့်သူက ရွှေခါးပတ်ပိုင်ရှင် ချန်ပီယံ ဖြစ်နေက ပိုဆိုးသည်။ ထိုသူမျိုးကို ချက်ကောင်းတစ်ချက်ထိနိုင်အောင် ထိုးသတ်နိုင်ရမည်။ သို့မှသာ ကိုယ်အဆင်ပြေလိမ့်မည်။ သို့မဟုတ်ပါက ကိုယ့်ကို ချက်ကောင်းတစ်ချက်ပြန်ထိုးခံရတတ်၏။ ဤသို့ဖြစ်သွားရင်တော့ ဖင်ထိုင်ရက် မေ့သွားနိုင်လေသည်။

အခုဟာက လက်ဝှေ့ပွဲတော့မဟုတ် အချစ်ပွဲဖြစ်သည်။ စကားပုံတစ်ခုတောင်ရှိသေး၏။ "အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ"တဲ့။

ချိန်းထားတဲ့ ကော်ဖီဆိုင်သို့ ဝင်ဝင်ချင်း မိုးယံ ဒူးနှစ်ဖက်သည် အတိုင်းအဆမရှိ တုန်ခါနေတာ သူကိုယ်သူ သတိထားလိုက်မိ၏။ တစ်ဖက်က ဟဲဗီးဝိတ်ချန်ပီယံ မိုက်တိုင်စန် မဟုတ်သော်လည်း ဘာ ဒီလောက်ကြောက်နေရမှန်းမသိ။ သူသည် ရည်းစားတစ်ခါမှ မ ... သော အချစ်အူရှိုင်းလေးတစ်ယောက်မဟုတ်။ ရည်းစား သုံးယော...



www.burmeseclassic.com

www.burmeseclassic.com



သောက်ထားဖူးပြီး အချစ်နဲ့ ပတ်သက်ရင် အတွေ့အကြုံရှိသောသူ တစ်ယောက်သာ . . .။

သူက စိတ်စောနေလို့လားမသိ။ ဆိုင်ထဲရောက်တော့ အိန္ဒြေ့ကိုရှာမတွေ့သေး။ ဒါလည်း တစ်ခုကောင်းသည်။ တစ်ခုခု မှာသောက်ထားပြီး ကိုယ့်စိတ်ကိုယ် တည်ငြိမ်အောင် လုပ်ထားဖို့အချိန်ရသည်။ ထို့နောက် လူရှင်းသော ထောင့်စားပွဲတစ်ခုကို ရွေး၍ ထိုင်လိုက်ပါတော့သည်။

ဆိုင်က ဝိတ်တာကောင်လေးတစ်ယောက် ရောက်လာ၍ ကော်ဖီတစ်ဖွက် မှာလိုက်၍သောက်နေစဉ် အိန္ဒြေသည် အိန္ဒြေရစွာပင် ဆိုင်ထဲသို့ ဝင်လာတာ တွေ့လိုက်ရသည်။ အိန္ဒြေ့ကို တွေ့လိုက်စဉ် နဖူးမှာချွေးတစ်ချက်စို့သွား၍ တစ်ရှူးတစ်ခုကို ယူ၍ သုတ်လိုက်ရသည်။

အိန္ဒြေ သူ့ရှေ့ရောက်လာတော့ . . .

"ဆောရီး . . . နည်းနည်းနောက်ကျသွားတယ်"

"ရပါတယ်"

အိန္ဒြေက ထိုင်၍ အအေးတစ်ခွက်မှာသည်။ ပြီးတော့သူ့ကိုကြည့်ကာ . . .

"ကိုမိုးယံ ရောက်နေတာ ကြာပြီလား"

"ခုနလေးတင်မှ ရောက်တာပါ။ ကော်ဖီသောက်တုန်းရှိသေးတယ် အိန္ဒြေရောက်လာတာပဲ"

အိန္ဒြေက ပြုံးကာ . . .

"ဆိုင်ကီစွလေး နည်းနည်းရှုပ်နေလို့ နောက်ကျသွားတာပါ"

မိုးယံက ပြုံးလိုက်မိ၏။ အိန္ဒြေက ဆိုင်ကီစွဆို၍ လိမ်ပြောနေမှန်း သူသိနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အပြုံးက အပြုံးနဲ့မတူဘဲ မဲ့သလိုဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒြေက မိုးယံ ပြုံးတာကို မြင်သွားပြီး မျက်မှောင်ကြုတ်သွားတာ . . .

"ကိုမိုးယံက မယုံလို့လား"

ဟုမေး၏။ မိုးယံက ချက်ချင်းခေါင်းခါပြလိုက်ကာ . . .

"မဟုတ်ပါဘူး။ ကျွန်တော့်ဟာကျွန်တော် ပြုံးမိတာ"

ဆိုပြီး မရေမရာ ပြန်ဖြေလိုက်ရ၏။ ထို့နောက် အိန္ဒြေနဲ့ သူနဲ့ စကားတွေ ဆက်ပြောကြသည်။

"အိန္ဒြေ"

"ရှင်"

"အိန္ဒြေနဲ့ ကျွန်တော် မတွေ့တဲ့ရက်တွေမှာ ကျွန်တော် ဘယ်လိုဖြစ်နေလဲသိလား"

ပထမဆုံးခြေလှမ်းကို မိုးယံကပဲ စလှမ်း၏။ ဘောလုံးပွဲတစ်ခုမှာဆို စပေးဘောကို စတင်ကန်လိုက်တဲ့သဘော။

အိန္ဒြေက . . .

"ကိုမိုးယံ ပြောပြမှ သိမှာပေါ့"

ထိုစကားမှာ တစ်ဖက်သူ လာရာလမ်းကြောင်းကို ဖြောင့်ဖြူးအောင် လုပ်ပေးလိုက်တဲ့သဘောပင်။

မိုးယံကလည်း ခွင်ဝင်ပြီဆိုပြီး စကားကိုဆက်၏။

"သတိရနေတာဗျာ"

အမှန်တော့ လွမ်းနေတာပါဟု ပြောမလို့ဖြစ်၏။ သို့သော် နှုတ်ကမရဲသေး၍ သတိရနေတာဟု ထွက်သွားရ၏။

အိန္ဒြေက ရယ်သည်။ လှောင်ရယ်လိုက်တဲ့ပုံစံမျိုးမဟုတ်။ သဘောကျ၍ ရယ်လိုက်တဲ့ပုံစံမျိုး . . .။

"အိန္ဒြေ မယုံလို့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ်"

အသံလေးက ညင်သာဖွဖွရှိ၏။ ခေါင်းကိုလည်း ငုံ့ထားတာ သူမမျက်နှာကို ဆံပင်တွေကြားမှာ ဖုံးကွယ်ထားသည်။

"ကျွန်တော် အိန္ဒြေ့ကို ချစ်မိနေပြီဗျာ"

"ရှင်"

ရုတ်တရက်ကြီး ပြောချလိုက်သောကြောင့် သူမ တအံ့တဩနဲ့ မော့ကြည့်၏။ တကယ်လည်း မိုးယံဘက်က အဲဒီလို ပေါ်တင်ကြီး ပြောလာလိမ့်မည်ဟု ထင်မထား။ အကြောင်းတစ်ခုခုနှင့် စကားလမ်းကြောင်းပြီးမှ ကဗျာဆန်ဆန်လေး ဖွင့်ပြောလာလိမ့်မည်ဟု ထင်ထားမိသည်။ အခုတော့ ဘာမဆိုင် ညာမဆိုင် တုံးတိကြီး . . .။

မိုးယံ အခုမှ ရင်ထဲက အလုံးကြီးကျသွားသည်။ ရှေ့တန်းက တာဝန်ကျေစွာ ထမ်းဆောင်ခဲ့သော စစ်သားတစ်ယောက်လို ပျော်ရွှင်စွာ ရင်အေးသွား၏။

အိန္ဒြေက မိုးယံကိုကြည့်ကာ . . .

"ကိုမိုးယံ . . ကျွန်မကို ရည်းစားစကား ပြောလိုက်တာပေါ့ ဟုတ်လား"

ကျားကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လား လုပ်နေပြန်ပြီ။ မိုးယံက လေးလေးနက်နက်ကြည့်ကာ ခေါင်းညိတ်လိုက်ပြီး . . .

"ဟုတ်ပါတယ် . . . ကျွန်တော် အိန္ဒြေ့ကိုချစ်တယ်"

အိန္ဒြေ ခေါင်းငုံ့သွားသည်။ အမှန်တော့ မာယာသုံးပြီး ရှက်ဟန်ဆောင်လိုက်ခြင်းပင်။ သူမ စိတ်ထဲမှာတော့ မိုးယံက ချစ်တယ်ပြော၍ ခမ်းသာသွားခြင်းပါ။ သူမ ရည်ရွယ်ချက်တွေ ပထမအဆင့်တော့ အောင်မြင်ပြီဟု ရင်ထဲမှာ ကြုံးဝါးလိုက်သည်။

အခု တစ်ယောက်ပြီးပြီ။ နောက်တစ်ယောက်က ဒီယံတော့



www.burmeseclassic.com

www.burmeseclassic.com



ပြောလာဦးမယ်ဆိုတာ စောင့်ရဦးမည်။

ထို့နောက် ထုံးစံအတိုင်း စဉ်းစားပါရစေဦးဆိုတဲ့ အဖြေကိုပေး ကာ သူမ ပြန်ခဲ့တော့၏။

ပြန်ခါနီး မိုးယံက သူမကိုလှမ်း၍ . . .

"ကျွန်တော် သိပ်ကြာကြာကြီး မစောင့်ပါရစေနဲ့ဗျာ"

ဟု လှမ်းပြောတာ ကြားလိုက်ရသည်။ သူမ ခေါင်းညိတ်ပြလိုက် မိသည်ထင်သည်။

***

www.burmeseclassic.com

www.burmeseclassic.com



သိပ် ကြာကြာ မစောင့်လိုက်ရပါ။ ကိုဖြိုးက နောက်တစ်နေ့မှာ
င် သူမကို ဖွင့်ပြောလာပါတော့သည်။

ကိုဖြိုးက မိုးယံလိုမဟုတ်။ ကဗျာဆန်သည်။ အရင်ဆုံး ပန်းနု
ရောင်နှင်းဆီ နှစ်ဆယ့်နှစ်ပွင့်ကို လှပစွာ စည်းထားပြီး ထိုပန်းစည်းလေး
ကို သူ့အား အရင်ဆုံးပေး၏။ သူက ပန်းစည်းကြီးကို ကိုင်ပြီး ဘာလုပ်ဖို့
ဆယ့်နှစ်ပွင့်တောင် ပေးရတာလဲဟု မေးတော့ . . .

"မီးမီးရဲ့အသက် နှစ်ဆယ့်နှစ်နှစ်မှာ ကိုယ့်ဘက်က ပထမဆုံး
ပေးတဲ့လက်ဆောင်ပါ"ဟု ပြန်ပြောသည်။

သူမက . . .

"မွေးနေ့လည်း မဟုတ်ဘဲနဲ့"

"မွေးနေ့ရောက်မှ လက်ဆောင်ဆိုတဲ့အရာက ပေးရတာမှမ
ဟုတ်တာ။ အထိမ်းအမှတ်တစ်ခုအနေနဲ့ ကိုယ့်ဘာသာကိုယ်ပေးချင်
လည်း ရတာပဲ"

သူမက နားမလည်နိုင်စွာဖြင့် . . .

"အထိမ်းအမှတ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကိုဖြိုးက ခေါင်းညိတ်လိုက်ကာ . . .

"ဟုတ်တယ်"

"ဘာအထိမ်းအမှတ်လဲဟင်"

"မီးမီးကို ရင်ထဲက တကယ်ဖြစ်ပေါ်လာတဲ့ စကားလေးနှစ်ခွန်းကို ပြောမယ့် အထိမ်းအမှတ်"

ဒီလောက်ဆို သူမ သိလိုက်သည်။ သို့သော် မသိချင်ယောင်ဆောင်၍ ဆက်မေး၏။

"ဘာစကားပါလိမ့်"

"ချစ်တယ်ဆိုတဲ့ စကားပေါ့"

"အို"

တကယ် ရှက်သွားသလား၊ မရှက်ဘူးလားဆိုတာတော့ သူမ ဘာသာသိပေလိမ့်မည်။ သူမမျက်နှာမှာတော့ ကိုင်ထားသော နှင်းဆီပန်းနှင့်အပြိုင် ပန်းနုရောင်သန်းကာသွား၏။

"တကယ်ပြောတာပါ။ မီးမီးကို ကျွန်တော် မြင်မြင်ချင်း ရင်ခုန်သွားတယ်။ အဲဒီ့ရင်ခုန်သံကို ကိုယ့်ဘာသာကိုယ် ဆန်းစစ်ကြည့်လိုက်တော့ အချစ်ဆိုတာ သိလိုက်ရတယ်။ ကျွန်တော့်ဘက်က အချိန်ကာလတိုတိုလေးအတွင်းမှာ အဲဒီစကားမျိုး ပြောလိုက်လို့ အထင်သေးမသွားပါနဲ့နော်။ ကျွန်တော် မီးမီးကို တကယ်ချစ်တာပါ"

ပြောပြီးမှ ကိုယ့်စကားကိုယ် တော်တော်ကျေနပ်သွားမိ၏။ တာဝန်တစ်ခုလျော့သွားသလိုလည်း ခံစားလိုက်ရသည်။ မီးမီးကတော့ ထုံးစံအတိုင်း . . .။

"မီး စဉ်းစားရပါစေဦးနော်"

ကိုဖြိုးက ခေါင်းညိတ်လိုက်သည်။

"စဉ်းစားပါ . . . မိန်းကလေးဆိုတာ အချစ်နဲ့ ပတ်သက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ လက်လွှတ်စပယ် မပြောတတ်ကြဘူးလေ။ ကျွန်တော် နား လည်ပါတယ်"

ထို့နောက် သူတို့ စကားအနည်းငယ် ဆက်ပြောကာ လမ်းခွဲခဲ့ ကြသည်။ ပြန်ခါနီး ကိုဖြိုးက . . .

"ကျွန်တော် သိပ်ကြာကြာတော့ မစောင့်ပါရစေနဲ့ဗျာ"

ဟု လှမ်းပြောလိုက်၍ ရင်ထဲမှာတောင် ပြုံးလိုက်မိသေးသည်။

ဒီသူငယ်ချင်းနှစ်ယောက်က အချစ်နဲ့ ပတ်သက်ရင် လောဘ ကြီးတာချင်း အတူတူပဲဟု တွေးလိုက်မိ၍ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မှန်းထားခဲ့တဲ့အတိုင်း အချိန်တိုတိုအတွင်းမှာ ဖြစ်လာသည်ဟု သူမထင်မိသည်။ ရင်ထဲမှာ ပျော်နေသည်။ သူတို့နှစ်ယောက်ကို တစ်ပတ်လောက် စဉ်းစားချင်ယောင်ဆောင်ပြီးမှ တစ်နေရာတည်းမှာ ချိန်းလိုက်မည်ဟု စဉ်းစားထား၏။ အရှသာခံ၍ ဖြစ်ပေါ်လာမည့် နှစ်ယောက်စလုံးရဲ့ မျက်နှာပေါ်က ပုံစံတွေကို အရသာခံ၍ ကြည့်မည်။ ပြီးရင် နစ်နစ်နဲနဲ စကားလုံးတွေသုံးပြီး ရက်ရက်စက်စက်ပြောလွှတ်ဖို့ စဉ်းစားထား၏။

မိန်းကလေးများသည် အချစ်နဲ့ ပတ်သက်ရင် ကစားစရာမဟုတ်ဘူးဆိုတာ သိသွားစေချင်သည်။ နောင်တလည်း ရသွားစေချင်သည်။ မိန်းကလေးချောချောလှလှမြင်ရင် လက်တည့်စမ်းချင်သော အမူအကျင့်ကို ပျောက်သွားစေချင်၏။

အမှန်တော့ သူတို့ဘာသာ သူတို့နေရင် ကိုယ်နဲ့မဆိုင်၍ ဝင်ပါမည်မဟုတ်။ အခုတော့ ညီမလေး ကိုယ်တိုင် သူတို့ရဲ့ အချစ်ကစားပွဲထဲ ပါဝင်အသုံးတော်ခံခဲ့ရသည်။ ထိုကိစ္စနဲ့ ပတ်သက်၍ သူတို့အကြောင်းတွေ စုံစမ်းကြည့်တော့ ဒီတစ်ကြိမ်တည်းမဟုတ်ကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ် သူတို့အချစ်ကို ဆော့ကစားခဲ့ကြသည်။ ပြိုင်ဆိုင်စရာရှား၍ ကောင်မလေးတစ်ယောက်ကို ဘယ်သူအရင်ရမလဲ ပြိုင်ရတယ်လို့၊ နှမချင်း မစာမနာ လုပ်ရက်လေခြင်း။

ဇာခြည်ချိုသည် ထိုသို့ တွေးနေရင်းမှ ထိုနှစ်ယောက်နှင့် သွားလာပတ်သက်ခဲ့သော ရက်တွေကို ပြန်သတိရမိ၏။ နှစ်ယောက်စလုံး ပုံစံကြည့်ရတာတော့ မခုတ်တတ်တဲ့ ကြောင်တွေလို ပုံစံရှိ၏။ ခုနပြောတဲ့ အမူအကျင့်လေးကို ဖျောက်လိုက်လျှင် စိတ်သဘော ပြည့်ဝသော ယောကျ်ားကောင်းများ ဖြစ်လာနိုင်သည်။

တကယ်လို့ ထိုနှစ်ယောက်ကို ဒီကိစ္စနဲ့မပတ်သက်ဘဲ အပြင်မှာ တွေ့ခဲ့ရင် ဘယ်သူ့ကို စဉ်းစားမလဲဆိုတာကိုပါ အားအားလျားလျား ဆက်တွေးမိ၏။

နှစ်ယောက်စလုံးမှာ မိန်းကလေးတစ်ယောက်အနေနှင့် ငြင်းစရာမရှိ။ မိန်းကလေးဆိုတာကလည်း အခက်သားလား။ ငြင်းစရာမရှိတိုင်း အဖြေပေးနေရရင် သေဖွယ်ရာရှိ၏။ ထို့ကြောင့် ဆက်မတွေးတော့ဘဲ ခေါင်းထဲက ဖျောက်ထားလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လောကတွင် ကိုယ့်ကိုယ်ကိုယ် တစ်ဖက်သတ် အထင်ကြီးထားကြသူများအတွက် . . . .

ဟစ်တလာလည်း ကျဆုံးခဲ့သည်။

နပိုလီယံလည်း စစ်ရှုံးခဲ့၏။

ထို့ကြောင့် စစ်ပွဲတစ်ရာနဲ့တူသော အချစ်ပွဲတွင်

သူမရဲ့ကံကြမ္မာ ဘာဖြစ်လာဦးမည်နည်း။

ထိုကိစ္စကို ဘုရားသခင်မှလွဲ၍ ဘယ်သူမှ သိမြင်နိုင်လိမ့်မည်မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



# တစ်ပတ်ခန့်ကြာသော်....



www.burmeseclassic.com

www.burmeseclassic.com



ဧတွေး ကြည့်ရင်တော့ သူမရဲ့ ရည်ရွယ်ချက်က ရှုပ်လုံးပေါ်လာသည်ဟု နှစ်ယောက်စလုံး ထင်မိကြသည်။ အတိအကျ မသိနိုင်သေးသော်လည်း မကောင်းတာတစ်ခုခု ကြံစည်နေတာတော့ သေချာသည်။ အခုတော့ ပိုသိသာလာပြီ။

နှစ်ယောက်စလုံးကို တစ်နေရာတည်းမှာ ချိန်းလိုက်သည်။ ချိန်းသည့်နေရာကလည်း မြို့ပြင် ဟိုက်ဝေးလမ်းတစ်နေရာ။ သေချာပြီ။ နှစ်ယောက်စလုံး ထိပ်တိုက်တွေ့ပေးပြီး ကောင်းကောင်းကြီး အရှက်ကွဲခံရတော့မည်ဆိုတာ သိလိုက်ပြီ။

ကိုဖြိုးက . . .

"သူ့ဘက်က ဒီလိုလုပ်မှတော့ ငါတို့ဘက်က သိသိကြီးနဲ့ အလျှော့ပေးလို့ မရဘူးနော် မိုးယံ။ အရင်ဦးအောင် လုပ်မှရမယ်"

မိုးယံက ခေါင်းညိတ်ပြ၍

"ငါလည်း အဲဒီလိုပဲ တွေးထားတယ်။ ဒါပေမဲ့ ဘာကြောင့်လဲ ဆိုတာ မသိရတာခက်တယ်"

"ဒီကိစ္စကိုတော့ တွေးပူမနေနဲ့။ အဲဒီနေ့ကျ သူပြောလာမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါကျမှ မီးစင်ကြည့်ကတာပေါ့။ ဒါပေမဲ့ အရေးကြီးဆုံးက သူ့ရဲ့ လုပ်ဆောင်ချက်တွေကို ငါတို့ ကြိုသိနေတယ်ဆိုတာတော့ သူ သိသွားဖို့ လိုတယ်။ အဲဒါမှ ဒီပွဲမှာ ငါတို့နိုင်မှာ”

မိုးယံက ခေါင်းညိတ်သည်။ ထို့နောက် . . .

“ဒါဆို မနက်ဖြန် ကားထဲကို ပစ္စည်းတွေ တစ်ခါတည်း ထည့်ထားလိုက်မယ်။ သူနဲ့တွေ့ပြီးတာနဲ့ ရန်ကုန်ကို တန်းဆင်းရအောင်”

ကိုဖြိုးက . . .

“အဲဒီအစီအစဉ်ကောင်းတယ်။ ငါလည်း မန္တလေးမှာ တစ်မိနစ်တောင် ဆက်မနေချင်တော့ဘူး”

ထို့နောက် သူတို့နှစ်ယောက် ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်သွားကြသည်။

သူတို့ ငြိမ်သက်နေသော်လည်း နာရီလက်တံများက ဆက်လက်လှုပ်ရှားနေ၍ မနက်ဖြန်သည် ကျိန်းသေရောက်ရှိလာမှာဖြစ်သည်။

အရာရာ ကံကောင်းပါစေလို့သာ ဆုတောင်းမိပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မန္တလေး ဟိုက်ဝေးလမ်းမကြီးသည် ခါတိုင်းလိုပင် ခရီးသွားကားများနှင့် စည်ကားသိုက်မြိုက်စွာရှိနေသည်။ သို့သော် ကားပြတ်သွားသောအခါများမှာ ခုနသူမဟုတ်သလို ငြိမ်သက်လဲလျောင်းကာနေ၏။

အပူချိန်သည် နေ့လယ်ဘက်ဖြစ်၍ အညာရဲ့ ရုပ်လုံးကို ဖော်ကြူးသည့်အလား ခြောက်သွေ့ပူလောင်လှ၏။ သို့သော် ကွင်းပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေအေးတချို့ကြောင့် သက်သာရာရနေသည်။ လမ်းဘေးဝဲယာတစ်လျှောက် ရှိနေကြသော အရိပ်ရအပင်ကြီးများကြောင့်လည်း အေးမြမှုကို ရနေသည်။

ကြီးမားပြန့်ကားသော ကုက္ကိုပင်ကြီး တစ်ခုအောက်တွင် Mark II အမျိုးအစား ကားတစ်စီးရပ်ထားသည်။ ထိုကားဘေးတွင် ချောမောလှပသော ကောင်မလေးတစ်ယောက် ရပ်ကာနေသည်။ ခဏကြာတော့ ပါဂျဲရိုးအမျိုးအစား ကားတစ်စင်းက ထိုကားရှေ့မှာ ရပ်ကာသွားသည်။ ကားပေါ်မှ သန့်ပြန့်သပ်ရပ်သော အဝတ်အစားများဝတ်ထားသည့် လူငယ်နှစ်ယောက်ဆင်းလာတာတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူငယ်နှစ်ယောက် ဆင်းလာတာကိုကြည့်၍ ကောင်မလေးသည် အံ့ဩကာသွားသည်။ သူမ ထင်ထားတာက တစ်ယောက်ကားတစ်စီးစီနှင့် လာမယ်ဟု တွက်ထားမိသောကြောင့် ဖြစ်သည်။ အခုလို အတူတူ တွဲလာတော့ စိတ်ထဲမှာ တစ်မျိုးဖြစ်သွား၏။ သူတို့ အူမကို တစ်ယောက်တည်းဆိုတာ သိသွားလို့လား . . . ။

ထိုမေးခွန်းသည် လေသယ်ရာ လွင့်ပါသွားသော ဖုန်မှုန့်များလို အကောင်အထည် မပေါ်ခင် ပျောက်ကွယ်သွားရ၏။

သူမတွေးနေစဉ်မှာပင် နှစ်ယောက်စလုံး သူမနား ရောက်လာတာ ပြုံးရွှင်စွာနှင့် . . .

"မီးမီး ရောက်နေတာ ကြာပြီလား"

"အိန္ဒြေရောက်တော ကြာပြီလား"

နှစ်ယောက်လုံး ပြိုင်တူ ပြောလိုက်ခြင်းပါ။ ထို့နောက် ဘာကြောင့်မှန်းမသိဘဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရယ်ကြ၏။

ဇာခြည်ချို့ရင်ထဲ ထောင်းခနဲ ဒေါသဖြစ်သွားသည်။ ဒါဆို သေချာပြီ။ သူမ ရည်ရွယ်ချက်ကို သူတို့ ကြိုသိနေပြီ။

ဇာခြည်ချိုသည် တောက်တစ်ချက်ကို အပြင်းအထန် ခေါက်လိုက်ကာ . . .

"ရှင်တို့က လူယုတ်မာတွေ"

နှစ်ယောက်စလုံးက မျက်မှောင်လေး ကြုတ်သွား၍ . . .

"ဘာဖြစ်လို့လဲ"

ဇာခြည်ချို တစ်ဖက်သို့ မျက်နှာလှည့်လိုက်ရင်း . . .

"ရှင်တို့ လွန်ခဲ့တဲ့တစ်နှစ်က ကိစ္စကိုမှတ်မိမှာပေါ့"

စကားဆုံးတော့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြရင်း ....

"ဘာကိုဆိုလိုတာလဲ"

ဇာခြည်ချို တစ်ချက်ရယ်ကာ ...

"ဝေမာလွင်ဆိုတဲ့ ကောင်မလေးကို မှတ်မိတယ်ဆိုရင် ကိုယ့်အကြောင်းကိုယ် သိလိမ့်မယ်ထင်တယ်"

ကိုဖြိုးရော မိုးယံပါ မျက်နှာတစ်ချက် ပျက်သွားကြသည်။ ဘာမှတော့ ပြန်မပြော၍ မှတ်မိတယ်ဆိုတာ သေချာသည်။ ဇာခြည်ချိုကပင် ဆက်၍ပြော၏။

"အဲဒီ ဝေမာ့ကို ရှင်တို့နှစ်ယောက် ဂိမ်းတစ်ခုအနေနဲ့ ပြိုင်လိုက်ပြီး ကစားခဲ့ကြဖူးတယ်လေ။ ရှင်တို့ မရှက်ဘူးလား၊ ယောကျ်ားတွေဖြစ်ပြီးတော့ ဒီလောက်တောင် လောင်းကစားလုပ်စရာရှားလား"

နှစ်ယောက်စလုံး ဆွံ့အနေကြ၏။ မိုးယံက ...

"ဝေမာနဲ့ အိခြွေနဲ့က"

"ကျွန်မနာမည်က ဇာခြည်ချို၊ ဝေမာ့ရဲ့ ဝမ်းကွဲအစ်မပဲ"

"ဩော်"

အာမေဋိတ်အသံကို နှစ်ယောက်စလုံး ပြိုင်တူ ထွက်မိကြသည်။

"အဲဒါကြောင့် လက်စားပြန်ချေတာပေါ့။ ဟုတ်လား"

ကိုဖြိုးက မဲ့ပြုံးပြုံးရင်း ခပ်ရွဲ့ရွဲ့ ပြောလိုက်တော့ ဇာခြည်ချို မျက်နှာသည် ဒေါသထောင်းခနဲ ထွက်ကာသွား၏။

"ဒီမှာ ဇာခြည်ချို ခင်ဗျားမြဲမြဲ မှတ်ထားဖို့က လောကကြီးမှာ အကြောင်းတစ်ခုကို ဂယနဏ မသိဘဲ တစ်ဖက်သတ် မစွပ်စွဲရဘူး၊ ကျွန်တော်တို့ ဝေမာလွင်ကို ကြိုက်ခဲ့တာမှန်တယ်။ သူရော၊ ကျွန်တော်ရော နှစ်ယောက်စလုံးက တကယ်ကြိုက်ခဲ့တာ။ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက်က သူငယ်ချင်းတွေ ဖြစ်နေတော့ ဘယ်လိုလုပ်နိုင်မလဲ၊



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ သူငယ်ချင်းနှစ်ယောက်က မိန်းကလေးတစ်ယောက်ကို ပြိုင်တူကြိုက်ခွင့်မရှိဘူးလို့ သတ်မှတ်ချက်မရှိဘူး။ အဲဒီတော့ ကျွန်တော်တို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားခဲ့ကြတယ်။ ဒါပေမဲ့ တစ်ခုပဲ ကျွန်တော်တို့ လျှို့ဝှက်ထားတာရှိတယ်။ အဲဒါက ကျွန်တော်တို့နှစ်ယောက်ကို သူငယ်ချင်းလို့ သူမသိအောင် ဖုံးကွယ်ထားတာပဲ။ အဲဒါကလည်း အကြောင်းရှိတယ်။ ကျွန်တော်တို့နှစ်ယောက် သူငယ်ချင်းမှန်းသိနေရင် သူ ရွေးချယ်ရခက်မှာစိုးလို့ပဲ။ ကျွန်တော်တို့က သူ့ဆီက စစ်မှန်တဲ့အချစ်ကို မျှော်လင့်လို့ အဲဒီလိုလုပ်ခဲ့ရတာ"

ကိုဖြိုး စကားကို ခဏရပ်စဉ် မိုးယံက စကားကို ဆက်ပြောလိုက်သည်။

"နောက်တော့ ကျွန်တော်တို့နှစ်ယောက် သူငယ်ချင်းတွေဆိုတာ သူသိသွားချိန်မှာ သူ အထင်မှားသွားခဲ့တယ်။ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး လိုက်ရှင်းပြပေမဲ့ သူလက်မခံဘူး။ သူက သူ့ကို အရွက်ခွဲတယ်ဆိုပြီး နာကြည်းသွားတာကိုး"

မိုးယံစကားဆုံးတော့ ဇာခြည်ချိုကဝင်၍ . . .

"အခု ကျွန်မကို ရှင်တို့နှစ်ယောက် ဖွင့်ပြောခဲ့တာကရော"

အဲဒါကိုတော့ ပြန်ဖြေရခက်ခဲတဲ့ မေးခွန်းတစ်ခုဖြစ်သည်။ သူတို့နှစ်ယောက်သည် ဇာခြည်ချိုကို စိတ်ဝင်စားခဲ့ကြတာအမှန်။ သို့သော် ကြိုးစားရင်းတန်းလန်းကြီးမှ သူမအကြောင်း သိသွား၍ အစီအစဉ်တွေ ကမောက်ကမ ဖြစ်ခဲ့ရသည်။ ထို့နောက် ဇာခြည်ချိုကို ဖွင့်ပြောခဲ့သည်။ ထိုဖွင့်ပြောခဲ့သော စကားသည် တစ်ဝက်မှန်၍ ကျန်တစ်ဝက်က ရည်ရွယ်ချက်ကြောင့်ဖြစ်၏။

ထို့ကြောင့် ဘာပြန်ပြောရမှန်းမသိ။

ဇာခြည်ချိုက လှောင်ပြုံးတစ်ချက် ပြုံးလိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ပဲ ချစ် ချစ်တတ်နိုင်လွန်းတယ်နော် . . . ရှားတယ်"

သူတို့ ဘာမှ ပြန်မပြောဖြစ်။ ထို့နောက် မိုးယံက

"ဇာခြည်ချို့ကို ကျွန်တော်တို့ စိတ်ဝင်စားခဲ့တာလည်း အမှန်ပါ။ ဒါပေမဲ့"

ဆိုပြီး စကားကို ရပ်လိုက်သည်။ ပြီးမှ တံတွေးတစ်ချက်မျိုချကာ ဆက်၏။

"ဒါပေမဲ့ ဇာခြည်ချိုဆိုတာ သိသွားတော့ ကျွန်တော်တို့ ဘာ ရွယ်ချက်လဲဆိုတာ သိချင်တာနဲ့ ဖွင့်ပြောခဲ့တယ်။ အဲဒါ တစ်ဝက်က ရင်ထဲကလာတာ၊ နောက်တစ်ဝက်က အခြေအနေအရပါ"

ဇာခြည်ချို ဘာမှ ပြန်မပြော။ တစ်ခုခုကို တွေးနေသည်။ လေး လေးနက်နက် . . .။ ပြီးတော့ . . .

"ရှင်တို့နှစ်ယောက်က ဝေမော့ကိုလည်းကြိုက်တယ်၊ ကျွန်မကို လည်းချစ်တယ်။ မလွန်ဘူးလား"

ဒုက္ခတော့ရောက်ပြီ။ အဲဒအစရှာမရသလို ရှုပ်ထွေးနေပြီ။ ကြ ရင် ပိုရှုပ်လာနိုင်၍ စကားဖြတ်ရန် နှစ်ယောက်စလုံးတွေးလိုက်မိ

"အဲဒါတွေထားလိုက်ပါတော့ဗျာ။ မေ့လိုက်ပါတော့။ အရာ ဖြစ်ခဲ့တဲ့ကိစ္စအတွက် တွေးမနေပါနဲ့တော့။ မှားခဲ့တယ်ထင်ရင်လည်း ကျွန်တော်တို့ တောင်းပန်ပါတယ်"

မိုးယံက ပြောပြီး လှည့်ထွက်မလို့လုပ်သည်။ ကိုဖြိုးကလည်း ယောင်ချာချာနဲ့ မိုးယံနောက်ကိုလိုက်၏။

ဇာခြည်ချိုက . . .

"နေဦး"

နှစ်ယောက်စလုံး ပြိုင်တူ လှည့်ကြည့်မိ၏။ ဇာခြည်ချို ယ လို တင်းမာမနေတော့တာတော့ သေချာသည်။ သို့သော် မျက်ချင်စိ



www.burmeseclassic.com

www.burmeseclassic.com



အရိပ်အရောင်ကတော့ ရှိနေဆဲ။

"ရှင်တို့ ဝေမာ့ကို တကယ်စိတ်ဝင်စားခဲ့တယ်ဆိုတာ ဟုတ်လား"

နှစ်ယောက်စလုံး ခေါင်းညိတ်ပြ၏။-

"ဒါဆို ကျွန်မကိုရော"

မိန်းကလေးဆိုတာ ဒါပဲဖြစ်သည်။ ဝေမာ့ကို စိတ်ဝင်စားရင် သူ့ကိုလည်း စိတ်ဝင်စားစေချင်၏။

နှစ်ယောက်စလုံး ကြောင်တောင်တောင်ဖြစ်နေရာမှ ခေါင်းညိတ်လိုက်ကြ၏။

ဇာခြည်ချိုက ခေါင်းညိတ်ပြီး . . .

"ဒါဆို ရန်ကုန်ပြန်ရောက်ရင် ဝေမာ့ကို ရှင်းပြလိုက်မယ်။ ကျွန်မလည်း ရှင်တို့ဆီ ဖုန်းဆက်လိုက်မယ်။ ဒါပဲ"

ပြောပြီး ကားဆီသို့ လှည့်သွားလိုက်တော့၏။

*ကိုဖြိုးရော၊ မိုးယံပါ ရည်ရွယ်မထားပါဘဲနှင့်* ပြိုင်တူ မေးလိုက်ကြ၏။

"ဘာလုပ်ဖို့လဲဟင်"

ဇာခြည်ချိုက တစ်ချက်လှည့်ကြည့်ကာ

"ဝေမာရော ကျွန်မပါ ရှင်တို့ကို အဖြေပေးမလို့"

"ဗျာ"

နှစ်ယောက်စလုံး မျက်လုံးအပြူးသားလေးတွေနှင့် ကျန်ခဲ့ချိန်မှာ ဇာခြည်ချို၏ ကားသည် သူတို့နှင့် တဖြည်းဖြည်း ဝေးရာသို့ ရောက်ရှိသွားပါတော့သည်။

ဟိုက်ဝေးလမ်းမကြီးသည် ငြိမ်သက်တိတ်ဆိတ်နေဆဲပင် ဖြစ်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"မြောက်လခန့်ကြာသော်"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဝက် စာမေးပွဲတွေပြီး၍ ကျောင်းပိတ်ရက်ရှည် တစ်ခုမှာ ဖြစ်သည်။ ကိုဖြိုးရော မိုးယံပါ ပြင်ဦးလွင်သို့ အလည်ထွက်လာကြ၏။ သူတို့ ကျောက်ဆည်ဝင်ခါနီးတော့ လွန်ခဲ့တဲ့ ခြောက်လက ဇာခြည်ချို သူ့ဆီ ဖုန်းစဆက်တာကို ကိုဖြိုးက သတိရလိုက်သည်။ သို့သော် ဘာမှ မပြောဘဲ ရင်ထဲမှာပဲ သိမ်းထားလိုက်သည်။ မိုးယံကတော့ မန္တလေး နားနီးလေ ဇာခြည်ချို့ကို သတိရမိသည်။

ဟိုတစ်ခါ ဖုန်းဆက်ပြီး အဖြေပေးမယ်ပြောသွားကတည်းက သူတို့နှစ်ယောက်စလုံးကို ခြေရာဖျောက်သွားခဲ့၏။ ဇာခြည်ချိုပြောသွား တဲ့ပုံစံအရ သူမက သူတို့နှစ်ယောက်ထဲမှ တစ်ယောက်ကို အဖြေပေး မည်။ ဝေမာက ကျန်တစ်ယောက်ကို အဖြေပေးမည်ဆိုတဲ့သဘော . . .

ဘယ်သူက ဘယ်သူ့ကို ရွေးချယ်မှာလဲ။ ဇာခြည်ချို့က သူ့ကို ဖုန်းဆက်လာရင်ကော၊ ဒါမှမဟုတ် ဝေမာက သူ့ကို ဖုန်းဆက်လာရင် ကော။ နှစ်ယောက်စလုံး ဘယ်သူ့ကိုမဆို ချစ်မည်ဆိုတာကတော့ သဘာဝမကျသေး။ တော်တော်လက်ပေါက်ကပ်တဲ့ အနေအထားဖြစ် သည်။ ရင်ထဲမှာ အရင်တုန်းက ဝေမာ့ကိုချစ်ခဲ့သည်။ နောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဇာခြည်ချို့ကို ချစ်သည်။ အခုချိန် နှစ်ယောက်စလုံး ဘယ်သူ့ကို ပိုချစ်သလဲဟုမေးလျှင် မစဉ်းစားတတ်။

ကိုဖြိုးကို မေးတော့ သူလည်း ဒီအတိုင်းပဲဟုဆို၏။ ထို့ကြောင့် သူတို့ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် နှစ်ဦးသဘောတူ ချလိုက်တော့သည်။

နှစ်ယောက်စလုံးဆီက ပေးတဲ့အဖြေကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မယူတော့ခြင်းပင်။

ဒီလိုနဲ့ ကျောက်ဆည်မြို့ကိုဝင်တော့ ဖုန်းလိုင်းမိသွားသည်။ ဖုန်းလိုင်းမိမိခြင်း နှစ်ယောက်စလုံးရဲ့ ဟမ်းဖုန်းများမှ ဖုန်းသံမြည်လာတော့၏။

ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ သူတို့မသိ။

နှစ်ယောက်စလုံးပင် ပြိုင်တူ ကိုင်မိလိုက်စဉ် တစ်ဖက်က

"ဟယ်လို . . . ရေ"

BURMESE CLASSIC

နှစ်ယောက်စလုံး ရင်ထဲမှာ အေးခနဲဖြစ်သွားလေတော့သည်။ ထို့နောက် တစ်ယောက်မျက်နှာတစ်ယောက် မရည်ရွယ်ဘဲ ပြိုင်တူကြည့်မိလိုက်၏။

ထို့နောက် တယ်လီဖုန်းတွေကို ပြိုင်တူပိတ်ပစ်လိုက်ကြပါတော့သည်။

ပြင်ဦးလွင်သည် သူတို့ကို နွေးထွေးစွာ ကြိုဆိုနေမည်ဟု ထင်သည်။ အေးမြသော ရာသီဥတုနှင့် တောင်လှေကားမြို့လေးသည် စိတ်ကူးထဲမှာ တော်တော်လှပနေပြီ။

ကိုဖြိုးရော မိုးယံပါ သက်ပြင်းပြိုင်တူ ချမိပါတော့သည်။

ဖုန်းဆက်သော ကောင်မလေးနှစ်ယောက်သည် တစ်ယောက်က ... ဖြစ်၍ နောက်တစ်ယောက်မှာ ဇာခြည်ချိုဖြစ်သည်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျိန်းသေ၏။

ဘယ်သူက ဘယ်သူ့ဆီ ဖုန်းဆက်တယ်ဆိုတာကိုတော့ သူတို့ဆက်မတွေးတော့ပါ။

တွေးဖို့လည်း လိုအပ်မည်မထင်တော့ပါ။ အရာရာသည် အကြောင်းရှိလို့ အကျိုးဖြစ်လာရသည်။ နောင်ကို သူတို့ ဘယ်တော့မှ အချစ်ကို ဆော့ကစားခြင်းလုံးဝ မပြုလုပ်တော့ရန် ဆုံးဖြတ်ပြီးဖြစ်ပါတော့သည်။

မိုးဆက်လင်းထက်

BURMESE CLASSIC

www.burmeseclassic.com